
www.burmeseclassic.com



www.burmeseclassic.com


မင်းမြတ်သူရ

အရိပ်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

မင်းမြတ်သူရ

အရိပ်၊ မင်းမြတ်သူရ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂

၂၄၀-စ၊ ၅ × ၇

(၁) အရိပ်


BURMESE CLASSIC .com

# မင်းမြတ်သူရ

# အရိပ်


စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

သူဌေးဦးမြဝင်းဟာ ဇနီးဆုံးပါး သွားပြီးတဲ့နောက် ၁၀ နှစ် အရွယ် သမီးလေး ကြာဖြူနဲ့အတူ ကျန်ခဲ့တယ်။

ဇနီးဆုံးပြီးနောက် သုံးနှစ်ပြည့်တဲ့နှစ်မှာ သူဌေးဦးမြဝင်းဟာ ရှမင်းသောသမီးလေးကြာဖြူကို ခေါ်ပြီးသူ အိမ်ထောင်ပြုတော့မယ့်အကြောင်း ပြောလိုက်တယ်။

ဒီအခါမှာ စိတ်သဘောထားဖြူစင်တဲ့ ကြာဖြူလေးက ဖခင်ကြီး စိတ်ထိခိုက်မှာ စိုးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



"မေမေဆုံးတာလဲ ၃နှစ်ရှိပြီ၊ ဖေဖေတစ်ယောက်တည်း အထီးကျန်နေရတဲ့ရက်တွေလဲ မနည်းတော့ဘူး၊ ဖေဖေ အဆင်ပြေသလိုလုပ်ပါ၊ ဖေဖေ စိတ်ချမ်းသာရင် ပြီးတာပဲ"

လို့ လွယ်လွယ်ကူကူ ခွင့်ပြုခဲ့တယ်။

ပြီးတော့ ကြာဖြူက

"ဖေဖေနဲ့အိမ်ထောင်ပြုမယ့်သူကဘယ်သူလဲဟင်"

လို့ မေးလိုက်တယ်။

ဒီအခါမှာ သူဌေးဦးမြဝင်းက

"ဖေဖေရဲ့ ငယ်ငယ်တုန်းက ချစ်သူ စိန်မြကြည်ပါ၊ အခုတော့ စိန်မြကြည်တို့ မိသားစု ဆင်းရဲ နွမ်းပါးနေရှာတယ်၊ စိန်မြကြည်နဲ့ဖေဖေဟာ အရင်တုန်းကသိပ်ချစ်ကြတာလေ"

လို့ပြောတယ်။

ကြာဖြူဟာ ဖခင်ရဲ့စကားကြောင့် သေဆုံးသွားတဲ့ မိခင်ကိုသနား ကရုဏာသက်မိသွားတယ်။





ဒါပေမဲ့ စိတ်နှလုံးကောင်းတဲ့ ကြာဖြူဟာ ဖခင်ကြီး စိတ်ချမ်းသာအောင် လွယ်လွယ်ကူကူပဲ နောက်အိမ်ထောင်ပြုဖို့ ခွင့်ပြုလိုက်တယ်။

ဒီခွင့်ပြုချက်ဟာ နောင်တစ်ချိန်မှာ သူ့ဘဝ တလျှောက်လုံး ကံဆိုးမိုးမှောင်ကျမဲ့ ခွင့်ပြုချက်ဆိုတာ ကြိုတင်သိခဲ့ရင် သူ ဒီလိုခွင့်ပြုမိမှာ မဟုတ်ဘူး။

ရက်အနည်းငယ်အကြာမှာ သူဌေးဦးမြဝင်းဟာ ဒေါ်စိန်မြကြည်တို့ မိသားစုကို အိမ်ခေါ်လာတယ်။

ဦးမြဝင်းဟာ ဒေါ်စိန်မြကြည်ရဲ့ပခုံးကို ဖက်ပြီး

"အဖေ့ရဲ့ချစ်သူစိန်မြကြည်တဲ့၊ သမီးရဲ့အမေပေါ့"

လို့ပြောတယ်။

ဒေါ်စိန်မြကြည်က ကြာဖြူကို အပြုံးနဲ့တုံ့ပြန်နှုတ်ဆက်လိုက်တယ်။

နောက်ဦးမြဝင်းက ကြာဖြူနဲ့ ရွယ်တူကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ညွှန်ပြရင်း

"သူ့နံမည်က မြမြတဲ့ သမီးထက် ၃ လငယ်တယ်၊ သမီးရဲ့ညီမလေးပေါ့"

လို့ မိတ်ဆက်ပေးပြန်တယ်။

စိတ်သဘောဖြူစင်တဲ့ ကြာဖြူက မြမြကို ရင်းနှီးခင်မင်ဟန်နဲ့ ကြိုဆိုလိုက်တယ်။

မြမြကလည်းကြာဖြူကို အသိအမှတ်ပြုဟန်နဲ့ပြန်ကြည့်တယ်၊ သူဌေးဦးမြဝင်းက နောက်ဆုံးအနေနဲ့ ကြာဖြူထက် အသက်အနည်းငယ်ကြီးဟန်တူတဲ့ ကောင်လေးကို လက်ညှိုးညွှန်ပြပြီး

"သူ့နံမည်က မောင်မြင့်နိုင်လို့ ခေါ်တယ်၊ သမီးရဲ့ အစ်ကိုပေါ့၊ သူတို့ နှစ်ယောက်စလုံး သမီးနဲ့ တစ်ကျောင်းတည်းတက်ကြလိမ့်မယ်"

လို့ မိတ်ဆက်ပေးပြန်တယ်။





ကြာဖြူက မြင့်နိုင်ဆိုတဲ့ ကောင်လေးကို အပြုံးနဲ့ ကြိုဆိုလိုက်ပေမဲ့ မြင့်နိုင်ကတော့ ကြာဖြူကိုရှုတည်တည်နဲ့ ပြန်ကြည့်တယ်။

သူ့ကြည့်ရတာ တစ်စုံတစ်ရာကို မကျေနပ်နေသလိုပဲ၊ ဘာပဲဖြစ်ဖြစ် ကြာဖြူကတော့ သူတို့ကို ကိုယ့်ဆွေမျိုး အရင်းအချာတွေလိုပဲ သဘောထားခဲ့ပါတယ်။

ဒီလိုနဲ့ ကြာဖြူက မြမြကို အပေါ်ထပ်က သူတို့ နေရမဲ့ အခန်းကို ခေါ်သွားတယ်။

သူဌေးဦးမြဝင်းက ကြာဖြူနဲ့ မြမြကို တစ်ခန်းတည်း အတူနေဖို့ ပြင်ဆင်ထားတယ်။

မြမြအစ်ကို မြင့်နိုင်ကိုတော့ သူတို့ အခန်းနဲ့ ကပ်လျက်က စတိုခန်းကိုပဲ အိပ်ခန်းလုပ်ထားတယ်။

မြမြဟာ သူနေရမဲ့ အိပ်ခန်းကို မြင်တော့ ဝမ်းသာအားရ ပြေးဝင်သွားပြီး

www.burmeseclassic.com



"အိပ်ခန်းက ကောင်းလိုက်တာ ခုတင်ကြီးကလဲ အိနေတာပဲ"

လို့ဆိုပြီး ခုတင်ပေါ်ကို ခုန်တက်လိုက်တယ်။

ကြာဖြူက ကျေနပ်ဝမ်းမြောက်နေဟန်ရှိတဲ့ မြမြကို ကြည့်ပြီးပီတိဖြစ်နေမိတယ်။

ကြာဖြူက ခဏကြာတော့ ခုတင်ပေါ်မှာပက်လက်ကြီး လှန်နေတဲ့မြမြကိုကြည့်ရင်း

"မြမြ အဝတ်အစားတွေ လဲလိုက်ဦးလေ"

လို့ဆိုပြီး သူ့ရဲ့ အဝတ်ဗီရိုကို ဖွင့်လိုက်တော့ မြမြဟာ ကြာဖြူ ဗီရိုထဲက အဖိုးတန် အဝတ်အထည်တွေကို လိုချင်တပ်မက်စိတ်နဲ့ ကြည့်ပြီးအနီးကို ရောက်လာတယ်။

ကြာဖြူကမြမြကို အပြုံးနဲ့ ကြိုဆိုရင်း

"မြမြ ကြိုက်တာ ယူဝတ်လေ"

လို့ခွင့်ပေးလိုက်တော့ မြမြဟာ ဗီရိုထဲက အဝတ်တွေ





ကို မျက်လုံး ကျွတ်မတတ် ကြည့်ပြီး ပွဲနေ့ပွဲထိုင်သွားမှ ဝတ်ရတဲ့ ပိုးဖဲကတီပါ အဝတ်တွေကို ယူဝတ်ဖို့ ကြိုးစားတယ်။

ကြာဖြူက မြမြ ရွေးချယ်လိုက်တဲ့ အဝတ်ကို ကြည့်ပြီး ခေါင်းခါယမ်းကာ

"ဒီအဝတ်တွေက ပွဲလမ်းသဘင် သွားမှဝတ်ရတာ မြမြရဲ့၊ အိမ်နေရင်းဆို ပဒ္မမှာ ပိတ်ပါးလေးတွေပဲ ကောင်းပါတယ်"

လို့တားမြစ်လိုက်တော့ မြမြမျက်နှာ ရှုံ့မဲ့သွားပြီး

"ကျွန်မကို ဝတ်ကောင်းစားလှတွေပေး မဝတ်ချင်လို့ မဟုတ်လား"

လို့ မကျေနပ်ဟန်နဲ့ ဆိုလိုက်တယ်။

ဒီအခါမှာ ကြာဖြူက လက်ကာပြပြီး

"မဟုတ်ပါဘူး မြမြရယ်။ ဒီအိမ်မှာနေတဲ့ အချိန်က



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စပြီး ကြာဖြူအဝတ်တွေကို မြမြနဲ့နှစ်ယောက်အတူ ဝတ်ကြမှာပါ”

လို့ဆိုလိုက်တော့ မြမြဟာ ကြာဖြူရဲ့ အဖိုးတန် အဝတ်အထည်တွေကို လိုချင်တပ်မက်စိတ်နဲ့ကြည့်ပြီး

“အမလေး..ပျော်စရာ ကောင်းလိုက်တာ”

လို့ ဝမ်းသာအားရ အော်ဟစ်လိုက်တယ်။

ကြာဖြူကတော့ မြမြ ပျော်ရွှင်နေတာကို ကြည့်ပြီး ကြည်နူးနေမိတယ်။

ဘာပဲ ဖြစ်ဖြစ် ဒီနေ့ကစပြီး ငါ့မှာအစ်ကိုနဲ့ညီမ အစားရတာပဲ။

သူတို့နဲ့ ချစ်ချစ်ခင်ခင်နေရမယ်လို့ဆုံးဖြတ်လိုက်တယ်။

ညစာ စားချိန်မှာလဲ မြမြတို့မောင်နှမဟာ ထမင်းဝိုင်းမှာ အမှားအယွင်းတွေ ကျူးလွန်မိကြတယ်။

မြမြဟာ ခက်ရင်းနဲ့ ဇွန်းကို မကိုင်တတ်လို့ ကြက်





ပေါင်ကြီးကို ခက်ရင်းနဲ့ ထိုးကော်လိုက်တာ ကြက်ပေါင်ဟာ ပန်းကန်ထဲက ကျော်ပြီး ဦးမြဝင်းရဲ့ ပေါင်ပေါ်ကို ဖုတ်ခနဲ ပြုတ်ကျတယ်။

မြင့်နိုင်ကတော့ ထမင်းကို လက်နဲ့ စားပေမဲ့ လက်မှာ ပေနေတဲ့ ဟင်းကျန်တွေကို ဖြူဆွတ်နေတဲ့ စားပွဲခင်းနဲ့ သုတ်လိုက်လို့ စားပွဲခင်းမှာ လက်ငါးချောင်းရာကြီး ထင်သွားခဲ့တယ်။

သူတို့မောင်နှမရဲ့ စားသောက်ပုံတွေဟာ ဣန္ဒြေသိက္ခာမရှိတဲ့အတွက် ဒေါ်စိန်မြကြည်အတွက် အရှက်ရစရာ ဖြစ်ခဲ့တယ်။

ဘာပဲဖြစ်ဖြစ် ကြာဖြူတို့ သ ခဖကတော့ သူတို့ သားအမိကို ဗွေမယူဘဲ နားလည်ခွင့်လွှတ် ပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ သူတို့မောင်နှမကို သူဌေးဦးမြဝင်း ကိုယ်တိုင် ကျောင်းလိုက်အပ်ပေးတယ်။

ကြာဖြူနဲ့မြမြဟာ အသက်တူဖြစ်တဲ့အတွက် တစ်တန်းတည်း တူတူတက်ရတယ်။

မြင့်ခိုင်ကတော့ ကြာဖြူတို့ထက် တစ်နှစ်ကြီးတဲ့ အတွက် အတန်းချင်းမတူဘူး။

နောက်တစ်နေ့နံနက်မှာတော့ ကြာဖြူနဲ့ မြမြဟာ ကျောင်းတက်ဖို့အိမ်ကထွက်ခဲ့ကြတယ်။

လမ်းတစ်ဝက်ရောက်တော့ မြမြက





"တို့က ညီအစ်မ အရင်းတွေလဲ မဟုတ်ဘူး။ ဒါကြောင့် တစ်အိမ်တည်းနေတာကို ကျောင်းကလူတွေ မသိအောင် လျှို့ဝှက်ထားရမယ်၊ ကျောင်းဆင်းရင်လဲ ကိုယ့်ဘာသာပြန်မယ်"

လို့ပြောလိုက်တယ်။

ကြာဖြူဟာ မြမြ သဘောထားကို မနှစ်သက်ပေမဲ့ သူမ အလိုကျခေါင်းညိတ်ပြလိုက်တယ်။

နေ့လယ်မုန့်စားဆင်းချိန်ရောက်တော့ မြမြဟာ အတန်းဖော်သူငယ်ချင်းတွေကို မုန့်ဝယ်ကျွေးရင်း သူ့ကိုယ်သူ သူဌေးသမီးဆိုပြီး ကျောင်းသူတွေကြားမှာ မရှက်မကြောက် ကြွားဝါနေတာမြင်ရတယ်။

ကျောင်းဆင်းချိန်ရောက်တော့ မြမြဟာ ကြာဖြူနဲ့အတူ မပြန်ဘဲ သူရဲ့သူငယ်ချင်း အသစ်တွေနဲ့ ပြန်သွားလို့ ကြာဖြူ တစ်ယောက်တည်း အထီးကျန်ကျန်ရစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ကျောင်းဝန်းရှေ့ကို ရောက်တော့ အော်စတင် ကားလေးတစ်စီး ကြို့ရောက်နေတာ မြင်လိုက်လို့ပျော်ရွှင် ချမ်းမြေ့သွားပြီး

"ကိုကိုသိုက် လာကြို့တယ်"

လို့ရေရွတ်လိုက်တယ်။

ကိုကိုသိုက် ဆိုတာ သူတို့မြို့ပေါ်မှာ အချမ်းသာဆုံး သူဌေးကြီး ဦးအုန်းခင်ရဲ့ တစ်ဦးတည်း သောသား ဖြစ်တယ်။

သူဌေးကြီး ဦးအုန်းခင်ဟာ ကြာဖြူအဖေ သူဌေး ဦးမြဝင်းနဲ့ ရင်းနှီးခင်မင်တဲ့ မိတ်ဆွေလည်းဖြစ်တယ်။

ကိုကိုသိုက်ဟာ ကားပေါ်က ဆင်းပြီး ကြာဖြူကို ဝမ်းသာအားရကြို့ဆိုနေတယ်။

ကြာဖြူ ကားအနီးကို ရောက်တော့ ကိုကိုသိုက်က လက်ချင်းတွဲပြီး ကားပေါ်ကို ခေါ်လိုက်တယ်။

ဒီမြင်ကွင်းကို မနီးမဝေးက သစ်ပင်အောက်မှာရှိနေတဲ့





မြမြ မြင်တွေ့သွားပြီး အနီးက ကျောင်းသူကို

"သူက ဘယ်သူလဲဟင်"

လို့ မနာလိုဟန်နဲ့ မေးမြန်းလိုက်တယ်။

ဒီအခါမှာ ကျောင်းသူက

"သူ့ကို မြမြမသိဘူးလား၊ သူက မြို့ပေါ်က အချမ်းသာဆုံး သူဌေးကြီးဦးအုန်းခင်ရဲ့တစ်ဦးတည်းသောသား ကိုကိုသိုက်လေ၊ ကိုကိုသိုက်ကရန်ကုန်မြို့မှာ ကျောင်းတက် နေတယ်၊ တစ်ကျောင်းလုံးကတော့ ကိုကိုသိုက်နဲ့ကြာဖြူ ချစ်သူတွေ ဖြစ်နေတယ်လို့ ပြောနေကြတယ်၊ ကြာဖြူက မြမြကို ကိုကိုသိုက် အကြောင်းပြောမပြဘူးလား"

လို့မေးတော့ မြမြက ခေါင်းခါယမ်းလိုက်ပြီး ရင်ထဲမှာ မနာလိုဝန်တို စိတ်တွေဖြစ်ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ကြာဖြူဟာ ကိုကိုသိုက်ရဲ့ ကားပေါ်မှာ လိုက်ရင်း သူနဲ့ကိုကိုသိုက်ရဲ့ဘဝနောက်ကြောင်းတွေကို ပြန်လည်တွေးတောနေမိတယ်။

ကြာဖြူ ငယ်စဉ်ကတည်းက ကိုကိုသိုက်နဲ့ ကစားဖော် ဖြစ်ခဲ့ကြတယ်။

နှစ်ဖက် မိဘတွေကလဲ ရင်းနှီးခင်မင်ခဲ့ကြလို့ ကိုကိုသိုက်နဲ့ ကြာဖြူဟာ နှစ်အိမ်တစ်အိမ် ဖြစ်ခဲ့ကြတယ်။

ကိုကိုသိုက်က စန္ဒရားတီး သိပ်ကောင်းတယ်၊





ကြာဖြူ အလွန်နှစ်သက်တဲ့ စက္ကူအရုပ်လေးတွေလဲချိုး တတ်တယ်။

ဒါအပြင် သူတို့နှစ်ယောက်ဟာ ဘဝတူတွေဖြစ်လို့ တစ်ယောက်နဲ့ တစ်ယောက်နှစ်သိမ့်တတ်ကြတယ်။

ကိုကိုသိုက် အဖေ စက်လှေမှောက်ပြီး ဆုံးတဲ့ အချိန် တုန်းက ပူဆွေးဝမ်းနည်းနေတဲ့ ကိုကိုသိုက် နံဘေးမှာ ကြာဖြူရှိနေခဲ့တယ်။

ကြာဖြူရဲ့ မေမေ နှလုံးရောဂါနဲ့ ဆုံးပါးသွားတော့ လည်း ကြာဖြူကို ကိုကိုသိုက်က နှစ်သိမ့်ပေးခဲ့တယ်။

ဒါကြောင့် လောကမှာ ကြာဖြူ အချစ်ဆုံး ယောကျာ်း နှစ်ယောက်ဟာ ဖေဖေနဲ့ ကိုကိုသိုက်တို့ပါပဲ။

ကြာဖြူတစ်ယောက် အတိတ်က အကြောင်းတွေကို ပြန်တွေးပြီးငြိမ်သက်နေချိန်မှာ ကိုကိုသိုက်က ကြာဖြူပခုံးကို ဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူလေး....ဘာတွေ တွေးနေတာလဲ၊ တစ်ချိန်လုံး တိတ်ဆိတ်နေတာပဲ"

လို့ဆိုတော့မှ ကြာဖြူ စိတ်တွေ အတိတ်က ပြန်ရောက်လာပြီး

"ငယ်ငယ်တုန်းက ကြာဖြူကို ကိုကိုသိုက် အနိုင်ကျင့်တာတွေပြန်တွေးနေလို့ပါ"

လို့ဆိုတော့ ကိုကိုသိုက်က

"ဒီကောင်မလေးဟာ ကိုယ့်အစ်ကိုကို ဘယ်တော့မှ အကောင်းမမြင်ဘူး၊ ဒီကတော့ကိုယ့်ညီမ ဆွေမျိုးတွေနဲ့ အဆင်ပြေရဲ့လားလို့ တကူးတက လာမေးရတယ်"

လို့ပြောတယ်။

ကိုကိုသိုက်က ကြာဖြူနဲ့ မြမြတို့ သားအမိ အဆင်ပြေမှပြေပါ့မလားလို့ စိုးရိမ်နေပုံရတယ်။

ကြာဖြူက ပြုံးလိုက်ပြီး





"အဆင်ပြေပါတယ် ကိုကိုသိုက်ရယ်.. ဖေဖေ စိတ်ချမ်းသာရင် ကြာဖြူ ကျေနပ်ရမှာပေါ့၊ အမေဆုံးပြီးနောက်ပိုင်း အဖေ ဟက်ဟက်ပက်ပက် ရယ်မောတာ ဒီအချိန်မှ ပြန်မြင်ရတယ်၊ ဒီအတွက် ဘာမဆို ကြာဖြူ သည်းခံနိုင်ပါတယ်"

လို့ပြောတော့ ကိုကိုသိုက်က လက်သီးဆုပ်ပြီး

"ကြာဖြူကို သူတို့ သားအမိ အနိုင်ကျင့်ရင် ခေါင်းငုံ့မခံနဲ့ ကိုကိုသိုက်ကို ပြောနော် "

လို့ပြောတယ်။

ကိုကိုသိုက်ရဲ့ စကားကြောင့် ကြာဖြူ ရင်ထဲမှာ အားအင်တွေ ပြည့်ဖြိုးလာသလို ခံစားရတယ်။

ကိုကိုသိုက်သာ အနားမှာရှိရင် ဘယ်လို အန္တရာယ်မျိုးမဆို ရင်ဆိုင်ဝံ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြမြတို့ သားအမိ ကြာဖြူတို့ အိမ်ကိုရောက်ပြီး လ အနည်းငယ်အတွင်းမှာ သူတို့သားအမိရဲ့မကောင်းတဲ့ ဗီဇတွေ တဖြည်းဖြည်းပေါ်လာခဲ့တယ်။

မြမြဟာ အနိုင်ယူချင်စိတ် သိပ်များပြီး နေရာတကာမှာ ကြာဖြူကို လိုက်ပြီး ယှဉ်ပြိုင်နေတာတွေ့ရတယ်။





ဒီလိုယှဉ်ပြိုင်နေတာကို မိထွေးဖြစ်သူ ဒေါ်စိန်မြကြည်ကလည်း မတားဆီးတဲ့အပြင် အနောက်က သွေးထိုးပေးနေတာတွေ့ရတယ်။

ကြာဖြူဟာ ဒီအကြောင်းတွေကို ဖခင်သိအောင် အသိပေးချင်ပေမဲ့ ဖေဖေသိပ်ပျော်နေသလားလို့ မေးတိုင်း

"ပျော်တာပေါ့ သမီးရယ်.....၊ ဒီလို သားတွေ သမီးတွေ စုံစုံလင်လင်နဲ့ နေရတဲ့ဘဝမှာ ဖေဖေ မပျော်ဘဲ ဘယ်ရှိပါ့မလဲ"

လို့ပြန်ဖြေတတ်တဲ့ အဖေ့စကားကို ကြားတိုင်း မိထွေးသားအမိအကြောင်းကို ကြာဖြူ ဖွင့်မပြောရက်ဖြစ်ရတယ်။

ဒီနေရာမှာ ပြောစရာ ရှိတာက မြမြအစ်ကို မြင့်ခိုင်ပဲ။

မြင့်ခိုင်ဟာ ဘယ်သူနဲ့မှ မရောဘဲ သူတစ်ကိုယ်တည်း အထီးကျန်နေတတ်တယ်။

မြင့်ခိုင်ကို ကြည့်ရင် သူ့ရင်ထဲမှာ နာကြည်းမှု တစ်ခုရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသလိုပဲ။

မြမြတို့ သားအမိကလဲ သူ့ကို ဂရုမစိုက်လို့ အိမ်မှာ သူဘာသာသူ သီးခြားနေတာများတယ်။

ဒါကြောင့် မြင့်ခိုင်ကတော့ ကြာဖြူအတွက် အနှောက်အယှက် ဖြစ်မလာပါဘူး။

ကြာဖြူဟာ တစ်ခါတစ်ရံ မြင့်ခိုင်ကို သနားလို့ စကားစ ကြည့်သေးတယ်။

ဒါပေမဲ့ မြင့်ခိုင်က ကြာဖြူကိုလဲ အေးတိ အေးစက်ပဲ ဆက်ဆံတတ်တယ်။

သူဘာတွေ ဝမ်းနည်းနေသလဲ မသိဘူး၊ ကြာဖြူ သူ့အတွက်စိတ်မကောင်းပါဘူး။





တစ်နေ့မှာ ကြာဖြူ မွေးနေ့အမှတ်တရအဖြစ် ကိုကိုလိုက်က မွေးနေ့လက်ဆောင် ဂါဝန်ဖြူလေးတစ်ထည် လက်ဆောင် လာပေးတယ်။

ဒီဂါဝန်လေးကို ကြာဖြူ နှစ်သက်လွန်းလို့ ဝတ်တောင် မဝတ်ရက်ဘဲ ဗီရိုအောက်ဆုံးက အံဆွဲထဲမှာ သိမ်းထား ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်လေးထည့်ထားတဲ့ စက္ကူပုံးရဲ့အပေါ်မှာ ကြာဖြူ မွေးနေ့အမှတ်တရဆိုပြီး ကိုကိုသိုက်နံမည် ထိုးထားတာ လည်းပါတယ်။

တစ်နေ့မှာ ကြာဖြူ ကျောင်းကိုရောက်တော့ မိန်းကလေး သူငယ်ချင်းတွေရဲ့အလယ်မှာ ဂါဝန်အသစ်လေး ဝတ်ပြီးကြွားဝါနေတဲ့ မြမြကိုမြင်တော့ ကြာဖြူမျက်လုံးတွေ ပြာဝေသွားတယ်။

ကိုကိုသိုက်မွေးနေ့လက်ဆောင်ဂါဝန်လေးကို လူလယ်ခေါင်မှာ ထုတ်ဝတ်ထားတယ်။

ပြီးတော့

"ဒါငါ့အမေ ဝယ်ပေးတဲ့မွေးနေ့လက်ဆောင်လေ.."

လို့ကြွားဝါတော့ မိန်းကလေးသူငယ်ချင်းတွေက မြမြကို အထင်ကြီးဟန်နဲ့ကြည့်ပြီး

"ဂါဝန်က သိပ်တန်ဘိုးကြီးမှာပဲနော်"





လို့ ပြောကြတယ်။

ဒီအခါမှာ မြမြက ရင်ကို ကော့လို့

"တန်ဖိုးကြီးတာပေါ့ဟယ်၊ ရန်ကုန်က ရိုးတိုက်မှာပဲ ဝယ်လို့ရတဲ့ ဂါဝန်ပဲ"

လို့ပြောနေတယ်။

ကြာဖြူဟာ တစ်နေ့လုံး ရင်ထဲမှာတနုံ့နုံ့ခံစားရတယ်။

အိမ်ကိုရောက်တော့ အိပ်ခန်းထဲမှာ သူတို့ နှစ်ယောက် ပေါက်ကွဲကြတယ်။

ကြာဖြူက

"ဒီဂါဝန်ကို နင်ဘာလို့ ယူဝတ်တာလဲ"

လို့ဒေါသတကြီးမေးတော့ မြမြက

"ဒီဗီရိုထဲက အဝတ်တွေကို ငါတို့ နှစ်ယောက်စလုံး ဝတ်ခွင့်ရှိတယ်လို့ နင်ပြောခဲ့တာပဲ၊ ငါ ဝတ်တာ အပြစ်လား"

လို့မသိနားမလည်ဟန်နဲ့ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာကြာဖြူက

" ဗီရိုထဲက အဝတ်တွေကို နင်ဝတ်ခွင့် ရှိတယ် ဆိုတာ မှန်တယ်၊ ဒါပေမဲ့ ဒီအဝတ်က ဗီရိုထဲက အဝတ် မဟုတ်ဘူး၊ နောက်ပြီးတော့ စက္ကူပုံးမှာ ကိုကိုသိုက်ပေးထားတဲ့ မွေးနေ့ လက်ဆောင်ဆိုပြီး ရေးထားတယ်၊ နင် ဝတ်သင့်လား၊ မဝတ်သင့်ဘူးလား စဉ်းစားကြည့်ပါ"

လို့ဆိုလိုက်တော့ မြမြက အံကို ကြိတ်ပြီး

"ဪ..ငါ့အတွက် ဒီအိမ်မှာ ဝတ်သင့်တဲ့ အဝတ်နဲ့ မဝတ်သင့်တဲ့ အဝတ်ဆိုပြီး ခွဲခြားထားတယ်ပေါ့၊ ငါက သားသမီးချင်း အတူတူ ဒီအိမ်မှာ နင်ဝတ်ပြီးသား အဟောင်းတွေကိုပဲ ဝတ်ရမယ်ပေါ့၊ အဝတ်သစ် အစားသစ်ဆိုတာငါနဲ့ မဆိုင်ဘူးပေါ့၊ ငါတို့သားအမိကို ဆင်းရဲသား နင်းပြားတွေ ဆိုပြီးလူတန်းစားခွဲခြားတယ်ပေါ့၊ အခုတော့ နင့်ရဲ့ ဟန် ဆောင် မျက်နှာဖုံးကျွတ်ကျသွားပြီပေါ့၊ နေရာတကာမှာ





သဘော ကောင်းချင်ဟန်ဆောင်နေတဲ့ နင့်ရဲ့စရိုက်ကို မကြိုက်လို့ ငါတမင်ယူဝတ်ကြည့်တာသိရဲ့လား"

ဆိုပြီး ကြာဖြူ အင်မတန် မြတ်နိုးတဲ့ ဂါဝန်လေးကို ကတ်ကြေးနဲ့တစ်ချက်ပြီးတစ်ချက် ဖြတ်ပစ်လိုက်တယ်။

ကြာဖြူဟာ ဂါဝန်လေးကိုကြည့်ပြီး သူ့ရဲ့ရင်တွေ အသည်းတွေ ခွဲခံရတယ်လို့ ခံစားရပြီး မြမြနဲ့ လုံးထွေးသတ်ပုတ်မိတယ်။

နောက်တော့ မိထွေး ရောက်လာပြီး ဒီအဖြစ်အပျက်မှာ သူ့သမီး လွန်တယ်ဆိုတာသိလို့ ကြာဖြူအတွက် ဂါဝန်တစ်ထည် ပြန်ဝယ်ပေးပါမယ်လို့ ပြောတယ်။

ဒါပေမဲ့ ဘယ်လို ဂါဝန်ပဲ ဝယ်ဝယ် ကိုကိုသိုက်ရဲ့ လက်ဆောင်မဖြစ်နိုင်တော့ပါဘူး...။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ မိထွေးသားအမိ နှစ်ယောက်ရဲ့ယှဉ်ပြိုင်မှုကပိုပြီးပြင်းထန်လာခဲ့တယ်။

ကြာဖြူနဲ့မြို့မျက်နှာဖုံးရဲ့သား ကိုကိုသက် ရင်းနှီးတာလည်း မနာလိုဘူး။

ကျောင်းမှာ ကြာဖြူ ပထမရပြီး မြမြက ဒုတိယ ရတာလည်း မကျေနပ်ကြဘူး။

နောက်ပိုင်းတော့ မိထွေးဖြစ်သူဟာ စာမေးပွဲနီးလို့





ကြာဖြူ စာကျက်တာ မြင်တာနဲ့ အိမ်အလုပ်တွေကို အကြောင်းမရှိ အကြောင်းရှာပြီး ခိုင်းတော့တာပဲ။

ကြာဖြူဟာ မိထွေး သားအမိရဲ့ယုတ်မာပုံတွေကို ဖခင်ကို အသိပေးချင်ပေမဲ့ ‘ပျော်ရွှင်နေတဲ့ဖခင်ရဲ့ အိပ်မက်လေးပျက်သွားမှာစိုးလို့ အောင့်အည်းသည်းခံပြီးနေခဲ့ပါတယ်။

တစ်နေ့တော့ ကိုကိုသိုက်ဟာ ကြာဖြူကို ကျောင်းရှေ့အထိလိုက်ပို့ပေးရင်း လမ်းခွဲကာနီးမှာ ကိုကိုသိုက်က

“ကြာဖြူရေ..... ထီးတော်တင်ပွဲနေ့မှာ ဆင်အကကြည့်မယ်နော်....မမေ့နဲ့ဦး”

လို့ အော်ဟစ်ပြီး ကားပေါ် ပြန်တက်သွားတယ်။

သူတို့ စကားကို သစ်ပင်ရိပ်မှာ ထိုင်နေကြတဲ့မြမြတို့ သူငယ်ချင်းတွေ ကြားသွားပြီး

“ကိုကိုသိုက်နဲ့ ကြာဖြူ ထီးတော်တင်ပွဲမှာ ဆင်အကကြည့်မယ်ဆိုပါလား၊ ငါတို့လည်း ကြည့်ချင်လိုက်တာဟယ်၊



www.burmeseclassic.com

www.burmeseclassic.com



လာမဲ့ စနေနေ့ဆိုရင် မြို့ဦးစေတီ ထီးတော်တင်ပွဲရှိတယ်လေ''

လို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတယ်။

ကြာဖြူနဲ့ ပတ်သက်ပြီး ရင်ထဲမှာ အမြဲဝန်တိုနေတဲ့ မြမြကတော့ မနာလို စိတ်တွေ ပိုတိုးလို့သွားတယ်။

မြို့ဦးစေတီရဲ့ထီးတော်တင်ပွဲနေ့ကို ရောက်တော့ မြမြဟာ ဝန်တိုစိတ်တွေနဲ့ မျက်နှာတစ်ခုလုံး သုန်မှုန်နေတယ်၊ မြမြရဲ့မျက်နှာရိပ်ကို ကြည့်ပြီး ဒေါ်စိန်မြကြည်က

''နင်ဘာဖြစ်နေတာလဲ''

လို့မေးလိုက်တယ်။

ဒီအခါမှာ မြမြက

''ဒီနေ့ မြို့ဦးစေတီ ထီးတော်တင်ပွဲ ရှိတယ် အမေ၊ ထီးတော်တင်ပွဲမှာ ဆင်အကကြည့်ဖို့ ကိုကိုသိုက်နဲ့ ကြာဖြူ ချိန်းထားကြတယ်''





လို့ပြောတယ်။

ဒေါ်စိန်မြကြည်ဟာ သမီးဖြစ်သူရဲ့ ဝန်တိုစိတ်ကို ရိပ်စားမိသွားပြီး

''ကိုကိုသိုက်တို့ မိသားစုဟာ မြို့ပေါ်မှာ အချမ်းသာဆုံးပဲ၊ ကိုကိုသိုက်ဟာ တစ်ဦးတည်းသော သားလည်းဖြစ်တယ်၊ သူဟာ ကြာဖြူအပေါ်မှာ အတော်သံယောဇဉ်ရှိပုံရတယ်၊ ဒါကြောင့် ကြာဖြူဟာ တစ်နေ့နေ့မှာ ကိုကိုသိုက်ရဲ့ မယားသီဖြစ်မှာသေချာတယ်၊ ဒါဆိုရင်တော့ ကြာဖြူလောက် ကံကောင်းတဲ့သူရှိမှာ မဟုတ်ဘူး''

လို့ သမီးဖြစ်သူရဲ့ မနာလို စိတ်ကို ဆွပေးလိုက်တယ်။

မြမြက အံကိုတင်းတင်းကြိတ်လိုက်ပြီး

''ဒီကောင်မ ဒီလိုမဖြစ်စေရဘူး၊သူ့တစ်သက်လုံး သမီး အရွေ့ကို မရောက်စေရဘူး''

လို့ဆိုလိုက်တော့ ဒေါ်စိန်မြကြည်က ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"ဒါဆိုရင်တော့ တစ်နည်းပဲရှိတယ်၊ သမီး ကြာဖြူ နေရာကို ရအောင် ကြိုးစားပေါ့"

လို့မြောက်ထိုးပင့်ကော် ပြောလိုက်တယ်။

မြမြက အံကို ကြိတ်ပြီး

"ကြိုးစားမယ်အမေ၊ သမီး တစ်သက်လုံး ဒီကောင်မ ထက်သာနေစေရမယ်"

လို့ ကြုံးဝါးလိုက်တယ်။

စိတ်ယုတ်မာရှိတဲ့ သားအမိ နှစ်ယောက်ဟာ အတိုင် အဖောက်ညီညီနဲ့ ပြောဆိုနေကြပြီး ဒေါ်စိန်မြကြည်က

"ဒါဆိုရင်တော့ သမီးကိုအမေကူညီမယ်၊ ဒီကောင်မ မြို့ဦးစေတီက ထီးတော်တင်ပွဲကို မရောက်စေရဘူး"

လို့ဆိုလိုက်တော့ မြမြက မျက်မှောင်ကြုတ်ပြီး

"အမေ့မှာ ဘယ်လိုအကြံရှိလို့လဲ"





လို့မေးမြန်းလိုက်တယ်။

ဒီတော့ ဒေါ်စိန်မြကြည်က မြမြရဲ့အနားကို ကပ်ပြီး တိုးတိုးလေးပြောလိုက်တယ်။

မြမြဟာ သူ့အမေရဲ့စကားကြောင့်မျက်နှာ ဝင်းလက် သွားပြီး

"အမေ့အကြံ သိပ်ကောင်းတယ်"

လို့ ချီးမွမ်းလိုက်တယ်။

ခဏကြာတော့ မြမြဟာအလှ ဆုံးပြင်ဆင်ပြီး ထီးတော်တင်ပွဲကို အရင်ဦးအောင် ထွက်သွားတယ်။

ကြာဖြူလည်း ကိုကိုသိုက်နဲ့ ချိန်းထားတဲ့ အချိန်နီးလို့ ရေမိုးချိုးပြီး အလှတွေပြင်နေမိတယ်။

ကြာဖြူ အလှပြင်ပြီး အိမ်ကထွက်ကာနီးမှ ဒေါ်စိန်မြ ကြည်ဟာ ကောက်ကာငင်ကာ ခေါင်းကို လက်နဲ့အုပ်ပြီး

"အမလေး..မူးလိုက်တာ၊ ဘယ်လိုဖြစ်မှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ ယိမ်းယိုင်လဲကျ ဟန်ဆောင်လိုက်တယ်။ ကြာဖြူ ဟာ စိုးရိမ်စိတ်နဲ့ ဒေါ်စိန်မြကြည်ကို ပြေးပွေ့လိုက်ပြီး

"အမေ.... အမေ"

လို့ခေါ်လိုက်တယ်။

ဒေါ်စိန်မြကြည်ဟာ အိုက်တင် ကောင်းကောင်းနဲ့ ဆက် သရုပ်ဆောင်နေတယ်။

ကြာဖြူက စိုးရိမ်စိတ်နဲ့ ဆရာဝန်ကြီးကို ဖုန်းဆက် ခေါ်ဖို့ ကြိုးစားတယ်။

ဒါပေမဲ့ ဒေါ်စိန်မြကြည်က

"ဆရာဝန် မခေါ်ပါနဲ့ သမီးရယ်.. အမေ သောက်နေ ကျ သွေးဆေးလေး ဖျော်ပြီး သံပုရာရည် ညှစ်တိုက်စမ်းပါ၊ ပြီးတော့ အမေနားထင်ကို ကျားဗမ်းပရုပ်ဆီနဲ့ နာနာလေး ပွတ်ပေးပါ၊ ခေါင်းကိုလဲ နှိပ်ပေးပါ"

လို့ပြောလိုက်တယ်။





ကြာဖြူဟာ ကိုကိုသိုက်နဲ့ ချိန်းထားတဲ့ အချိန်နီးနေလို့ ရင်ထဲမှာ ဗလောင်ဆူသွားတယ်။

ဒါပေမဲ့ ဒေါ်စိန်မြကြည်ရဲ့ ကျန်းမာရေး ကိစ္စဖြစ်နေလို့ ကိုကိုသိုက်နဲ့ ချိန်းတာကို ဖျက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ ကိုကိုသိုက်ကတော့ မျှော်နေမှာပဲဆိုပြီး စိတ် မကောင်းဖြစ်နေမိပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြမြဟာ မြို့ဦးစေတီရဲ့ ထီးတော်တင်ပွဲကို ရောက်တော့ ကိုကိုသိုက်ရှိတဲ့နေရာကို မှန်းဆပြီးတော့ လိုက်ရှာတယ်။

ပရိသတ်ထဲမှာ သူ့သူငယ်ချင်းတစ်စုကို တွေ့ပေမဲ့ သူတို့နဲ့ မလိုက်ဘဲ ကိုကိုသိုက်ကိုသာ ရှာဖွေနေတယ်။

ဘုရားရင်ပြင် တစ်နေရာမှာ ကြာဖြူကို စောင့်နေဟန်တူတဲ့ကိုကိုသိုက်ကို သွားတွေ့တယ်။

မြမြက ကိုကိုသိုက်အနီးကို ပြုံးချိုတဲ့ မျက်နှာထားနဲ့





ရောက်အောင်သွားပြီး

"ကိုကိုသိုက်"

လို့ခေါ်လိုက်တယ်။

ဒီအခါမှာ ကိုကိုသိုက်က မြမြကို ရှုတည်တည်နဲ့ ပြန်ကြည့်လိုက်ပြီး

"မင်း ဘယ်သူလဲ"

လို့ မေးမြန်းလိုက်တယ်။

မြမြက နှစ်လိုဖွယ် အမူအရာနဲ့

"ကျွန်မနံမည် မြမြပါ၊ ကိုကိုသိုက်သူငယ်ချင်း ကြာဖြူရဲ့ညီမလေ"

လို့ဆိုလိုက်တော့ ကိုကိုသိုက်က မြမြကို အံ့သြဟန်နဲ့ ကြည့်ပြီး

"သြော် ကြာဖြူ ညီမဖြစ်နေတာပဲ၊ ဒါကြောင့် စိတ်ထဲမှာ မြင်ဖူးသလိုဖြစ်နေတာ၊ ဒါနဲ့ ကြာဖြူနဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လာတာလား၊ ကြာဖြူ ဘယ်မှာလဲ''

လို့မေးမြန်းတယ်။

မြမြဟာ ရီးသားတဲ့ အမူအရာနဲ့

''ကျွန်မက တစ်ယောက်တည်းလာတာ၊ ကြာဖြူ အနောက်ကလိုက်လာလိမ့်မယ်ထင်တယ်''

လို့ပြောလိုက်တယ်။

ကိုကိုသိုက်က ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး

''ကြာဖြူ ဘာဖြစ်နေပါလိမ့်၊ သူဟာ ချိန်းတဲ့အချိန်ကို ရောက်အောင်လာလေ့ရှိတယ်''

လို့ပြောတယ်။

မြမြက မျက်နှာကို မသိမသာမဲ့ လိုက်ပြီး

''ကြာဖြူလာမှာပါ၊ လောလောဆယ် ကျွန်မ ဆင်အက ကြည့်ချင်တယ်၊ ကိုကိုသိုက်လိုက်ပြပေးပါလား၊ ကျွန်မ တစ်ခါမှ ဆင်အက မကြည့်ဖူးလို့ပါ''





လို့ဆိုလိုက်တော့ ကိုကိုသိုက်က စိတ်ရှုပ်ဟန်နဲ့

''မင်းကို လိုက်ပြတာ အကြောင်းမဟုတ်ဘူး၊ ကြာဖြူ လာရင်ငါနဲ့လွဲသွားလိမ့်မယ်''

လို့ငြင်းဆန်လိုက်တယ်။

မြမြဟာ ရင်ထဲကနေ ကြာဖြူကို ပိုပြီးမနာလို ဖြစ်သွားတယ်။ မြမြကဆက်ပြီး

''ကြာဖြူလာရင် ကျွန်မတို့ဆီကိုပဲလာမှာပါ၊ လိုက်ပြပါ ကိုကိုသိုက်ရယ်... ''

လို့ပြောပြန်တယ်။

ကိုကိုသိုက်ဟာ တကျီကျီပူဆာနေတဲ့ မြမြကို ကြာဖြူ ညီမဆိုတဲ့ အသိနဲ့ လိုက်ပြဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် မြမြကို ဆင်အကကတဲ့ဘက်ကိုခေါ်သွားတယ်။

မြမြဟာ ကိုကိုသိုက်နဲ့ ပူးပူးကပ်ကပ်နေဖို့ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ ကိုကိုသိုက်က ခပ်ခွါခွါနေတဲ့အတွက် အခက်တွေ့နေတယ်။

ဒီအချိန်မှာပဲ ကျောင်းက သူငယ်ချင်းတစ်စုဟာ ကိုကိုသိုက်နဲ့ မြမြစုံတွဲခုတ်လာတာကို တအံ့တသြကြည့်ရှုကြတယ်။

သူတို့ဟာ မြမြကို အထင်ကြီးဟန်နဲ့ ကြည့်ကြတယ်။

ဒါကို သတိထားမိတဲ့မြမြဟာ ကိုကိုသိုက်ကို ပိုပြီးလိုချင်တပ်မက်စိတ်တွေ ပြင်းထန်လာတယ်။

ကိုကိုသိုက်ဟာ မြမြနဲ့အတူ ဆင်အကကြည့်နေပေမဲ့စိတ်က ကြာဖြူဆီကိုပဲ ရောက်နေတယ်။

မြမြက အကြောင်းမရှိ အကြောင်းရှာပြီး ကိုကိုသိုက်ကို စကားစဖို့ ကြိုးစားပေမဲ့ ကိုကိုသိုက်က သူ့စကားကို စိတ်မဝင်စားဘဲ ကြာဖြူလာမဲ့လမ်းကိုပဲ လှမ်းမျှော်ကြည့်နေတယ်။





ဆင်အက ပြီးကာနီးတဲ့အထိ ကြာဖြူ ရောက်မလာတော့ ကိုကိုသိုက် သည်းမခံနိုင်တော့ဘူး။

အိမ်ပြန်ပြီး ကြာဖြူကို အိမ်လိုက် ကြည့်ဖို့ ကြိုးစားတယ်။

မြမြဘယ်လိုမှ တားဆီးလို့မရတော့ဘူး။

ဒါကြောင့် စိတ်ပျက်လက်ပျက်နဲ့ ကိုကိုသိုက်ကို အိမ်ခေါ်လာခဲ့တယ်။

အိမ်ကိုရောက်တော့ ကိုကိုသိုက်နဲ့ မြမြတို့စုံတွဲကို ကြည့်ပြီး ကြာဖြူ မျက်နှာပျက်သွားတယ်။

ကိုကိုသိုက်အပေါ် မရိုးသားတဲ့ အကြံအစည်နဲ့ မြမြချည်းကပ်တာ ရိပ်စားမိတယ်။

ဒါပေမဲ့ ကိုကိုသိုက်ရဲ့ သိက္ခာ သမာဓိကို ယုံကြည်တဲ့အတွက် ရင်ထဲမှာ မတုန်လှုပ်ဘူး။

ကိုကိုသိုက်ဟာ ဒေါ်စိန်မြကြည်ရဲ့ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကြောင့် ထီးတော်တင်ပွဲကို ကြာဖြူ ရောက်မလာတာ သိရလို့ ကျေနပ်သွားတယ်။

ကြာဖြူ သုပ်ကျွေးတဲ့ လက်ဖက်သုပ်ကိုစားရင်း ခြံထဲမှာ စကားဖောင်ဖွဲ့ပြီးပြန်သွားတယ်။

သူတို့နှစ်ယောက်ကို အိမ်အပေါ်ထပ် ပြတင်းပေါက်က ချောင်းကြည့်ပြီး မနာလိုဝန်တို ဖြစ်နေတဲ့ မြမြကို သတိမမူမိကြဘူး။

ညကိုရောက်တော့ ကြာဖြူဟာ စာကျက်ရင်းဗိုက်ဆာလာလို့ အိမ်အောက်ထပ်ကို လက်ဖက်သုပ်ဖို့ ဆင်းခဲ့တယ်။

အောက်ထပ် လှေခါးကို ရောက်တော့ မီးဖိုချောင်ထဲက စကားပြောသံကို ကြားရတယ်။

"ငါကတော့ ကြာဖြူ ထီးတော်တင်ပွဲကိုလိုက်မလာအောင် မုယာမာယာ သုံးပြီး မူးလဲချင်ယောင်ဆောင်လိုက်ရ





တာ ညည်းကတော့ ဘာမှပီပြင်အောင် လုပ်မလာဘူး"

"ကျွန်မလဲ ကြိုးစားတာပဲ၊ ဒါပေမဲ့ ကိုကိုသိုက်က ကြာဖြူမှကြာဖြူဖြစ်နေတာခက်တယ်၊ တစ်ချိန်လုံး ဒီကောင်မ အကြောင်းကိုပဲ တတွတ်တွတ်ပြောနေတယ်"

"ဘာပဲဖြစ်ဖြစ် နောက်တစ်ကြိမ် အခွင့်အရေးရရင် ကိုကိုသိုက်ကို အရကြံပေတော့"

ကြာဖြူဟာ မိထွေးသားအမိ ပြောတဲ့စကားတွေကို မမျှော်လင့်ဘဲ ကြားလိုက်ရပြီး သားအမိနှစ်ယောက်ရဲ့ ယုတ်မာ ကောက်ကျစ်ပုံတွေကို သိလိုက်ရတယ်။

သူ့ရင်ခွင်ထဲက ကိုကိုသိုက်ကို လုယူဖို့ ကြိုးစားနေတဲ့ သားအမိနှစ်ယောက်ရဲ့အကြံပက်စက်ပုံကိုလဲ ရိပ်စားမိသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ကြာဖြူနဲ့ ကိုကိုသိုက်ရဲ့ ငြိမ်းချမ်းတဲ့ ဘဝလေးထဲကို ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုတိုက်ခတ်လာတယ်။

အဲဒါကတော့ ကိုကိုသိုက်ရဲ့မိခင် ဒေါ်ပိုက်ဟာ သူတို့မိသားစုစီးပွားရေးကို တိုးချဲ့ဖို့အတွက် ရန်ကုန်မြို့ကို ပြောင်းရွှေ့ဖို့ ကြံရွယ်လိုက်တာပဲ။

ဒေါ်ပိုက်ဟာ ရန်ကုန်မြို့ အင်းစိန်က ဒန်အိုးစက်တစ်လုံးကို ပထမဆုံး စပြီးဝယ်လိုက်တယ်။





သူတို့ မိသားစုနေဖို့လည်းခန်းနားလှပတဲ့ အိမ်ကြီးတစ်လုံးကို ဝယ်လိုက်တယ်။

မကြာမီ ဒေါ်ပိုက်တို့ မိသားစု ရန်ကုန်မြို့ ကို ပြောင်းဖို့ စီစဉ်လိုက်တယ်။

ကြာဖြူနဲ့ ကိုကိုသိုက်ဟာ ခွဲခွါရမဲ့ရက်တွေ နီးကပ်လာလေ သူတို့ ရင်ထဲမှာ ပူဆွေးရလေပဲ။

သူတို့ဟာ တစ်ဦးနဲ့ တစ်ဦး ဖွင့်ဟမပြောဖြစ်ပေမဲ့ လူငယ်တို့ ဘာသာဘာဝ တိတ်တခိုး ချစ်ကျွမ်းဝင်နေကြပြီလေ။

သူတို့ဟာ ခွဲခွါကာနီး တစ်ရက်အလိုမှာ မြို့ဦးစေတီမှာ ဆုံတွေ့ကြပြီးကြာဖြူက ငိုသံပါကြီးနဲ့

"ကိုကိုသိုက် ရန်ကုန်ကို ရောက်ရင် ကြာဖြူကို မမေ့မသွားရဘူးနော်"

လို့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်က ရင်ထဲမှာ လှိုက်ဖိုစွာနဲ့ ကြာဖြူ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး

"ကိုကိုသိုက်ရင်ထဲမှာ ကြာဖြူက တစ်သက်လုံး ရှိနေမှာပါ၊ ကြာဖြူစာကိုကြိုးစားနော်၊ ကိုကိုသိုက်တို့ တက္ကသိုလ်မှာ ပြန်ဆုံကြမယ်"

လို့ဆိုတော့ ကြာဖြူက ကြေကွဲ ဝမ်းနည်းစွာနဲ့ ခေါင်းညိတ်ပြတယ်။

သူတို့ဟာရင်ထဲမှာ လှိုက်ဖိုနေလို့ စကားတွေ အများကြီး မပြောနိုင်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ငေးမောကြည့်နေကြတယ်။

သူတို့ နှစ်ယောက် မြို့ဦးစေတီက ခွဲခွါကာနီးမှာ ကိုကိုသိုက်က ကြာဖြူ လက်ထဲကို အပြာရောင် စာအိတ်လေးတစ်အိတ် ကမ်းပေးလိုက်ပြီး

"ကိုကိုသိုက် ရင်ထဲက ခံစားချက်တွေကို စာအိတ်ထဲ





ကျွန်မလဲ ကြိုးစားတာပဲ၊
ဒါပေမဲ့ ကိုကိုသိုက်က
ကြာဖြူမှကြာဖြူဖြစ်နေတာခက်တယ်၊
တစ်ချိန်လုံး ဒီကောင်မ အကြောင်းကိုပဲ
တတွတ်တွတ်ပြောနေတယ်....

www.burmeseclassic.com

www.burmeseclassic.com



မှာရေးထားတယ်၊ ကြာဖြူ အိမ်ကိုရောက်မှ ဖတ်ကြည့်ပါ”

လို့ပြောတယ်။

ကြာဖြူ အိမ်ကိုရောက်တော့ ကိုကိုသိုက် ပေးလိုက်တဲ့ စာအိတ်ပြာလေးကို ကမန်းကတန်း ဖွင့်ဖတ်ကြည့်ပြီး ရင်တွေတလှပ်လှပ်တုန်သွားတယ်။

စာထဲမှာ ကိုကိုသိုက်က ကြာဖြူကို ချစ်ခွင့်ပန်ထားတယ်။

*ကိုကိုသိုက် ကြာဖြူကို မေတ္တာ ရှိနေပြီ....*

*ကိုကိုသိုက်ကို မေတ္တာ တုံ့ပြန်မယ်ဆိုရင် မနက်ဖြန် သဘော်ဆိပ်ကို လိုက်ပို့ပေးပါ.....*

*ကိုကိုသိုက် ကြာဖြူကို မျှော်နေမယ်...*

ကြာဖြူဟာ ကိုကိုသိုက်ရဲ့ မေတ္တာစာကို ဖတ်လို့ မဝလို့ အကြိမ်ကြိမ် အထပ်ထပ်ဖတ်ပြီး ဝမ်းသာ ကြည်နူးနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူကိုယ်တိုင်လည်း ကိုကိုသိုက်ကို မဆွတ်ခင်က ညွတ်ချင်နေတာပါ။

မနက်ဖြန် ကိုကိုသိုက် သင်္ဘောဆိပ် မဆင်းမီ အရောက်သွားပြီး ကြာဖြူ မေတ္တာကို တုံ့ပြန်မိမှာပါ ကိုကိုသိုက်ရယ်....။

ကြာဖြူတို့မှာ ချစ်သူ ဖြစ်လို့မှ မဝသေးဘူး ခွဲရတော့မှာလား.....။

ကြာဖြူဟာ တစ်နေကုန် အခန်းထဲအောင်းပြီး ကိုကို သိုက်နဲ့ခွဲရမဲ့ အရေးကို ပူဆွေး ဝမ်းနည်းနေမိတယ်။

ဒီအချိန်မှာ ကြာဖြူရဲ့ အရေးကို တစေ့တစောင်း အကဲ ခတ်နေတဲ့ မြမြဟာ သံသယဝင်သလိုဖြစ်သွားတယ်။

ဒါကြောင့် ကြာဖြူ ရေချိုးခန်းထဲ ငင်ဘဲ့အချိန်မှာ စာအိတ်ပြာလေးကို တိတ်တဆိတ် ခိုးဝင်ဖတ်ရှုလိုက်တယ်။

စာဖတ်ရင်း မြမြ မျက်လုံးတွေ ပြာဝေသွားတယ်၊





"ကိုကိုသိုက်က ကြာဖြူကို ချစ်ခွင့်ပန်လိုက်တာ ပါလား၊ ငါကတော့ အရာရာမှာ နောက်ကျကျန်ခဲ့ပြီ.. သူတို့နှစ်ယောက် နီးစပ်သွားရင်း ငါ့ဘဝက ဘာအဓိပ္ပာယ် မှရှိတော့မှာဘူး"

လို့ တွေးမိတယ်။

ဒါကြောင့် သူ့ခေါင်းထဲမှာ ယုတ်မာ ကောက်ကျစ်တဲ့ အကြံအစည်တွေ အစီအရီ တွေးတောနေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ကိုကိုသိုက်တို့ မြို့က ထွက်ခွာမဲ့နေ့မှာ ဒေါ်စိန်မြကြည်တို့ သားအမိလည်း ကိုကိုသိုက်တို့ မိသားစုကို သဘောဆိပ်လိုက်ပို့ဖို့ စီစဉ်ကြတယ်။

ကြာဖြူရဲ့အဖေ သူဌေးဦးမြဝင်းကတော့ ဆန်စက်ကိစ္စနဲ့ တောကို ရောက်နေလို့လိုက်မပို့နိုင်ဘူး။

ကြာဖြူဟာ ကိုကိုသိုက်နဲ့ ခွဲရတော့မယ်ဆိုပြီး ပူဆွေးဝမ်းနည်းနေမိတယ်။





သူတို့နှစ်ယောက်ဟာ ငယ်ငယ်ကတည်းက မိသားစုချင်း နှစ်အိမ်တစ်အိမ်နေကြတဲ့အတွက် စားအတူ လာအတူ ဖြစ်ခဲ့ကြတယ်။

ကိုကိုသိုက်က ကြာဖြူကို နှမလေးလို သဘောထားသလို ကြာဖြူကလည်း ကိုကိုသိုက်ကို အစ်ကိုရင်း တစ်ယောက်လို သဘောထားခဲ့တယ်။

နှစ်ယောက်စလုံးဟာ တစ်ဦးတည်းသော သားသမီးတွေ ဖြစ်တဲ့အတွက် တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်ပိုခဲ့ကြတယ်။

အခုလို တစ်မြို့တစ်ရွာဆီမှာ ခွဲနေရမယ်လို့ အိပ်မက်တောင် မမက်ဘူးခဲ့ကြဘူး။

ဒီလိုနဲ့ ကိုကိုသိုက်တို့ မိသားစု သဘောဆိပ်ဆင်းမဲ့ အချိန် တဖြည်းဖြည်းနီးကပ်လာတယ်။

ကြာဖြူဟာ ကိုကိုသိုက်နဲ့ ခွဲခွာကာနီးမှာ ကျေနပ်ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်မဲ့ အဖြေပေးဖို့ ဆုံးဖြတ်ထားတယ်။

ဒါကြောင့် အလှဆုံး ပြင်ဆင်ဖို့ အိပ်ခန်းထဲကို ဝင်ခဲ့တယ်။

စိတ်ယုတ်မာရှိတဲ့ မြမြကတော့ ကြာဖြူကို ကြည့်ပြီး မနာလိုစိတ်ကြောင့် နေမထိ ထိုင်မသာ ဖြစ်နေတယ်။

ဒီအခါမှာ သမီးဖြစ်သူရဲ့ အရိပ်အကဲကိုကြည့်နေတဲ့ ဒေါ်စိန်မြကြည်က အကျိုးအကြောင်းကို မေးမြန်းခဲ့တယ်။

ဒေါ်စိန်မြကြည်က အကြောင်းစုံ သိပြီးတော့ မျက်မှောင်ကြုတ်လိုက်ပြီး

"ဒီကောင်မက ကိုကိုသိုက်ကို အဖြေပေးတော့မှ ကိုး.. ဒီလိုအဖြစ်ခံလို့ ဘယ်ရမလဲ၊ ဒီကောင်မသာ ကိုကိုသိုက်နဲ့ဖြစ်သွားရင် ငါ့သမီး နောက်ကောက်ကျသွားလိမ့်မယ်၊ ငါတို့ဘယ်လို ဖြိုဖျက်ရင်ကောင်းမလဲ...."

ဒေါ်စိန်မြကြည်ဟာ စိတ်ယုတ်မာရှိသူပီပီ ဉာဏ်နီ





ဉာဏ်နက်တွေစဉ်ပြီး စဉ်းစားလိုက်ရင်း

"ဟုတ်ပြီ..အကြံရပြီ၊ အမေတို့ဒီလိုလုပ်ကြမယ်"

ဆိုပြီး မြမြကို တီးတိုး ပြောလိုက်တယ်။

မြမြဟာ သူ့အမေ စကားကို နားထောင်ပြီးသူ့မျက်နှာဟာ မှိုရတဲ့သူလို ဝင်းဝါသွားတယ်။

ရိုးသားဖြူစင်တဲ့ ကြာဖြူလေးကတော့ ဒီအကြောင်းတွေ မသိဘဲ အခန်းထဲမှာ အလှပြင်လို့ မဆုံးနိုင်သေးဘူး။

သင်္ဘောဆိပ်ကိုဆင်းမဲ့အချိန်နီးတော့ ကြာဖြူလေးဟာ စိတ်လှုပ်ရှားစွာနဲ့ အိမ်အောက်ကိုဆင်းလာတယ်။

အောက်ထပ် မှာ အလှတွေပြင်ပြီး အသင့်စောင့်နေတဲ့ မြမြကိုတွေ့ရတယ်၊ မြမြက ကြာဖြူကို မြင်တော့မှ တစ်စုံတစ်ခုကို သတိရဟန်နဲ့

"ဟယ်....မေ့နေလိုက်တာ ငါ့လက်ကိုင်ပဝါ ဗီရိုထဲမှာ မေ့ကျန်ခဲ့တယ်၊ သွားယူစမ်းပါ ကြာဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ ကြာဖြူဟာ စကားရှည်ရှည်ဝေးဝေး မပြောချင်တာနဲ့ အိပ်ခန်းထဲဝင်ပြီး ဗီရိုထဲက လက်ကိုင်ပဝါကိုရှာတယ်။

ဒါပေမဲ့ လက်ကိုင်ပဝါကို ရှာလို့ မတွေ့တာနဲ့ အောက်ထပ်ကို ပြန်ဆင်းဖို့ပြင်နေတုန်း အိပ်ခန်းတခါးကို ဝုန်းခနဲ ပိတ်သံကြားလိုက်ရတယ်။

ကြာဖြူက သူရှိနေတုန်း အိပ်ခန်းတံခါးကို ပိတ်သံကြားလို့ဒေါ်စိန်မြကြည်ထင်ပြီး

"မပိတ်နဲ့ဦး အထဲမှာလူရှိတယ်"

လို့ အသံပြုလိုက်တယ်။

ဒါပေမဲ့ တံခါးကပြန်ပွင့်မလာ လို့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး

"တံခါးမပိတ်ပါနဲ့ဦး၊ အထဲမှာ ကျွန်မကျန်သေးတယ်"





လို့ထပ်ပြောလိုက်တယ်။

ဒါပေမဲ့ တံခါးကတော့ ပွင့်မလာတော့ပါဘူး။

ကြာဖြူတစ်ယောက် တံခါးဖွင့်ပေးဖို့ ငယ်သံပါအောင် အော်ဟစ်နေချိန်မှာ ယုတ်မာတဲ့သားအမိ နှစ်ယောက်ကတော့ မြင်းလှည်းပေါ်ကို ရောက်နေပြီ။

ဒေါ်စိန်မြကြည်က သဘောကျဟန်နဲ့ တခစ်ခစ် ရယ်မောလိုက်ပြီး

"အမေ့အကြံ မပိုင်ဘူးလား သမီး"

လို့ဆိုလိုက်တော့ မြမြက ဝမ်းမြောက်ဝမ်းသာဟန်နဲ့

"ပိုင်တာပေါ့ အမေရယ်.... မိကြာဖြူ ကိုကိုသိုက်ကို အဖြေပေးလို့မရတော့ဘူး"

လို့ဆိုလိုက်တယ်။

ဒေါ်စိန်မြကြည်က ခေါင်းညိတ်ပြီးတော့

"အဖြေပေးလို့ မရယုံမကဘူး ကိုကိုသိုက်ရဲ့ အမုန်း



www.burmeseclassic.com

www.burmeseclassic.com



ပွားခြင်းကိုလည်း ခံရတော့မယ်၊ ဘာလို့လဲ ဆိုတော့ ကိုကိုသိုက်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် သူဌေးသားဆိုတော့ သူ့မှာ မာနရှိတယ်၊ သူလို လူကို ကြာဖြူလို ကောင်မက ငြင်းပယ်လိုက်တယ်ဆိုတော့ အတော်မကျေမချမ်းဖြစ်သွားမှာပဲ''

လို့ဝမ်းသာအားရပြောလိုက်တယ်။

ဒီအချိန်မှာပဲ သူတို့ စီးလာတဲ့ ရထားလုံးဟာ သင်္ဘောဆိပ်ကို ရောက်တယ်။

သူတို့ရောက်ပြီးမများမကြာမီမှာ ကိုကိုသိုက်တို့ မိသားစုရဲ့ အော်စတင်ကားနက်ကြီး သင်္ဘောဆိပ်ကို ရောက်လာတယ်၊ သင်္ဘောဆိပ်မှာ သူတို့လို ပို့ဆောင်မဲ့သူတွေ ရောက်နေကြတယ်။

ဒီအချိန် မှာ ကြာဖြူခမျာမှာ သနားစဖွယ် ပဋာစာရီလူးဖြစ်နေရှာတယ်။





သူ့ကိုယုတ်မာတဲ့ သားအမိက တမင်ရည်ရွယ်ပြီး အခန်းထဲမှာ လှောင်ပိတ်သွားတာကိုလဲ ရိပ်စားမိလိုက်တယ်။

သူတို့သားအမိ ယုတ်မာကောက်ကျစ်ကြပေမဲ့ ဒီလောက် ဆိုးဝါးရက်စက်လိမ့်မယ်လို့ မထင်မိဘူး။

ကိုကိုသိုက် ကြာဖြူကို မျှော်နေရှာတော့မယ်။ ကိုကိုသိုက်နဲ့ ခွဲခွါကာနီးအချိန်လေးမှာ ဝမ်းမြောက်ဖွယ် အဖြေလေးကို ပေးချင်လိုက်တာ‥ ။

အခုတော့ ကိုကိုသိုက် ကို ဘယ်လို အဖြေပေးလို့ ရတော့မလဲ‥‥။

ကြာဖြူဟာ တွေးရင်း ပူဆွေးဝမ်းနည်းလာပြီး တအင့်အင့် ရှိုက်ငိုနေမိတယ်။

ဒီအချိန်မှာ ကိုကိုသိုက် ခမြာလဲ ကားပေါ်က ဆင်းဆင်းချင်း ကြာဖြူကို ရှာနေရှာတယ်။

သူချစ်တဲ့ ကြာဖြူကို နောက်ဆုံး အချိန်လေးမှာ ချစ်



www.burmeseclassic.com

www.burmeseclassic.com



အဖြေလေးပေးဖို့ တောင်းပန်ထားတယ်။

ကြာဖြူသူ့ကို ဝမ်းမြောက်ဖွယ် အဖြေကိုပေးမှာလား‥ ကြေကွဲဝမ်းနည်းစရာတွေကိုပဲပေးမှာလား‥‥။

ကိုကိုသိုက်ဟာ ကြာဖြူကို ရှာလို့မတွေ့တဲ့အဆုံး ဒေါ်စိန်မြကြည်အနီးကို ကပ်ပြီး

"ကြာဖြူ ဘယ်ရောက်နေလဲ အဒေါ်"

လို့မေးလိုက်တော့ မူယာမာယာများတဲ့ မိန်းမကြီးက

"ကြာဖြူ အစောကြီး အိမ်က ထွက်သွားတာ၊ ကြာဖြူက ကိုကိုသိုက်နဲ့တွေ့ဖို့ အဒေါ်တို့ထက်တောင် စိရိယကောင်းနေသေးတယ်၊ ဟောဒီက မင်းညီမကလည်း ကိုကိုသိုက်ကို နှုတ်ဆက်ချင်လို့ လိုက်လာရှာတယ်"

လို့ ပြောတော့ အရှက်မရှိတဲ့ မြမြက

"ကိုကိုသိုက် ရန်ကုန်ရောက်ရင် ညီမတို့ကို မေ့မသွားနဲ့နော်"





လို့ပြီတီတီ ဝင်ပြောလိုက်တယ်။

ကိုကိုသိုက်ကတော့ သူ့ကိုဝတ်ကျေတန်းကျေပဲ ပြန်ပြောလိုက်တယ်။

ကိုကိုသိုက် အာ့ရုံထဲမှာ ကြာဖြူတစ်ယောက်ပဲ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ကျန်ခဲ့တဲ့ ကြာဖြူ တစ်ယောက်ကတော့ ကိုကိုသိုက်ကို မတွေ့ရတော့ဘူးဆိုပြီး လူးလိမ့် ငိုယိုနေရှာတယ်၊

ဒီအချိန်မှာ လမ်းထိပ်က ကျားဝိုင်းက ပြန်လာတဲ့ မြင့်ခိုင်ဟာ ခြံတံခါးပိတ်ထားလို့ အိမ်ထဲကို ကျော်ဝင်လိုက်တာ တစ်အိမ်လုံး တိတ်ဆိတ်ပြီး ဘာသံမှ မကြားလို့ မျက်မှောင်ကြုတ်လိုက်မိတယ်။





သူတို့ဘယ်တွေ သွားနေပါလိမ့်လို့တွေးနေတုန်း အိမ်ပေါ်ထပ်က တဒုန်းဒုန်း ထုရိုက်သံတွေ ကြားရတယ်။

မြင့်ခိုင်ဟာ အံ့သြစိတ်နဲ့ အပေါ်ထပ်ကို အပြေးတက်သွားတော့ အိပ်ခန်းထဲက ထုရိုက်သံကို ကြားရတယ်။

မြင့်ခိုင်ဟာ အိပ်ခန်းတံခါးကို ဖွင့်လိုက်တော့ အခန်းထဲမှာ ပိတ်လှောင်ခံနေရတဲ့ ကြာဖြူ ကိုသနားစဖွယ်မြင်တွေ့လိုက်ရတယ်။

မြင့်ခိုင်က ကြာဖြူကို တအံ့တသြကြည့်ပြီး

"ဘယ်လိုဖြစ်ပြီး အခန်းထဲ ရောက်နေတာလဲ"

လို့မေးမြန်းလိုက်တယ်။

ကြာဖြူက မြင့်ခိုင်အမေးကို ဖြေမနေတော့ဘဲ အိပ်ခန်းထဲက ကမူးရှူးထိုး ပြေးထွက်ပြီး သဘော်ဆိပ်ကို သုတ်ချေတင်ခဲ့တယ်။

ကြာဖြူဟာ မိန်းကလေးတန်မဲ့ လမ်းပေါ်မှာ လူမြင့်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းအောင် ပြေးနေလို့ အများက အံ့သြဟန်နဲ့ ဝိုင်းကြည့် ကြတယ်။

ဒါပေမဲ့ ကိုကိုသိုက်နဲ့ တွေ့ရဖို့က အရေး ကြီးနေလို့ ကြာဖြူ မရှက်နိုင်ပါဘူး။

သဘော်ဆိပ်ကို အမြန်ဆုံး ရောက်ဖို့ပဲခေါင်းထဲ မှာရှိတယ်။

ကိုကိုသိုက်ဟာ သဘော်ထွက် ချိန်နီးတဲ့အထိ ကြာဖြူ ကိုစောင့်ပြီးမှ ခေါင်းငိုက်စိုက်ချပြီး သဘော်ပေါ်ကို တက် သွားခဲ့တယ်။

ကိုကိုသိုက်ဟာ ကြာဖြူ သဘော်ဆိပ်ကို ရောက် မလာတာ နားမလည်နိုင်ဘူး။

သူတို့ နှစ်ဦးရဲ့ ရင်ထဲက သံယောဇဉ်ကို ဖွင့်ဟ မဆိုဖေမဲ့ နှစ်ဦးသား နှလုံးသားမှာ နားလည်ထားကြတယ်။

အခု ကြာဖြူ ရောက်မလာတာ ပယောဂ ပုဏ္ဏာတစ်ပုဒ်





'လိုပဲ.....

ကြာဖြူ သူ့အပေါ် စိတ်ပြောင်း သွားလေသလား..

ကိုကိုသိုက်ဟာ ရင်ထဲမှာ မရွှင်မပျနဲ့သဘော်ပေါ် တက် သွားရှာတယ်။

သဘော်ကမ်းက ခွာစပြုတော့ လိုက်ပို့သူ အားလုံး ကမ်းပေါ်ကလက်တပြပြနဲ့ကျန်ခဲ့တယ်။

မြမြတို့ သားအမိကတော့ ကြာဖြူ လိုက်မပို့နိုင်တာကို တွေးပြီး ပျော်တပြုံးပြုံးဖြစ်နေကြတယ်။

ဒီအချိန်မှာပဲ အသက်ထွက်လုမတတ် ပြေးလာတဲ့ ကြာဖြူဟာ ဆိပ်ကမ်းကို ရောက်လာတယ်။

မြမြဟာ ကြာဖြူကို ဦးစွာမြင်သွားပြီး အထိတ် တလန့်နဲ့

"အမေ..ဟိုကောင်မရောက်လာပြီ..ဒုက္ခပါပဲ၊ အခန်း ထဲက ဘယ်လို ထွက်လာသလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ရေရွတ်လိုက်တယ်။

ကြာဖြူဟာ သင်္ဘောကြီးဥသြ ဆွဲပြီး ထွက်ခွါစပြုတဲ့ အချိန်မှာ ဆိပ်ကမ်းကို ရောက်သွားပြီး လက်နှစ်ဖက်ကို မြှောက်ကာ

"ကိုကိုသိုက်…ကိုကိုသိုက်"

လို့ တကြော်ကြော် အော်ခေါ်လိုက်တယ်။

ကိုကိုသိုက်ဟာ သင်္ဘောဆိပ်ကမ်းက ခွာချိန်အထိ ချစ်သူကို မျှော်နေတုန်း ဆိုတော့ သေလုမျောပါးပြေးလာတဲ့ ကြာဖြူကို မြင်လိုက်တယ်။

ကိုကိုသိုက်ဟာ ဝမ်းသာလွန်းလို့

"ကြာဖြူ..ကြာဖြူ"

ဆိုပြီး လက်နှစ်ဖက်ကို ဝေ့ယမ်းငြီး အော်ဟစ် ခေါ်ဝေါ်လိုက်တယ်။

ကြာဖြူက သူကို ကိုကိုသိုက် မြင်သွားပြီဆိုတော့





ဝမ်းသာလွန်းလို့ ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

ဒီမြင်ကွင်းကို ကြည့်ပြီး အနီးပတ်ဝန်းကျင်က လူတွေက ကရုဏာသက်ဟန်နဲ့ ကြာဖြူကို နှစ်သိမ့်ကြတယ်။

ဒီတော့မှ ဒေါ်စိန်မြကြည်တို့သားအမိဟာ ကြာဖြူကို အများရှေ့မှာ ဂရုစိုက်ဟန်ပြကြတယ်…။

ကြာဖြူက နာကြည်း မုန်းတီးတဲ့ မျက်လုံးတွေနဲ့ မြမြကို ကြည့်လိုက်တော့ မြမြက ထီမထင်ဟန်နဲ့ နှုတ်ခမ်းကို မဲ့လိုက်တယ်။

ကြာဖြူဟာ အိမ်ကို ရောက်တာနဲ့ မြမြနဲ့ ထိပ်တိုက် တွေ့ပြီးဖြေရှင်းခဲ့တယ်။

"နင် ဘာဖြစ်လို့ ငါ့ကို အခန်းထဲမှာ တံခါးပိတ်ထား ရတာလဲ"

လို့ဒေါသတကြီး မေးမြန်းလိုက်တော့ မြမြက ထီမထင်တဲ့ မျက်နှာပေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ငါဘာကြောင့် လုပ်တယ်ဆိုတာ နင်မသိဘူးလား၊ နင့်ကိုငါ အမြင်ကတ်လို့ လုပ်တာဟုတ်သိရဲ့လား၊ နင်ဟာ မြို့မျက်နှာဖုံး သူဌေးသမီး ဖြစ်ရုံမကဘူး၊ ပညာရေးမှာလဲ ငါ့ရှေ့ ရောက်နေတယ်၊နောက်ပြီး မြို့ပေါ်မှာ အချမ်းသာဆုံး သူဌေး သားနဲ့လဲချစ်သူဖြစ်နေတယ်၊ နင် ဘာကြောင့် ဒီလောက် ကံကောင်းနေရတာလဲ၊ ကံကြမ္မာက ဘာကြောင့်ငါ့ကို အလှည့်မပေးရတာလဲ၊ နင် လောကမှာ မရှိရင် သိပ် ကောင်းမယ်"

လို့ပြောပြီး ကြာဖြူ ရှေ့က ဒေါသတကြီး ထွက်သွား တယ်။

ဒီအချိန်ကစပြီး သူတို့ နှစ်ယောက် ရင်ထဲက အမုန်း မီးတောက်ဟာ တောက်လောင်စ ပြုလာခဲ့တယ်။





ငါဘာကြောင့် လုပ်တယ်ဆိုတာ နင်မသိဘူးလား၊
နင့်ကိုငါ အမြင်ကတ်လို့ လုပ်တာဟုတ်သိရဲ့လား၊
နင်ဟာ မြို့မျက်နှာဖုံး သူဌေးသမီး ဖြစ်ရုံမကဘူး၊
ပညာရေးမှာလဲ ငါ့ရှေ့ရောက်နေတယ်၊
နောက်ပြီး မြို့ပေါ်မှာ အချမ်းသာဆုံး သူဌေး
သားနဲ့လဲချစ်သူဖြစ်နေတယ်....

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက် ရန်ကုန်မြို့ကို ရောက်ပြီး များမကြာမီမှာ ကြာဖြူဆီကို စာရေးလိုက်တယ်။

ကြာဖြူဟာ ကိုကိုသိုက် စာကို မျှော်နေသူဆိုတော့ ဝမ်းသာအားရ ဖောက်ဖတ်လိုက်တယ်။

ကိုကိုသိုက်က စာထဲမှာ ကြာဖြူကို အလွန် လွမ်းဆွတ်သတိရကြောင်း၊ ကြာဖြူစာကို ကြိုးစားသင်ယူပြီး ရန်ကုန်မြို့မှာအတူတူ ကျောင်းတက်ဖို့ စောင့်မျှော်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွဲဖွဲနဲ့နဲ့ ရေးသားထားတယ်။

ကြာဖြူကလည်း ကိုကိုသိုက် စာကို ဖတ်ပြီးတာနဲ့ အလားတူ စာမျိုးတစ်စောင်ရေးပို့လိုက်တယ်။

သူတို့ နှစ်ယောက်ရဲ့ ဆက်နွယ်မှုကို ယုတ်မာ ကောက်ကျစ်တဲ့သားအမိက စောင့်ကြည့်နေတယ်ဆိုတာ သတိမထားမိဘူး။

တစ်နေ့ မြမြဟာ ကြာဖြူ အမြတ်တနိုး သိမ်းထားတဲ့ ကိုကိုသိုက်ရဲ့ စာကို ခိုးယူပြီး ဒေါ်စိန်မြကြည်ရဲ့ လက်ထဲကို ထည့်လိုက်တယ်။

ယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီးဟာ စာကို ဆုံးအောင်ဖတ်ပြီး နှုတ်ခမ်းကို မဲ့လိုက်တယ်။

ပြီးတော့ အံကိုကြိတ်ပြီး

“သူတို့ နှစ်ယောက် အဆက်အသွယ်လုပ်တာ လက်ခံလို့မဖြစ်ဘူး”





လို့ပြောတယ်။

မြမြကလည်း အားတက်သရော ထောက်ခံပြီး

“ဘယ်လိုလုပ်ကြမလဲ အမေ”

လို့မေးလိုက်တယ်။

ဒေါ်စိန်မြကြည်ကမဲ့ပြုံးပြုံးလိုက်ပြီး

“ဒီအတွက်မပူပါနဲ့၊ အမေ့မှာ အကြံရှိပါတယ်”

ဆိုပြီး စာတိုက်က စာပို့သမားကို ပိုက်ဆံတစ်ကျပ်ပေးလိုက်ပြီး

“ကြာဖြူ နံမည်နဲ့ လာတဲ့ စာတွေ အားလုံး ငါ့လက်ထဲ အပ်ပါ၊ ကြာဖြူ ရန်ကုန်ကိုရေးတဲ့ စာတွေအားလုံး မပို့ဘဲ ဖျောက်ဖျက်ပစ်ပါ”

လို့မှာလိုက်တော့ စာပို့သမားက ငွေမျက်နှာကို ကြည့်ပြီး မငြင်းဆန်နိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ကစပြီး ကြာဖြူနဲ့ ကိုကိုသိုက် အဆက်အသွယ် ပြတ်ခဲ့ကြတယ်။

သူတို့နှစ်ယောက်လည်း တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု လွဲခဲ့ရတယ်။

ကိုကိုသိုက်ကလည်း ကြာဖြူ သူ့ကို သစ်စိမ်းချိုးချိုး ရက်တယ်လို့မြင်တယ်။

ကြာဖြူကလည်း ကိုကိုသိုက် သစ္စာကတိ မတည်





ကြည်ဘူးလို့ ယုံကြည်နေတယ်။

ဒါပေမဲ့ သူတို့နှစ်ယောက်ကြားက သံယောဇဉ်ဟာ ခိုင်မာလွန်းတာကြောင့် လွယ်လွယ်နဲ့မေ့လို့မရကြဘူး။

ကိုကိုသိုက်ကလည်း ကြာဖြူသတင်းကို အမြဲနားစွင့် နေသလို ကြာဖြူကလည်း ကိုကိုသိုက်အကြောင်းကို အမြဲ စုံစမ်းနေခဲ့တယ်။

ဒီအချိန်မှာ အကြံသမား မြမြက ကိုကိုသိုက်ကို အမိပွာယ်နှစ်ခွထွက်တဲ့ စကားတွေနဲ့ ရိသဲ့သဲ့ စာတွေ ရေးပို့ တယ်။

ကိုကိုသိုက်က မြမြကို ဘယ်လိုမှ သဘော မထားပေမဲ့ ကြာဖြူသူ့ကို စာမပြန်တဲ့အကြောင်း သိချင်လို့ မြမြကို စာပြန်ပြီးမေးတယ်။

ဒီအခါမှာ မြမြဟာ သူဆင်တဲ့ ခွင်ထဲကို ဝင်လာတဲ့ အတွက် ကြာဖြူနဲ့ ပတ်သက်ပြီး ကိုကိုသိုက် အထင်လွဲ



www.burmeseclassic.com

www.burmeseclassic.com



အောင် အစွမ်းကုန် ကုန်းတိုက်ခဲ့တယ်။

ကိုကိုသိုက် အထင်လွဲအောင် ကြာဖြူနဲ့ ကုန်းတိုက်တဲ့ သူက အခြားသူ မဟုတ်ဘူး။

မြမြရဲ့အစ်ကိုအရင်း မြင့်ခိုင်ဖြစ်နေတယ်။

အကြံသမား မြမြက သူ့စာထဲမှာ ကြာဖြူအကြောင်း ကိုကိုသိုက်ကို ပြောရမှာ အလွန်ရှက်ဖွယ် ကောင်းပေမဲ့ မပြောမဖြစ်လို့ ပြောရမှာ ဖြစ်ကြောင်း၊

ဒီအကြောင်းတွေကို ကိုကိုသိုက်သိရင် သူတို့ မိသားစုရဲ့ ဂုဏ်သိက္ခာနဲ့ပတ်သက်နေတဲ့အတွက် နှုတ်လုံစေချင်ကြောင်း၊

ဒါပေမဲ့ ကြာဖြူဟာ ကိုယ်ကိုယ်ကိုယ် ထိမ်းပြီး ကိုကိုသိုက်အပေါ် သစ္စာရှိသင့်ကြောင်း၊

ဒါပေမဲ့ သစ္စာမဲ့တဲ့ ကြာဖြူဟာ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထားကြိုးချင်းငြိ ဆိုသလို သူနဲ့ တစ်အိမ်ထဲနေတဲ့





မြမြအစ်ကို မြင့်ခိုင်နဲ့ ငြိစွန်းနေကြကြောင်း၊

ကြာဖြူ ဒီလို လုပ်နေတာ ပတ်ဝန်းကျင် အမြင်မှာ မသင့်တော်တဲ့ အတွက် မိခင်ဖြစ်သူက တားဆီးဖို့ ကြိုးစားပေမဲ့ ကြာဖြူက လက်မခံဘဲ ငြင်းဆန်နေကြောင်း၊

သူတို့နှစ်ယောက်နဲ့ပတ်သက်လို့ နားနဲ့ မနာဖဝါးနဲ့ နာစေချင်ကြောင်း၊

တစ်ခါက ညဉ့်နက်သန်းခေါင် အိပ်ခန်းထဲမှာ သူတို့နှစ်ယောက် ချိန်းတွေ့နေတာ မိခင် ကိုယ်တိုင် လက်ပူး လက်ကြပ်မိကြောင်း စသည်ဖြင့် မဟုတ်မဟတ် လုပ်ကြံ ပြောဆိုခဲ့တယ်။

ကိုကိုသိုက်ဟာ ကြားရတဲ့ သတင်းတွေကြောင့် ရတ်တရက်နားထဲကို သံရည်ပူနဲ့ အလောင်းခံရသလို ခံစားရတယ်။

ဒါပေမဲ့ ခေါင်းအေးအေးနဲ့ ပြန်စဉ်းစားကြည့်တော့ မြမြစကားတွေဟာ သံသယ ဖြစ်စရာကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့တယ်။

သူတို့နှစ်ယောက်ဟာ ငယ်ကျွမ်းဆွေတွေဖြစ်တဲ့အတွက် တစ်ယောက်အကြောင်းကို တစ်ယောက်သိတယ်။

ကြာဖြူဟာ အမှားတစ်ခု ကျူးလွန်ပြီးရင် ရှောင်လွှဲပြီးမနေတတ်ဘူး။

သူ့အမှားကို ဝန်ခံပြီး ပွင့်ပွင့်လင်းလင်း ဖြေရှင်းတတ်တယ်။

အခုလို ရှောင်ပုန်းနေတာ ကြာဖြူ စရိုက် မဟုတ်ဘူး။

ဒါကြောင့် မြမြရဲ့စာကို လုပ်ကြံစာ လို့ယူဆပြီးယုံကြည်မှုမရှိဘူး။





အခ်ကိုကိုချစ်ရမယ်.... ဟုတ်လား....
ညီမတို့က မောင်နှမတွေပဲ၊
တစ်ယောက်ကို တစ်ယောက်
မချစ်ဘဲ နေပါ့မလား

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ကစပြီး ကြာဖြူဟာ ဒေါ်စိန်မြကြည်တို့ သားအမိရဲ့အနှိမ်ခံဘဝနဲ့နေထိုင်ရတယ်။

ကြာဖြူဟာ ဖခင် စိတ်ဆင်းရဲမှာစိုးလို့ သူ့ရဲ့စိတ်ခံစားချက်တွေကို တတ်နိုင်သမျှ ဖုံးဖိထားတယ်။

သူ့ငွေးဦးမြဝင်း ကိုယ်တိုင် တောနယ်ဘက်ကို မကြာခဏ ခရီးထွက်နေတတ်လို့ သမီးဖြစ်သူရဲ့ခံစားချက်တွေကို းမလည်ဘူး။

———— ဇေတာနာစာပေ ————

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူဟာ မြမြအစ်ကို မြင့်ခိုင်နဲ့တော့ တဖြည်းဖြည်း ရင်းနှီးမှု ပိုလာတယ်။

မြင့်ခိုင်ဟာ အကြောင်းမသိရင်ရိုင်းပြတယ်လို့ မြင်နိုင်ပေမဲ့ စိတ်ရင်းကောင်းတာ တွေ့ရတယ်။

ကြာဖြူဟာ တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေတဲ့ မြင့်ခိုင်ရဲ့မွေးနေ့မှာ ကိုယ်ချင်းစာ စိတ်နဲ့မွေးနေ့လက်ဆောင် ဖောင်တိန်လေးတစ်ချောင်းကို ပေးခဲ့တယ်။

မြင့်ခိုင်ဟာ တုန်ယင်တဲ့ လက်ချောင်းတွေနဲ့ ဖောင်တိန်လေးကို ဆုပ်ကိုင်ပြီး

"ကျေးဇူးတင်တယ်၊ ငါ့တစ်သက်မှာ ပထမဆုံးရဖူးတဲ့ မွေးနေ့လက်ဆောင်ပဲ"

လို့တီးတိုးပြောတယ်။

တစ်နေ့တော့ ကြာဖြူဟာအိမ်မှာ တစ်ယောက်တည်းကျန်လို့ အဖျားတက်ပြီး ဂယောင်ကတန်းဖြစ်နေချိန်မှာ





မြင့်ခိုင်က ဆရာဝန်ကြီးကို သွားပင့်ပြီး အကူအညီပေးခဲ့တယ်။

မြင့်ခိုင်ကြောင့် ကြာဖြူ အသက်အန္တရာယ်က လွတ်မြောက်သွားခဲ့တယ်။

ဒီအချိန်ကစပြီး သူတို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးမှု ပိုလာခဲ့တယ်။

မြင့်ခိုင်နဲ့ကြာဖြူဟာ ကျောင်းချင်း မတူပေမဲ့ ညနေကျောင်းဆင်းချိန်တွေမှာ မြင့်ခိုင်ဟာ ကြာဖြူကျောင်းကို လာကြို ပြီး အတူတူပြန်လေ့ရှိတယ်။

ကြာဖြူဟာ စိတ်သဘောဖြူစင်သူပီပီ မြင့်ခိုင်တို့မောင်နှမကို ကိုယ့်သွေးသားအရင်းအချာလို သဘောထားခဲ့ပေမဲ့ စိတ်သဘောယုတ်တဲ့မြမြကြောင့် ဖြူစင်တဲ့ဘဝလေး ညစ်ထွေးခဲ့ရတယ်။

မြင့်ခိုင်ကတော့ ကြာဖြူကို ဖြူစင်တဲ့ ပန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့် ဖြစ်ကြောင်း သိနားလည်တဲ့ အချိန်ကစပြီးညီမ အရင်းထက်တောင်ပိုပြီး ရင်းနှီးကျွမ်းဝင်ခဲ့တယ်။

တစ်နေ့ထက် တစ်နေ့ သံယောဇဉ် ပိုရာက မရိုးသားတဲ့ အချစ်နဲ့ ပစ်မှားချင်လာတယ်။

ဒါကြောင့် ကျောင်းဆင်းတဲ့ တစ်နေ့မှာ ကြာဖြူကို မြို့ပြင်ပန်းခြံခေါ်သွားပြီး ချစ်ရေးဆိုခဲ့တယ်။

မြင့်နိုင်က

"ညီမလေး..အစ်ကို့ကို မချစ်ဘူးလား"

လို့မေးမြန်းလိုက်တော့ ကြာဖြူ မျက်လုံးပြူးသွားပြီး

"အစ်ကို့ကိုချစ်ရမယ်.... ဟုတ်လား.... ညီမတို့က မောင်နှမတွေပဲ၊ တစ်ယောက်ကို တစ်ယောက် မချစ်ဘဲ နေပါ့မလား"

လို့ဆိုလိုက်တော့ မြင့်နိုင်က ခေါင်းကို ခါယမ်းလိုက်ပြီး





" ဒီလိုမဟုတ်ဘူးလေ ညီမရဲ့...."

လို့ဆိုပြီး ပြောရ ခက်ဟန်နဲ့ ခေါင်းကုတ်လိုက်တယ်။

ပြီးတော့မှ

"ဒီလိုလေ..ညီမနဲ့ အစ်ကိုက မောင်နှမ အရင်းမဟုတ်ဘူး၊ မောင်နှမအရင်း မဟုတ်တဲ့အတွက် သွေးသား အရင်းအချာတွေလို ချစ်လို့မရဘူး"

လို့ဆိုလိုက်တော့ ကြာဖြူ မျက်နှာကွက်ခနဲ ပျက်သွားပြီး

"အို... အစ်ကို ဘာတွေ ပြောနေတာလဲ ပတ်ဝန်းကျင် ကြားလို့မှ မသင့်တော်ပါဘူး၊ နောက်ဘယ်တော့မှ ဒီစကားမပြောပါနဲ့ အစ်ကိုရယ်"

လို့ပြောလိုက်တော့ မြင့်နိုင်က မကျေမချမ်းနဲ့

"အို..ဘာပဲဖြစ်ဖြစ် အစ်ကိုကတော့ ညီမကိုချစ်နေပြီ၊ အစ်ကိုရင်ထဲက ဆန္ဒတွေထိန်းချုပ်လို့ မရဘူး၊ ညီမ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကိုမချစ်ဘူးလား..ပြောပါ..ညီမရယ်.."

လို့ဆိုပြီး ကြာဖြူရဲ့ လက်မောင်းကို ဆုပ်ကိုင်ပြီး အလောတကြီး မေးမြန်းခဲ့တယ်။

ကြာဖြူဟာ ဆန္ဒစောကြီးမားတဲ့ မြင့်ခိုင်ကို ထိတ်လန့်တုန်လှုပ်သွားပြီး သူ့လက်က ရုန်းထွက်ကာ အဝေးကို ပြေးထွက်သွားခဲ့တယ်။

မြင့်ခိုင်က အနောက်ကနေ

"ကြာဖြူ..ကြာဖြူ.."

လို့တကြော်ကြော် အော်ဟစ်ပြီး လိုက်ပါသွားခဲ့တယ်။

ဒါပေမဲ့ ကြာဖြူက သူနဲ့ဝေးရာကို ပြေးထွက်သွားပြီ..။

ဒီအချိန်ကစပြီး မြင့်ခိုင်ဟာ ကြာဖြူကို ချစ်ကြောင်း အလီလီပြောဆိုနေခဲ့တယ်။

ကြာဖြူဟာ မြင့်ခိုင်ကို အစ်ကိုရင်းတစ်ယောက်လို





သံယောဇဉ်ရှိပေမဲ့ ချစ်သူတစ်ယောက်လို သဘောထားလို့ မရဘူး။

ကြာဖြူ့နှလုံးသားထဲမှာ ကိုကိုသိုက်က နေရာယူပြီးသား ဖြစ်နေတယ်။

ဒါကြောင့်မြင့်ခိုင်ကို ချစ်လို့ မရနိုင်ကြောင်း အခါခါ ငြင်းဆိုနေမိတယ်။

မြင့်ခိုင်က

"အစ်ကိုဘဝမှာ ပထမဆုံး မွေးနေ့လက်ဆောင် ရဖူးတာ ညီမဆီကပဲ၊ ဖြူစင်တဲ့အပြုံးလေးတွေလည်း ညီမဆီကပဲ ရတယ်၊ ဒါကြောင့် ညီမကို အစ်ကို သိပ်ချစ်တယ်"

လို့ဆိုတယ်။

ကြာဖြူဘက်က ငြင်းဆန်လေ မြင့်ခိုင်ဘက်က ရှေ့တိုးလေမို့ ကြာတော့ သူတို့အဖြစ်ကို မြမြတောင် ရိပ်မိလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြမြက မြင့်နိုင်ရဲ့ စွဲလမ်းမှုတွေကို မိခင်ဖြစ်သူကို အသိပေးလိုက်တော့ ဒေါ်စိန်လှကြည်က ကောက်ကျစ်ယုတ်မာဟန်နဲ့ပြုံးလိုက်ပြီး

"ဒါလဲ တစ်မျိုးကောင်းတာပေါ့ သမီးရယ်.. မြင့်နိုင်ကြာဖြူကို စွဲလမ်းနေတာ သူတို့ နှစ်ယောက် ဖောက်ပြန်တယ် ဆိုတဲ့ အကောင်းဆုံး သက်သေပဲပေါ့၊ ကိုကိုသိုက်ပြန်လာရင် သူတို့နှစ်ယောက်ကို ယုံကြည်မှာ မဟုတ်ဘူး၊ဒါဟာ သမီး အတွက်အခွင့်အရေးပဲ"

လို့ပြောပြီး သဘောကျဟန်နဲ့ ရယ်မောလိုက်တယ်။





ဒါလဲ တစ်မျိုးကောင်းတာပေါ့ သမီးရယ်..

မြင့်နိုင် ကြာဖြူကို စွဲလမ်းနေတာ သူတို့ နှစ်ယောက်

ဖောက်ပြန် တယ် ဆိုတဲ့ အကောင်းဆုံး

သက်သေပဲပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ကြာဖြူဟာ ကိုကိုသိုက်ကို လွမ်းဆွတ်သတိရတဲ့ စိတ်နဲ့ ကိုကိုသိုက်ရဲ့ ငယ်ငယ်ဘဝ ဓါတ်ပုံတွေကို ပြန်ကြည့်နေမိတယ်။

ဒီအချိန်မှာပဲ အခန်းထဲကို မြမြ ရုတ်တရက် ဝင်ရောက်လာပြီး ကြာဖြူလက်ထဲက ဓါတ်ပုံကို ဆတ်ခနဲ လုယူပြီး ကြာဖြူကို သရော်တဲ့အမူအရာနဲ့ ကြည့်ကာ

"နင်က ဘယ်လိုလဲ ကြာဖြူ၊ မိန်းကလေးတန်မဲ့





မျက် နှာများလှချည်လား၊ ကိုကိုသိုက်နဲ့လည်းဖြစ်တယ်၊ ငါ့အစ်ကိုနဲ့လည်း ဘာလိုလို‥ ဖြစ်နေပါလား‥ရန်ကုန်မှာ ကျောင်းတက်နေတဲ့ ကိုကိုသိုက်ကတော့ ဘာမှမသိရှာဘူး၊ နင့်ရဲ့မျက်နှာများပုံတွေကို ကိုကိုသိုက်သာသိရင် ရင်နာလို့ ဆုံးမှာ မဟုတ်ဘူး"

လို့ဆိုလိုက်တော့ ကြာဖြူဟာ သူ့ရဲ့သစ္စာတရားကို အစော်ကားခံရတဲ့အတွက် မကျေမချမ်းဖြစ်သွားပြီး

"နင်ငါ့ကို မစော်ကားနဲ့နော်၊ ငါ့ရင်ထဲမှာ ကိုကိုသိုက်ကလွဲလို့ ဘယ်သူမှမရှိဘူး၊ အစ်ကို မြင့်နိုင်ကို ငါရဲ့ အစ်ကိုအရင်းတစ်ယောက်လိုပဲ သဘောထားတယ် မှတ်ထား"

လို့ဆိုလိုက်တော့ မြမြက မျက်နှာကို မဲ့လိုက်ပြီး

"အစ်ကိုရင်းလို သဘောထားရင် ဘာဖြစ်လို့ ငါ့အစ်ကိုနဲ့ တစ်တွဲတွဲ လုပ်နေတာလဲ၊ ဘာလဲ ငါ့အစ်ကိုကို လှည့်စားပြီး ဝေဒနာတွေပေးချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ ကြာဖြူဟာ အံကို ကြိတ်ပြီး

"မြမြ နင်ငါ့အခန်းထဲက ထွက်သွားစမ်း၊ နင်ငါ့ကို စော်ကားလွန်းနေပြီ"

လို့မောင်းနှင်ထုတ်လိုက်တယ်။

မြမြက မျက်နှာကို မဲ့လိုက်ပြီး

"နင့်ရဲ့လှေနံ့နှစ်ဖက်နင်းတဲ့စရိုက်ကို ကိုကိုသိုက် သိရင် မတွေးဝံ့ဘူး"

လို့ဆိုပြီး အခန်းထဲက ထွက်သွားတယ်။

ကြာဖြူဟာ ရင်ထဲမှာ နာကျင်ခံခက်ပြီးကျန်ရစ်ခဲ့တယ်။

ကိုကိုသိုက်နဲ့ ခွဲခွာနေရတာ ကြာပြီ··ကိုကိုသိုက် ဘာဖြစ်လို့ အဆက်အသွယ် မပြုတာပါလိမ့်။

ကိုကိုသိုက် သူမအပေါ်သစ္စာပျက်သွားလေပြီ လား···။





ချစ်သူနဲ့ ခွဲခွာနေရတဲ့ နေ့ရက်တွေ ရှည်ကြာလွန်းတယ်လို့ ကြာဖြူခံစားရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်နဲ့ ခွဲခွါနေရတာ တစ်နှစ်ပြည့်တော့မယ်။

ကြာဖြူဟာ ကိုကိုသိုက်ကို လွမ်းနေပေမဲ့ စာမေးပွဲကိုတော့ ကောင်းမွန်စွာ ဖြေနိုင်ခဲ့ပါတယ်။

စာမေးပွဲပြီးတဲ့နေ့မှာ မြင့်နိုင်က ကြာဖြူကို စက်ဘီးနဲ့ လာကြိုပြီး မြို့ပြင်က ဆုတောင်းပြည့်စေတီကို သွားဖူးတယ်။

ကြာဖြူဟာ ဆုတောင်းပြည့်စေတီကို ရောက်တော့





ကိုကိုသိုက်နဲ့နှစ်ကိုယ်တူ ပျော်ဖူးခဲ့တာကို သတိရပြီး ဝမ်းပန်းတနည်း ဖြစ်သွားတယ်။

ကြာဖြူ မျက်နှာလဲ ညှိုးငယ်သွားတယ်။

မြင့်နိုင်က ကြာဖြူနဲ့နှစ်ကိုယ်တူ ယှဉ်တွဲပြီး ဘုရားဝတ်ပြုရင်း

"ကြာဖြူ အစ်ကို့ကို အဖြေ မပေးသေးဘူးလား"

လို့မေးလိုက်ပြန်တယ်။

ကြာဖြူက မြင့်နိုင်ရဲ့အမေးကြောင့် သက်ပြင်းချလိုက်ပြီး

"အစ်ကို ဘာဖြစ်လို့ စိတ်ပင်ပန်းခံပြီး ညီမကို ချစ်နေရတာလဲ၊ အစ်ကိုနဲ့ ညီမ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ညီမကသစ္စာမဲ့တဲ့သူ မဟုတ်ဘူး၊ ညီမ ကိုကိုသိုက်ကို မေတ္တာတုံ့ပြန်ပြီးသွားပြီ၊ ကိုကိုသိုက်ကို ညီမ သစ္စာစောင့်သိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တော့ မြင့်ခိုင်ရဲ့မျက်နှာ အကြီးအကျယ် ပျက်ယွင်းသွားတယ်။

သူ့ကို ကြည့်ရတာမျှော်လင့်ချက် ရွှေတောင်ကြီး ပြို ပျက်ကျသွားသလိုပဲ။

ကြာဖြူ ကိုမြင့်ခိုင်အတွက် စိတ်မကောင်းပါဘူး။

ဒါပေမဲ့ ကြာဖြူ သစ္စာမဲ့တဲ့သူ မဖြစ်ချင်ဘူး။

နှလုံးသားကိုလည်း မညာချင်ဘူး။

ဒီအချိန်ကစပြီး မြင့်ခိုင်ဟာ တစ်စုံတစ်ရာကို ထိခိုက် ခံစားသွားသလို မြင်ရတယ်။

မြင့်ခိုင်ဟာ ကြာဖြူကိုလဲ ခပ်ရှောင်ရှောင် လုပ်လာ တယ်။

နောက်တော့ နွေရာသီကျောင်းပိတ်ရက်မှာ ဒေါ်စိန်ခြ ကြည်တို့ အမျိုးတွေရှိတဲ့ရွာမှာသွားနေမယ်ဆိုပြီး သင်္ဘော ဆိပ်ကို ထွက်ခွာသွားတယ်။





မြင့်ခိုင်ကို သင်္ဘောဆိပ် လိုက်ပို့ပေးတဲ့သူက ထုံးစံ အတိုင်း ကြာဖြူတစ်ယောက်ပဲရှိတယ်။

မြင့်ခိုင်ကို ကြည့်ရတာ အထီးကျန် ဆန်လိုက်တာလို့ ကြာဖြူတွေးမိတယ်။

ဒါပေမဲ့ ကြာဖြူကိုယ်တိုင်လည်း ကိုကိုသိုက်နဲ့ ခွဲရလို့ အထီးကျန်နေတာပဲ မဟုတ်လား....။



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူဟာ နွေရာသီကျောင်းပိတ်ရက်မှာ ကိုကိုသိုက်ကို မျှော်နေမိတယ်။

ကိုကိုသိုက်တို့ မိသားစု သတင်းကို ကြာဖြူ မကြားရတာ ကြာလှပြီ…။

မကြာမီမှာပဲ ကြာဖြူ အလွန်ကြားချင်တဲ့ သတင်းကို ဖခင်ဦးမြဝင်းဆီက ကြားရတယ်။

ဦးမြဝင်းက ထမင်းဝိုင်းမှာ





"သြော်….မေ့နေလိုက်တာ ကိုကိုသိုက်တို့ သားအမိတို့မြို့ကိုအလည်လာလိမ့်မယ်။ သူတို့ မိသားစု ကိုးကွယ်တဲ့ ညောင်စိန်ရွာကျောင်းရဲ့ မှခ်ဦးအလှူကို ရေစက်ချဖို့ ရောက်လာတယ်ဆိုပဲ…..ငါ့သမီးတော့ ကိုကိုသိုက်နဲ့ ပြန်ဆုံရဦးမယ်ဟေ့၊ သူတို့ မိသားစုကို အားကျတယ်ကွာ၊ ငါတို့လည်း ရန်ကုန်ကို ပြောင်းပြီး စီးပွားရေး လုပ်ချင်နေပြီ"

ကြာဖြူဟာ ဦးမြဝင်း ဆက်ပြောတဲ့ စကားတွေကို စိတ်မဝင်စားတော့ဘဲ ကိုကိုသိုက် မြို့ကို ပြန်လာမယ် ဆိုတာကိုပဲ ခေါင်းထဲမှာ စွဲနေတယ်….။

ခွဲနေရတာ ကြာပြီကိုကိုသိုက်ရယ်….။

ဘာဖြစ်လို့ စာမလာ သတင်းမကြားဘဲ စိမ်စိမ်းကားကားလုပ်နေရတာလဲ….

ရန်ကုန်မြို့သူ အချောအလှတွေကို မြင်တော့ တောသူမ ကြာဖြူကို မေ့များသွားပြီလား…



www.burmeseclassic.com

www.burmeseclassic.com



အခုရက်ပိုင်းမှာ ကြာဖြူဟာ ကိုကိုသိုက်နဲ့ တွေ့ရဖို့ အရေးကိုပဲ ခေါင်းထဲမှာ တွေးနေတယ်။

ကိုကိုသိုက်နဲ့ တွေ့ရင် ပြောရမဲ့ စကားတွေကို ခေါင်းထဲမှာ စဉ်ထားရတာ အမောပဲ‥

နောက်ရက်များမှာ ကိုကိုသိုက်တို့ဘက်က သံကြိုးရိုက်လိုက်လို့ မြို့ကိုလာမဲ့နေ့ကို အတိအကျသိလိုက်ရတယ်။

ကိုကိုသိုက်တို့ တပေါင်းလပြည့်နေ့မှာ တစ်ဘက်ကမ်းက ညောင်စိန်ရွာကျောင်းတိုက်ရဲ့ မုခ်ဦးအလှူအတွက် ရေစက်ချမယ်။

နောက်တစ်နေ့မှာ သူတို့ဘက်ကမ်းကို ကူးလာပြီး မြို့မှာ တစ်နေ့လုံး အပန်းဖြေမယ်ဆိုပါလား‥‥‥

ဝမ်းသာလိုက်တာ‥‥

ကိုကိုသိုက်နဲ့ တစ်နေ့လုံးအတူတူပျော်ရတော့မယ်။

ကြာဖြူ ဝမ်းသာလုံးဆို့ပြီး ကြည်နူးဝမ်းမြောက်နေ





တာကို မရှုစိမ့်နိုင်တဲ့ သားအမိ နှစ်ယောက်ကတော့ နေမထိထိုင်မသာ ဖြစ်နေရှာတယ်။

မြမြက ကြာဖြူရဲ့ အမူအရာကို ကြည့်ပြီး နှုတ်ခမ်းကို မဲ့ကာ့ရွဲ့ကာနဲ့

“မြွေဟောက်လို လျှာနှစ်ခွနဲ့ မိန်းမ၊ နင်တော်တော် အပျော်လွန်နေတယ်ပေါ့လေ‥ငါ့အစ်ကို မြင့်ခိုင်ကတော့ နင့်ကြောင့် စိတ်ထိခိုက်ပြီး တစ်နေ့လုံး မြို့ပေါ်မှာ တောင်မနေနိုင်တော့ဘူး၊ ဒီအကြောင်းတွေကို ကိုကိုသိုက် သိရင် ခွင့်လွှတ်နိုင်မယ်ထင်လို့လား”

လို့မေးလိုက်တယ်‥။

ကြာဖြူက စိတ်အားတက်ကြွဟန်နဲ့

“ဒီမှာ‥‥ ကိုကိုသိုက်နဲ့ ငါဟာ ငယ်ပေါင်းတွေ၊ မနေ့ တစ်နေ့မှတွေ့တဲ့သူတွေ မဟုတ်ဘူး၊ ကိုကိုသိုက်က ငါ့ အကြောင်း ကောင်းကောင်း သိတယ်၊ ငါတို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သူမှ ကုန်းတိုက်လို့ မရဘူး၊ အဲဒါကို မြဲမြဲ မှတ်ထား”

လို့ဆိုလိုက်တော့ စိတ်ယုတ်မာရှိတဲ့ မြမြဟာ မျက်နှာ ကွက်ခနဲပျက်သွားတယ်။





မြွေပောက်ရဲ့ ချောနှစ်ခွန်း မိန်းမ၊
နင်တော်တော် အပျော်လွန်နေတယ်ပေါ့လေ....
ငါ့အခါကို မြင့်နိုင်ကတော့ နင့် ကြောင့် စိတ်ထိခိုက်ပြီး
တစ်နေ့လုံး မြို့ပေါ်မှာ တောင်မနေနိုင်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလပြည့်နေ့ကို ရောက်တော့ ကြာဖြူဟာ နေမထိထိုင်မသာ ဖြစ်နေမိတယ်။

ကိုကိုသိုက်တို့ လှူယုံတော်ကြီးဦးသီလရဲ့ အပြောအရ နံနက်စောစော ကိုကိုသိုက်တို့ သားအမိ ညောင်စိန်ရွာ ဘုန်းတော်ကြီးကျောင်းကို ရောက်မယ်ဆိုပဲ၊

အခုလောက်ဆိုရင် ကိုကိုသိုက်တို့ ရောက်နေလောက်ပြီ ပေါ့.....။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်နဲ့ အမြန်ဆုံး တွေ့ရဖို့အတွက် ညောင်စိန်ရွာဘက်ကမ်းကို ကူးဖို့ ဆုံးဖြတ်လိုက်တယ်။

ကြာဖြူ အဝတ်အစားလဲပြီး အိမ်ပေါ်က ဆင်းလိုက်တာနဲ့ဒေါ်စိန်မြကြည်က

"ညည်းဘယ်ကို သွားမလို့လဲ"

လို့မေးလိုက်တယ်။

ကြာဖြူက

"ကိုကိုသိုက်တို့ ရောက်နေပြီ၊ ညောင်စိန်ရွာဘက်ကမ်းမှာ သွားတွေ့မလို့"

လို့ ဆိုလိုက်တော့ ဒေါ်စိန်မြကြည်ရဲ့ မျက်နှာကွက်ခနဲပျက်သွားပြီး

"ညည်းကိုညည်း မိန်းကလေး ဆိုတာ သတိရဦး၊ ပျုတန့်တန့် နန့်တန့်တန့် မလုပ်နဲ့ မသွားရဘူး"

လို့တားဆီးလိုက်တယ်။





မြမြကလဲ ဝင်ပြီး

"အရှက်မရှိတဲ့ကောင်မ၊ နင်တော်တော်ထနေသလား"

လို့ဝေဖန်ပြစ်တင်လိုက်တယ်။

ကြာဖြူက သားအမိနှစ်ယောက်ရဲ့စကားကို နားမဝင်တော့ဘဲ

"ကျွန်မ ကိုကိုသိုက်နဲ့ ခွဲနေရတာ ကြာပြီ၊ အရှက်မရှိဘူးလို့ မနာလိုသူတွေ ကဲ့ရဲ့လည်း ဂရုမစိုက်ဘူး"

လို့ဆိုပြီး အိမ်ပေါ်က အပြေးတပိုင်းနဲ့ ဆင်းသွားတယ်။

ယုတ်မာတဲ့ သားအမိ နှစ်ယောက်ဟာ ကြာဖြူနောက်ကျောကို ကြည့်ပြီး မကျေမချမ်းဖြစ် ကျန်ရစ်ခဲ့တယ်။

ကြာဖြူဟာသင်္ဘောဆိပ်ကို တက်ကြွတဲ့ ခြေလှမ်းတွေနဲ့ လျှောက်လှမ်းသွားပြီး ညောင်စိန်ရွာဘက်ကူးမဲ့ သင်္ဘောပေါ်ကို တက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်စတင် ခုတ်မောင်းသွားရင်ပဲ ကိုကိုသိုက်နဲ့ တွေ့ရတော့မယ် ဆိုတဲ့အတွေးနဲ့ ကြာဖြူရင်တွေ တလှပ်လှပ် တုန်ယင်နေတယ်။

ကိုကိုသိုက်နဲ့တွေ့ရင် ပြောရမဲ့စကားတွေကိုလည်း စိတ်ထဲမှာ စဉ်ထားလိုက်တယ်။

ကြာဖြူဟာ စိတ်တွေ စောလွန်းလို့ သောင်စိန်ရွာဘက် ကူးမဲ့သဘော်ကိုတောင် နှေးတယ်လို့ ထင်နေမိတယ်။

ဒီအချိန်မှာပဲ ကောင်းကင် တစ်ခွင်လုံး အချိန်အခါ မဟုတ် အုပ်ဆိုင်းညို့မှိုင်းပြီး နွေခေါင်ခေါင်ကြီး လေတွေမိုး တွေ တိုက်ချလိုက်တယ်။

လေပြင်းတွေလဲ တိုက်ခတ်လာတယ်။

တစ်ချီမှာ အလွန်ပြင်းထန်တဲ့ လေပြင်းတစ်ချက် ဝှေ့တိုက်လိုက်လို့ သဘော်တစ်စင်းလုံး ကိုင်ဆောင့်လိုက်သလို ဖြစ်သွားပြီး သဘော်တစ်စီးလုံးလဲ ကယ်ပါယူပါ တစ်စာစာနဲ့





ငရဲကျသလို ဆူညံ ပွက်သွားတယ်။

ကြာဖြူဟာ ကြောက်လွန်းလို့ အသံကုန် အော်ဟစ်မိ လိုက်တယ်။

နောက်တစ်ချီ လေပြင်းတစ်ချက် ဝှေ့အတိုက်မှာ သဘော်ဟာ မထိန်းနိုင်တော့ဘဲ တစ်စောင်းကြီး မှောက်ကျ သွားတယ်။

ကြာဖြူဟာ မမျှော်လင့်ဘဲ သဘော်မှောက်သွားလို့ အထိတ်တလန့် အော်ဟစ်ပြီး ရေထဲကို ပြုတ်ကျသွားတယ်၊

ကြာဖြူဟာ ကိုကိုသိုက်နဲ့မတွေ့ဘဲ အသက်ဆုံးရတော့ မယ်လို့ အထိတ်တလန့် တွေးလိုက်မိတယ်။

သူဟာ ရေထဲမှာ မြုပ်ချည်ပေါ်ချည် ဖြစ်နေတုန်း သံ စည်ပိုင်းကြီးတစ်လုံး မျောလာလို့ အရအမိ ဖက်တွယ် ထားလိုက်တယ်။

လှိုင်းတွေလေတွေ ကြီးတဲ့ အချိန်မို့ သံစည်ပိုင်းကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ရေစီးအတိုင်း အရှိန်အဟုန်ကြီးစွာမျောပါသွားခဲ့တယ်။

ကြာဖြူဟာ သံစည်ပိုင်းပေါ်က ပြုတ်မကျအောင် ကြိုးစားဖက်တွယ်ပြီး မြစ်ကြောင်းအတိုင်းမျောပါသွားခဲ့တယ်။

အချိန်တွေ ကြာလာတော့ ချမ်းလွန်းလို့ တဆတ်ဆတ်တုန်လာတယ်။

သူဘယ်ကို ရောက်နေမှန်းလဲ မသိတော့ဘူး။

ဒီအချိန်မှာပဲ မြစ်ထဲမှာ အရှိန်နဲ့ မျောပါလာတဲ့ သစ်တုံးကြီး တစ်တုံးဟာ ကြာဖြူခေါင်းကို ဆောင့်တိုက်လိုက်တာ ကြာဖြူ မျက်လုံးထဲမှာ မိုက်ခနဲဖြစ်ပြီး မေ့မျောသွားတယ်။





ကျွန်မ ကိုကိုသိုက်နဲ့ ခွဲနေရတာ ကြာပြီ၊
အရှက် မရှိဘူးလို့ မနာလိုသူတွေ ကဲ့ရဲ့လည်း
ဂရုမစိုက်ဘူး.......

www.burmeseclassic.com

www.burmeseclassic.com



ညောင်စိန်ရွာဘက် ကမ်းကို ကူးတဲ့သင်္ဘော လေပြင်းကြောင့် တိမ်းမှောက်သွားပြီး ပျောက်ဆုံးစာရင်းထဲမှာ ကြာဖြူ ပါသွားကြောင်းသိတဲ့အခါ ကိုကိုသိုက်ဟာ အရူးမီးဝိုင်းဖြစ်ပြီး မြစ်ကမ်းဘက်ကို ပြေးသွားတယ်။

သူဟာ မြစ်ပြင်ကျယ်ကြီးရှေ့မှာ ဒူးထောက် ထိုင်ချပြီး

"ကြာဖြူ.....ကြာဖြူ...."

လို့ အော်ဟစ်တမ်းတနေတယ်။

—— ဝေတနာတာဝေ ——

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက် ယူကျုံးမရ ဖြစ်နေတာကို ဘယ်သူမှ ဖျောင့်ဖျ လို့ မရဘူး။

ညောင်စိန်ရွာ ကျောင်းရဲ့မုခ်ဦးအလှူပွဲလာ ပရိသတ်တွေကကိုကိုသိုက်ကိုကြည့်ပြီးသနားကရုဏာသက်ကြတယ်။

သူဌေးဦးမြဝင်းဟာ သူ့သမီးသတင်းကို ကြားကြားချင်း ခေါင်းကို လက်နဲ့အုပ်ပြီး မူးမိုက်ကျသွားခဲ့တယ်။

သတိပြန်လည်လာတော့ သမီး··သမီးလို့တတွတ်တွတ် ရွတ်ပြီး ပူဆွေးသောကရောက်နေရှာတယ်။

ဒေါ်စိန်မြကြည်တို့ သားအမိလဲ အများရှေ့မှာ ကြေကွဲဝမ်းနည်းသယောင် ဟန်ဆောင်ငိုကြွေးနေကြတယ်။

သူတို့ရင်ထဲမှာတော့ ပျော်လွန်းလို့ ထတောင် ခုန်ချင်နေတယ်။

သူ့သမီးရဲ့ အချစ်ရေးအတွက် အနှောင့်အယှက်ပေးမဲ့သူမရှိတော့ဘူးလေ။





ပြိုင်ဘက် မရှိတဲ့ပွဲမှာ တစ်ယောက်တည်း ဝင်နွှဲရတော့မယ်။

သူဌေးဦးမြဝင်း ခမြာမှာတော့ သမီးသောကကြောင့် စီးပွားရေး လုပ်ငန်းတွေကို ပစ်ပြီး အရူးတစ်ပိုင်း ဖြစ်နေရှာတယ်။

နောက်တော့ ပူဆွေးသောက ဗျာပါဒတွေများလွန်းလို့ ညောင်စိန်ရွာကျောင်းမှာ ရက်ရှည်တရားစခန်းဝင်နေခဲ့တယ်။

ယုတ်မာတဲ့ သားအမိကတော့ အိမ်မှာ နေ့စဉ်ရက်ဆက် ပျော်ပွဲတွေဆင်ပြီး အောင်မြင်မှုသရုပ်ဆောင်နေခဲ့တယ်။

ဒီအချိန်မှာပဲ မမျှော်လင့်ဘဲ သူတို့ အတွက် အနှောင့်အယှက်ရောက်လာခဲ့တယ်။

ဒီအနှောင့်အယှက်ကို သယ်ဆောင်လာသူက ဒေါ်စိန်မြကြည်ရဲ့ သားမြင့်ခိုင်ကိုယ်တိုင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြင့်နိုင်ဟာ နွေကျောင်းပိတ်ရက်တွေမှာ ဒေါ်စိန်မြကြည်တို့ အမျိုးအဆွေတွေရှိရာ တံငါရွာလေးမှာသွားပြီး ရှောင်ပုန်းနေခဲ့တယ်။

သူဟာ ကြာဖြူ မျက်နှာကို မြင်ရင် ခံစားရလွန်းလို့ နွေကျောင်းပိတ်ရက်တွေမှာ သက်သာရာနေရာကို သွားရှောင်နေတာပဲ။

အခု မြင့်နိုင် မမျှော်လင့်ဘဲ ရောက်လာပြီး မောကြီးပန်းကြီးနဲ့

"အမေ..ကျုပ်တို့ရွာမှာ ကြာဖြူ ရောက်နေတယ်၊ ကြာဖြူ သင်္ဘောပျက်ပြီး ရွာဘက်ကမ်းကို မျောလာတာကို ကျုပ်ကိုယ်တိုင် ရေထဲကယ်တင်လိုက်ရတာဗျ"

လို့ပြောလိုက်တော့ သားအမိနှစ်ယောက် ခေါင်းမီးတောက်သွားတယ်။

ဒေါ်စိန်မြကြည်က အထိတ်တလန့်နဲ့



BURMESE CLASSIC .com



"ဘာ...ကြာဖြူ မသေဘူး ဟုတ်လား၊ နင်က ဘာဖြစ်လို့ဆတ်ဆော့ပြီး ဒီကောင်မကိုရေထဲက ဆယ်လာရတာလဲ၊ သူ ဘာသာသေလမ်းသွားလည်း အေးတာပဲ"

လို့ပြောလိုက်တော့ မြင့်နိုင်က သူ့နားကိုတောင် သူ မယုံနိုင်ဘဲ

"ဗျာ.. ကြာဖြူကို ကျုပ်က မကယ်ရဘူး ဟုတ်လား၊ ကျုပ်မကယ်ရင် သူရေထဲမှာ အသက် ဆုံးသွားမှာပေါ့ဗျ"

လို့ပြောလိုက်တယ်။

ဒေါ်စိန်မြကြည်က မျက်နှာရှုံ့မဲ့ပြီး

"သေလဲသေပါစေပေါ့၊ ဒီကောင်မက နင့်ညီမရဲ့ အချစ်ရေးမှာ အနှောင့်အယှက် ပေးနေတာ သိရဲ့လား"

လို့မေးလိုက်တယ်။

မြမြကလဲ ဝင်ပြီး

"ဟုတ်တယ်၊ ဒီကောင်မ ရှိနေသရွေ့ကျွန်မနဲ့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



သိုက်အဆင်ပြေမှာမဟုတ်ဘူး၊ သူမရှိရင် သိပ်ကောင်းမယ်”

လို့ပြောတယ်။

မြင့်နိုင်ဟာ သူ့အမေနဲ့နှမရဲ့ စကား ကြောင့် တုန်လှုပ်ချောက်ချားသွားပြီး

“ဟာ··အမေတို့ကလဲ လူတစ်ယောက်ရဲ့ အသက်ထက် ပိုအရေးကြီးတာရှိလို့လားဗျာ၊ လောကမှာ ယောကျ်ား ဒီလောက်ရှားနေလို့လား၊ ကိုကိုသိုက်မှ မရှိရင် နှမကို ယူမဲ့သူမရှိဘူးလား”

လို့ပြောလိုက်တယ်။

မြင့်နိုင်ရဲ့ စကားကြောင့် ဒေါ်စိန်မြကြည်က ဒေါသတကြီးနဲ့

‘နင်ဘာမှမသိဘဲ စကားမရှည်နဲ့၊ ပြောစမ်း၊ ဒီကောင်မက ဘာလို့ ပါမလာတာလဲ’

လို့ မေးမြန်းလိုက်တယ်။





ဒီအခါမှာ မြင့်နိုင်က

‘ကျုပ်လဲ ဒါကိုပဲ ပြောမလို့ဗျ၊ ကြာဖြူကို ကျုပ်ရေထဲက ကယ်လာတုန်းက ကြာဖြူ ခေါင်းမှာ ဒဏ်ရာကြီးနဲ့ဗျ၊ ကြာဖြူဟာ ဒဏ်ရာကြောင့်လားတော့မသိဘူး၊ သူ့ဘဝကို သူမေ့နေတယ်၊ ကျုပ်ကိုတောင် ကြာဖြူက မမှတ်မိဘူး ဖြစ် နေတယ်”

လို့ပြောလိုက်တယ်။

ဒေါ်စိန်မြကြည်ဟာ မြင့်နိုင်ရဲ့ စကားကြောင့် ခေါင်းထဲမှာ ဉာဏ်နီဉာဏ်နက်တွေစဉ်လိုက်ပြီး

“ကြာဖြူဟာ ခေါင်းထိခိုက်ခံရပြီး သူ့ ဘဝကို သူမေ့နေတယ် ဟုတ်လား၊ နင့်ကိုတောင် မမှတ်မိဘူးဆိုတာ တကယ်ပဲလား”

လို့မေးလိုက်တယ်။

မြင့်နိုင်က ခေါင်းညိတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကြာဖြူ ကျုပ်ကိုတောင်မမှတ်မိတော့ဘူး"

လို့ပြောလိုက်တယ်။

ဒီအခါမှာ ဒေါ်စိန်မြကြည်က ကောက်ကျစ်ယုတ်မာဟန်နဲ့ ပြုံးလိုက်ပြီး

"ဒါဆိုရင်တော့ငါတို့အတွက်အကွက်ပဲ၊ ဒီအခွင့်အရေးကို အရအမိ အသုံးချရမယ်"

လို့ဆိုလိုက်တော့ စိတ်ယုတ်မာရှိတဲ့ မြမြက

"ဘယ်လိုအကြံရှိလို့လဲအမေရယ်..ပြောပါဦး"

လို့ အလောတကြီးမေးလိုက်တယ်။

ဒေါ်စိန်မြကြည်က မြင့်ခိုင်ကို ကြည့်ပြီး

'ဒီမှာ..သားကြီး အမေ မှာတာကို သေသေချာချာ နားထောင်၊ ကြာဖြူဆိုတဲ့ မိန်းကလေး မရှိရင် အမေတို့ သားအမိရဲ့ နောင်ရေးဟာ အရာရာ ပန်းခင်းလမ်း ဖြစ်သွား





မယ်၊ မင်းညီမရဲ့ အိမ်ထောင်ရေးအတွက်လည်း စိတ်အေးရလိမ့်မယ်၊ ဒါကြောင့် မာန်မာနတွေ ခဝါချပြီး သူ့ကို ဒီအရပ်က မောင်းထုတ်ဖို့ ကြံစည်ရတာပဲ"

လို့ဆိုပြီး မြင့်ခိုင်ရဲ့ မျက်နှာကို တစ်ချက်ကြည့်လိုက်တယ်။

မြင့်ခိုင်က ဒေါ်စိန်မြကြည်ကို နားမလည်ဟန်နဲ့ ကြည့်နေရှာတယ်။ မြမြကလဲ ဝင်ပြီးတော့

"အမေ ပြောတာ ဟုတ်တယ်၊ အစ်ကို ကြာဖြူကို ချစ်တယ်ဆိုရင်တော့ ကြာဖြူကိုခေါ်ပြီး ဒီအရပ်က ထွက်ပြေးပေတော့၊ ကြာဖြူဟာ သူဌေးသား ကိုကိုသိုက်ကို တန်းတန်းစွဲ ဖြစ်နေတာ အစ်ကို သိတယ်မဟုတ်လား၊ ကိုကိုသိုက်ပေါ်လာရင် ကြာဖြူကို အစ်ကိုတစ်သက်လုံး ဆုံးရှုံးရမှာပဲ၊ ဒီအချိန်ဟာ အစ်ကိုအတွက် အခွင့်အရေးပဲ"

လို့ပြောတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မြကြည်ကလည်း

"ဟုတ်တယ် သားကြီး ဒါဟာ ကြာဖြူကို ပိုင်ဆိုင်နိုင်ဖို့ မင်းရဲ့အခွင့်အရေးပဲ"

လို့ပြောတဲ့အခါ မြင့်ခိုင်ဟာ ကိုကိုသိုက်ကလွဲရင် ဘယ်သူကိုမှမချစ်နိုင်ဘူးလို့ ကြာဖြူ ပြောခဲ့တာကို အမှတ်ရတယ်။

ကြာဖြူကို သူ ဘယ်တော့မှ မပိုင်ဆိုင်နိုင်တော့ဘူးလို့ ယုံကြည်တဲ့အတွက် နွေရာသီကျောင်းပိတ်ရက်မှာတောင် ကြာဖြူကို မမြင်ဝံ့လို့ အဝေးမှာ သွားပြီး ရှောင်တိမ်းနေရတယ်။

အခုတော့ အမေနဲ့ နှမရဲ့ ပြောစကားအရ ကြာဖြူကို ပိုင်ဆိုင်နိုင်ဖို့ အခွင့်အရေးရှိတယ် ဆိုပါလား....။

ကြာဖြူကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် သူ့ဘာမဆို လုပ်ဖို့ ဝန်မလေးဘူး....။



BURMESE CLASSIC .com



မှုဝ်ကြယ်ကို ခူးဆွတ်ရမလား....။

မြင်းမိုရ်တောင်ကို ဒူးနဲ့တိုက်ရမလား....။

မြင့်ခိုင် တွေဝေငေးမောနေတာကိုကြည့်ပြီး ဒေါ်စိန်မြကြည်က ကောက်ကျစ်စွာ ပြုံးလိုက်ပြီး

"ဒီမှာ ငါ့သား၊ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး ဆိုတဲ့စကားကို မင်းမကြားဖူးဘူးလား၊ ဒါဟာ မင်းနဲ့ ကြာဖြူမှာ ဖူးစာကံရှိလို့ ဖြစ်လာတာလို့ အမေထင်တယ်"

လို့ အဆင်းမှာဘီးတပ်ပေးလိုက်တယ်။

မြမြကလဲ ဝင်ပြီး

"အင်းလေ..အစ်ကို သတ္တိမရှိရင်လည်းနေလေ၊ ကိုကိုသိုက်ပြန်လာပြီ ဆိုတော့ သူတို့ ချစ်သူနှစ်ဦး စိတ်တူ ကိုယ်တူ ပေါင်းဖက်ကြလိမ့်မယ်၊ အဲဒီအချိန်ကြမှ အလွမ်းသမားကြီး လုပ်နေပေါ့၊ အစ်ကိုသတ္တိမရှိရင်တော့ တစ်သက်လုံး ဝေးရမှာပဲ၊ တကယ်တော့ ကျွန်မတို့က မိန်းမသားချင်းဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ကြာဖြူဟာ အစ်ကို့ကို သံယောဇဉ်ရှိတယ်၊ ကိုကိုသိုက် မရှိရင် အစ်ကို့မေတ္တာကို လက်ခံမှာပဲ''

လို့ဆိုလိုက်တော့ ဒေါ်စိန်မြကြည်ကဝင်ပြီး

''အမေလဲ သတိထားမိတယ်၊ ကြာဖြူဟာ သားကြီးအပေါ် မေတ္တာရှိတယ်၊ ကိုကိုသိုက် မရှိရင် မင်းကို တုံ့ပြန်မှာပဲ၊ မင်း တွေဝေနေရင်တော့ နောက်ကျကျန်ခဲ့လိမ့်မယ်''

လို့ဆိုလိုက်တော့ မြင့်နိုင်ဟာ အံကို ကြိတ်ပြီး

''ဟုတ်တယ်၊ ကျုပ် မတွေဝေတော့ဘူး၊ ကြာဖြူမေတ္တာကို ရအောင်ယူမယ်၊ ကျုပ်ဘာလုပ်ရမလဲ ''

လို့မေးမြန်းလိုက်တော့ ကောက်ကျစ်ယုတ်မာတဲ့ သားအမိဟာ တစ်ယောက်မျက်နှာ တစ်ယောက် အားရဟန်နဲ့ ကြည့်လိုက်ရင်း ဒေါ်စိန်မြကြည်က မြင့်နိုင်ရဲ့ ပခုံးကို ဖက်ပြီး

''ဘာမှ မခက်ပါဘူး သားကြီးရယ်....မင်းလုပ်ရဲဖို့ပဲ လိုတာပါ''



ဆိုပြီး ယုတ်မာ ကောက်ကျစ်တဲ့ အကြံအစည်တွေကို တီးတိုးပြောပြလိုက်တယ်။

အချစ်ရူး မြင့်နိုင်ကတော့ ကြာဖြူကို မခွဲနိုင်တာ တစ်ခုတည်းနဲ့ လုပ်သင့်မလုပ်သင့် မတွေးတော့ဘဲ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

ဒေါ်စိန်မြကြည်က စကားဆုံးတော့ တီးတိုးရယ်မောလိုက်ပြီး

''အမေရဲ့စိတ်ကူးက သားရွှေအိုးထမ်းလာမဲ့ စိတ်ကူးမျိုးပါ၊ အမေ့စကားကို နားထောင်ရင် ငါ့သားလည်းကြာဖြူနဲ့ ပေါင်းရမယ်၊ မင်းညီမမြမြလည်း သူဌေးသားကိုကိုသိုက်ကို ရမယ်၊ ဘယ်လောက်ကောင်းသလဲ''

လို့ ဆိုတော့ မြမြက အားတက်သရောဝင်ပြီး

'ဟုတ်တယ်၊ အစ်ကိုနဲ့ညီမ နှစ်ယောက်စလုံး ကောင်းစားမဲ့အစီအစဉ်ပဲ''

www.burmeseclassic.com

www.burmeseclassic.com



လို့ ဝမ်းသာအားရထောက်ခံလိုက်တယ်။

မြင့်ခိုင်ကတော့ အမေနဲ့ နမရဲ့ စကားတွေကို မကြားတော့ဘူး။

သူ့မျက်လုံးထဲမှာ ကြာဖြူနဲ့ အတူတူနေရတဲ့ ဘဝလေးကို ကြိုမြင်ပြီး ပျော်ရွှင် ကြည်နူးနေတယ်။

ကြာဖြူနဲ့သာ အတူတူနေရမယ် ဆိုရင် ဘာမဆို သူစွန့်စားဝံ့ပါတယ်။

ကြာဖြူသာ အနားမှာရှိရင် ဘယ်လို ရန်သူမျိုး မဆို သူရင်ဆိုင်ဝံ့ပါတယ်။

မြင့်ခိုင်ဟာ ကြာဖြူကို စွဲလမ်းတဲ့ စိတ်နဲ့ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့ဘဲ မိခင်နဲ့ နမရဲ့မြှောက်ပင့်ပေးတာကို လက်ခံလိုက်မိတယ်။





မြင့်ခိုင်ဟာ ကြာဖြူ မျက်နှာကို မြင်ရင် နာကျင်လွန်းလို့ နွေရာသီ ကျောင်းပိတ်ရက်မှာ ကြာဖြူနဲ့ အဝေးမှာနေမယ်ဆိုပြီး ဒေါ်စိန်မြကြည်ရဲ့ အမျိုးတွေရှိရာ တံငါရွာမှာ သွားနေခဲ့တယ်။

သူဟာ တံငါရွာမှာ နေပေမဲ့ အချိန်တိုင်း ကြာဖြူကို သတိရနေခဲ့တယ်။

တစ်နေ့တော့ ကြာဖြူကို သတိရလွန်းလို့ သောင်ပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ထိုင်နေခိုက် သဘော်မှောက်လို့ ရေထဲမှာ မျောပါလာတဲ့ ကြာဖြူကို တိုက်တိုက်ဆိုင်ဆိုင် ကယ်တင်လိုက်ရတယ်။

မြင့်ခိုင်ဟာ တံငါရွာက လူတွေကို ကြာဖြူဟာသူ့ ပထွေးရဲ့ သမီးဖြစ်ကြောင်း အသိပေးခဲ့တယ်။

ထူးခြားတာ တစ်ခုက ကြာဖြူဟာ ခေါင်းကို ထိခိုက်တဲ့ဒဏ်ရာကြောင့် အတိတ်မေ့ရောဂါဖြစ်သွားတယ်။

ကြာဖြူဟာ မြင့်ခိုင်ကိုတောင် ဘယ်သူမှန်း မသိတော့ဘူး။

အခု အမေနဲ့နှမရဲ့ သဘောအရ ကြာဖြူကို အဝေးကို ခေါ်သွားပြီး မြို့နဲ့ ဝေးတဲ့ အရပ်မှာ တစ်သက်လုံး အတူနေရမယ်တဲ့·····။

ကြာဖြူနဲ့သာ အတူတူနေရရင် သူ ဘာမဆို လိုက်နာဖို့ အဆင်သင့်ပဲ·····။

မြင့်ခိုင်ဟာ တံငါရွာလေးကို ပြန်သွားပြီး ကြာဖြူကိုသူ့





မိဘတွေရှိရာကို ခေါ်သွားမယ်လို့ သတင်းလွှင့်လိုက်တယ်။

ကြာဖြူရွာက ပြန်တဲ့နေ့မှာ တစ်ရွာလုံး ကရုဏာသက်ပြီး တမ်းစပ်လိုက်ပို့ကြတယ်။ ကြာဖြူဟာ သူ့ကိုလိုက်ပို့တဲ့ ရွာသူ ရွာသားတွေကို ဇဝေဇဝါဖြစ်နေတဲ့ မျက်လုံးနဲ့ ကြည့်ပြီး မြင့်ခိုင်နဲ့ လိုက်ပါလာတယ်။

မြင့်ခိုင်ဟာ မော်တော်ထွက်ပြီး ခဏအကြာမှာ ကြာဖြူ အနီးကိုကပ်လာပြီး

"ဟိုးအရင်က အကြောင်းတွေကို ညီမ သတိမရတော့ဘူးလား"

လို့မေးမြန်းလိုက်တော့ ကြာဖြူက ခေါင်းခါယမ်းလိုက်ပြီး

"ဘာမှသတိမရတော့ဘူး၊ ညီမ သဘော်မှောက်ပြီး တံငါရွာလေးကို ရောက်လာတာပဲ သိတယ်၊ ညီမဘဝကို အစ်ကိုသိရင်ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



လို့မေးမြန်းလိုက်တယ်။

ကြာဖြူ အမေးကြောင့် မြင့်နိုင်ဟာ သက်ပြင်းမော တစ်ခုကို တိတ်တခိုးချလိုက်ပြီး

"အစ်ကို သိပါတယ်၊ တံငါရွာက လူတွေရှေ့မှာ အစ်ကို မပြောချင်လို့ပါ၊ ညီမရဲ့ဘဝမှန်ကို တံငါတွေ သိသွားရင် သူတို့ ညီမကို ဂရုမစိုက်ပဲ နေမှာစိုးလို့"

လို့ပြောလိုက်တော့ ကြာဖြူက အံ့သြသွားပြီး

"ဟင်..ဒါဆိုရင် ညီမက အစ်ကိုရဲ့ပထွေးသမီးဆိုတာ အမှန်မဟုတ်ဘူးလား"

လို့မေးလိုက်တယ်။

မြင့်နိုင်က မလုံမလဲ အမူအရာနဲ့

"ဟုတ်တယ်၊ ညီမက အစ်ကို့ပထွေးရဲ့သမီး မဟုတ်ဘူး"

လို့ဆိုလိုက်တော့ ကြာဖြူက စိတ်ရှုပ်ထွေးဟန်နဲ့





"ဒါဆိုရင် ညီမ ဘဝမှန်ကို အစ်ကို ပြောပြပါ"

လို့မေးမြန်းလိုက်တယ်။

မြင့်နိုင်က ကြာဖြူ့အမေးကြောင့် သက်ပြင်းမောကြီး ကိုချပြီး

"ညီမ ဘဝမှန်ကို အစ်ကိုပြောလိုက်ရင် ညီမ စိတ် ဆင်းရဲသွားမှာစိုးတယ်"

လို့ဆိုလိုက်တော့ ကြာဖြူက

"ပြောပါ အစ်ကိုရယ်... ညီမ စိတ်ထိန်းနိုင်ပါ တယ်"

လို့ပြောပါတယ်။

မြင့်နိုင်ဟာ ကြာဖြူကို မလုံမလဲ ကြည့်ပြီး

'တကယ်တော့ ညီမဟာ အစ်ကိုတို့ အိမ်နီးချင်း မိသားစုကပါ၊ ညီမနာမည်အရင်းက မပန်းချစ်လို့ခေါ်တယ်၊' ညီမမိဘနှစ်ပါးက ရှေ့ဆင့် နောက်ဆင့် ဆုံးပါးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့နောက်ပိုင်း အစ်ကိုတို့ပဲ ညီမကို ပိုင်းဝန်း စောင့်ရှောက်ခဲ့ကြတယ်''

လို့ ပြောတော့ ကြာဖြူက စိတ်အားငယ်ဟန်နဲ့

''ဒါဆိုရင်ညီမမှာမိဘဆွေမျိုးတွေ မရှိတော့ဘူးပေါ့''

လို့ပြောတယ်။ မြင့်ခိုင်က

''ညီမမှာ မိဘဆွေမျိုးတွေ မရှိဘူး ဆိုပြီး စိတ်အားမငယ်ပါနဲ့၊ ညီမကို ညီမလေးလို သဘောထားပြီး အစ်ကို တစ်သက်လုံး စောင့်ရှောက်မှာပါ''

လို့ပြောတော့ ကြာဖြူဟာ အားကိုးဟန်နဲ့ မြင့်ခိုင်ကို ကြည့်လိုက်တယ်။

မြင့်ခိုင်ဟာ ကြာဖြူကို စကားဆက်ပြောရမှာ လိပ်ပြာမလုံတာနဲ့ အဝေးကို ငေးကြည့်နေလိုက်တယ်။

တကယ်တော့ ကြာဖြူကို ဒီလိုမှသာ မပြောချင်ပါဘူး။





အမေနဲ့နှမရဲ့အလိုအရ လိမ်ညာလှည့်ဖြားရတာပါ။

ကြာဖြူကို ဆင်းရဲတဲ့ဘဝမှာလည်း မထားရက်ပါဘူး။

ဒီလိုနဲ့ မြင့်ခိုင်ဟာ ဒေါ်စိန်မြကြည် အမိန့်အတိုင်း ကြာဖြူကို မလိမ့်တစ်ပတ်နဲ့ မြို့နဲ့ဝေးရာကို ခေါ်သွားခဲ့တယ်။

သူတို့ဟာ မြို့နဲ့အတော်အတန်ဝေးတဲ့ အရပ်က ငှက်ပျောခြံလေးတစ်ခြံကိုဝယ်ယူပြီး နေထိုင်ခဲ့ကြတယ်။

မြင့်ခိုင်ဟာ ကြာဖြူကို နှမလေး တစ်ယောက်လို ပြုစု စောင့်ရှောက်ပြီးနေထိုင်ခဲ့ကြတယ်။

ငှက်ပျောခြံကရတဲ့ ဝင်ငွေဟာ သူတို့နှစ်ယောက်ရဲ့ စားဝတ်နေရေးအတွက်လုံလောက်နေလို့ ပူပင်ကြောင့်ကြစရာ မလိုဘူး။

ကြာဖြူဟာ မြင့်ခိုင်နဲ့ အတူနေရတဲ့ဘဝလေးကို ပျော်ရွှင် ကျေနပ်နေတယ်။

သူတို့ နှစ်ယောက် ငှက်ပျောခြံလေးကို ဒိုးတူဘောင်



www.burmeseclassic.com

www.burmeseclassic.com



ဖက် လုပ်ကိုင်စားသောက်ရင်း တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ပိုခဲ့ကြတယ်။

မြင့်ခိုင်ဟာ ကြာဖြူကို ဆင်းရဲတဲ့ဘဝမှာ ထားရတာ မတရားသလိုဖြစ်ပေမဲ့ အတိတ်ကို ပြန်သတိရရင် သူ့ကို ပစ်ပြီး အဝေးကို ထွက်သွားမှာ ကြောက်လို့ ဒီဘဝမှာပဲ နေစေချင်တယ်။

ဒါပေမဲ့ ကြာဖြူဟာ အတိတ်ကို လုံးဝ ပြန်သတိရ မလာပါဘူး။

မြင့်ခိုင်ဟာ ကြာဖြူနဲ့ အတူတူနေရတဲ့ အချိန်လေးတွေ ပျောက်ဆုံးသွားမှာ သေမတတ်ကြောက်ပါတယ်။

ဒီလိုနဲ့ မြင့်ခိုင်ဟာ ကြာဖြူနဲ့ သူရဲ့ အနာဂတ်အတွက် ဆန်ကုန်သည်အလုပ်ကို တွဲဖက်လုပ်ကိုင်ခဲ့ပါတယ်။

မြင့်ခိုင်ဟာ ဧရာဝတီ မြစ်ရိုးအတိုင်း လှေကြီးတွေနဲ့ စုန်ဆန်လိုက်ပြီး ဆန်ကုန်သည်အလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်။





သူဟာ ဆန်ကုန်သည်အဖြစ် ခရီးထွက်ကာနီးမှာ ကြာဖြူကို အိမ်နီးချင်းတွေဆီမှာ အပ်ပြီး လှေကြီးပေါ်တက် သွားလေ့ရှိတယ်။

ကြာဖြူကတော့ မြင့်ခိုင် ပြန်လာမဲ့ အချိန်တွေကိုမှန်းပြီး မြစ်ဆိပ်တွေမှာ စောင့်ကြိုနေတတ်ပါတယ်။

ဒီလိုနဲ့ မြစ်ဆိပ်မှာ အလွန်လှတဲ့မိန်းကလေး တစ်ယောက် ဆံပင်ရှည်ကြီးတွေ လေမှာလွင့်ပြီး စောင့်ကြိုနေ တတ်တာ လှေသမားတိုင်းသတိပြုမိပါတယ်။

မြင့်ခိုင် ဆန်ကုန်ကူးပြီး ပြန်လာတဲ့အခါ ကြာဖြူ အတွက် သနပ်ခါးတုံး၊ ပဒုမ္မာပိတ်စ၊ ဇင်းမယ်လုံချည် အစ ရှိတဲ့ မိန်းမအသုံးအဆောင်လေးတွေ ဝယ်လာတတ်ပါတယ်။

ကြာဖြူဟာ သူ့အတွက် ဝယ်လာပေးတဲ့ လက်ဆောင် တွေကို အလွန်နှစ်သက်ပြီးကျေနပ်ဝမ်းမြောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် သာယာလှပတဲ့ဘဝလေးမှာ ပျော်ရွှင်ချမ်းမြေ့နေချိန်မှာ ကိုကိုသိုက်ကတော့ အလွမ်းသမား ဖြစ်နေပါပြီ။

ကိုကိုသိုက်ဟာ ကြာဖြူ မရှိတဲ့ အချိန်ကစပြီး သူ့ဘဝ တစ်ခုလုံးရှင်လျက်နဲ့ သေသလို ခံစားရပါတယ်။

သူဟာ ကောလိပ်ကျောင်းကိုတောင် ဆုံးအောင် မတက်တော့ဘဲမိခင်ရဲ့စီးပွားရေးလုပ်ငန်းထဲကို ခြေစုံပစ်ပြီး ဝင်ခဲ့တယ်။





တစ်နေ့ ကိုကိုသိုက် ဇာတိမြို့ကို ပြန်လာတဲ့ တစ်နေ့မှာ မြို့ပြင်က ဆုတောင်းပြည့်စေတီလေးကို တစ်ယောက်တည်း စက်ဘီးနဲ့ထွက်သွားတယ်။

ဒီမြင်ကွင်းကို မြင်လိုက်တဲ့ မြမြဟာ မိန်းမနောက်ပိုးပီပီ ကိုကိုသိုက်အနောက်က တိတ်တဆိတ်လိုက်သွားတယ်။

ကိုကိုသိုက်ဟာ ဆုတောင်းပြည့်စေတီလေးမှာ တစ်ယောက်တည်း လွမ်းလွမ်းဆွေးဆွေးဖြစ်နေတယ်။

ဒီမြင်ကွင်းကို ကြည့်ပြီး မနာလို မရှုစိမ့်နိုင်တဲ့ မြမြဟာ ကိုကိုသိုက် အရှေ့ကို အရောက်သွားပြီး

"သေတဲ့သူက သေပါပြီ..ကိုကိုသိုက် သူ့ကို မမေ့နိုင်သေးဘူးလား.."

လို့ဆိုလိုက်တော့ ကိုကိုသိုက်ဟာ မြမြကို မနှစ်မြို့ဟန်နဲ့ကြည့်လိုက်ပြီး

"မြို့ကို ရောက်တုန်း ကြာဖြူနဲ့ အမှတ်တရ နေရာ



www.burmeseclassic.com

လေးတွေကိုလာကြည့်တာ၊ ကိုယ့်ကို မနှောင့်ယှက်ပါနဲ့.. ကိုယ့်ဘာသာအေးအေးနေပါရစေ"

လို့ပြောလိုက်တော့ မြမြဟာ မနာလိုစိတ်တွေ ပိုလို့ တိုးသွားပါတယ်။

ကိုကိုသိုက်ဟာ ဒီနေ့ ဒီအချိန်အထိ သူ့အပေါ် စိတ်ဝင်စားဟန်မပြတာကြာဖြူကြောင့်ပဲ....။

ဒီကောင်မဟာ အနားမှာ မရှိတာတောင် သူ့ကို စိတ်အနှောင့်အယှက်ပေးနေတုန်းပဲ။

တစ်နေ့တော့ သူတို့ သားအမိရဲ့ အသည်းကို ကွဲခတ်သလို ဖြစ်သွားမဲ့ သတင်းတစ်ရပ်ကို မမျှော်လင့်ဘဲ ကြားလိုက်ရတယ်။

ဒီသတင်းကို အိမ်စေမိန်းမကြီးဒေါ်သိန်းဆီက ကြားလိုက်တာပါ။





တစ်နေ့ ဒေါ်သိန်းဟာ ဘုရားဖူး ထွက်ရာက ခထိတ်တလန့်ပြန်ရောက်လာပြီး

"ကြာဖြူလေး မသေဘူး အစ်မ၊ ကျွန်မမျက်စိနဲ့ တပ်အပ်မြင်ခဲ့တယ်"

လို့ဆိုလိုက်တော့ ဒေါ်စိန်မြကြည်ရဲ့ မျက်နှာကွက်ခနဲ ပျက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူသေတာပဲ အရိုးဆွေးတော့မယ်၊ ဒေါ်သိန်း ဘာတွေလာပြောနေတာလဲ"

လို့ အလိုမကျဟန်နဲ့ ပြောတော့ ဒေါ်သိန်းက

'ကျွန်မ မျက်စိ မမှားပါဘူး အစ်မရယ်....ကြာဖြူမှ ကြာဖြူအစစ်ပါ၊ ကြာဖြူ တစ်ယောက်တည်းတောင် မဟုတ်ဘူး၊ အစ်မသား မောင်မြင့်နိုင်တောင် ပါလိုက်သေးတယ်၊ သူတို့နှစ်ယောက် မြစ်ဆိပ်မှာ စုံတွဲ ခုတ်လာတာကို ကျွန်မ မျက်စိနဲ့တပ်အပ် မြင်လိုက်ရတယ်။ သူတို့ စုံတွဲကို မြင်တော့ ကျွန်မ ကြက်သီးတွေ တဖြန်းဖြန်းထသွားတယ်၊ ကျွန်မ အော် ခေါ်ဖို့ ပြင်နေတုန်း သင်္ဘောထွက်သွားတာ"

လို့ပြောတော့ ဒေါ်စိန်မြကြည်ဟာ တုန်လှုပ်ချောက်ချား သွားတယ်။

ဒေါ်သိန်းရဲ့ စကားတွေကို သမီးပျောက်လို့ အရူး တစ်ပိုင်း ဖြစ်နေတဲ့ ဦးမြဝင်း ကြားရင် မိုးမီးလောင်မယ်လို့





တွေးမိတယ်။

ဒါကြောင့် ဒေါ်သိန်းကို အပြစ်မရှိ အပြစ်ရှာပြီး အလုပ်က ထုတ်ပစ်လိုက်တယ်။

ဒေါ်သိန်းဟာ အလုပ်က ထွက်ကာနီးမှာ

"ကြာဖြူလေးမသေဘူး...ကြာဖြူလေးကိုရှာပါ"

လို့ တတွတ်တွတ် အော်ဟစ်ပြောဆိုသွားတယ်။

မြမြဟာ ဒေါ်သိန်းကြောင့် တုန်လှုပ်သွားပြီး

"လုပ်ပါဦးအမေ၊ ကြာဖြူပြန်ပေါ်လာရင် သမီး အတွက် နေရာရှိတော့မှာ မဟုတ်ဘူး"

လို့ပြောလိုက်တော့ ဒေါ်စိန်မြကြည်က

"ငါသိပါတယ်အေ၊ ဒီသတင်းကို သမီးရူးရူးနေတဲ့ ဦးမြဝင်း ကြားသွားရင် ပိုဆိုးသွားလိမ့်မယ်၊ ဒီလို ဖြစ်အောင် ကြံစည်ခဲ့တဲ့ ငါတို့လဲ အိမ်ပေါ်က ခေါင်းနဲ့ ဆင်းရလိမ့်မယ်"

လို့အံကိုကြိတ်ပြီး ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ မြမြက

'ဒါဆို ဘယ်လိုလုပ်ကြမလဲ အမေ၊ ကြံပါဦး'

လို့ပြောလိုက်တယ်။

ဒေါ်စိန်မြကြည်က အတန်ကြာအောင် ဉာဏ်နီဉာဏ်နက်တွေ စဉ်ပြီး စဉ်းစားလိုက်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်တယ်။

ပြီးတော့ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်နဲ့

'ဒီကောင်မကို လူပြည်မှာ ထားလို့ မရတော့ဘူး၊ ရှင်း ပစ်မှဖြစ်မယ်''

လို့ပြောပြီး ဒေါ်စိန်မြကြည်ဟာ တစ်ဖက်ကမ်းရွာကလေးကို ကူးပြီး သူမနဲ့အမျိုးနီးစပ်တော်တဲ့ လူမိုက်ဝင်းမြင့်နဲ့တွေ့တယ်။

လူမိုက်ဝင်းမြင့်ဟာ ဒေါ်စိန်မြကြည်ရဲ့စကားကို ဆုံးအောင် နားထောင်ပြီး





''ဒါ အသေးအမွှားပါ အစ်မရယ်.. ကိစ္စပြီးပြီလို့ မှတ်လိုက်''

လို့ပြောလိုက်တယ်။

ဒေါ်စိန်မြကြည်ဟာ သူတို့သားအမိရဲ့ခရီးလမ်းမှာ အနှောက်အယှက်ဖြစ်နေတဲ့ ကြာဖြူကို ရှင်းလိုက်ရလို့ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားတယ်။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူဟာ ကိုကိုသိုက်ရဲ့ ယောက္ခမ သေချာပေါက်ဖြစ်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ဆန်ကုန်သည် မြင့်ခိုင်ဟာ ဆန်တွေ ရောင်းကုန်လို့ ပြန်လာပြီး အနီးအနား ဆိပ်ကမ်းက ထမင်းဆိုင်မှာ ဆန်ဖိုးအကြွေးဝင်တောင်းတယ်။

ထမင်းဆိုင်ရှင် မိန်းမ ကြီးက မြင့်ခိုင်ကို အကြွေးပေးရုံ မကဘူး၊ သူ့ဆိုင်မှာ ထမင်း အလကားကျွေးတယ်။

မြင့်ခိုင်ဟာ ကြာဖြူနဲ့ ဝေးနေရတာ ကြာပြီမို့ ကြာဖြူကို တွေ့ချင်ဇောနဲ့ ထမင်းကိုအမြန်ဆုံးစားတယ်။

ဒီအချိန်မှာပဲ တစ်ဖက်ဝိုင်းက အမူးသမားတွေ ပြောတဲ့





စကားကို ကြားလိုက်တယ်။

အမူးသမားတစ်ယောက်က

"ဆန်ကုန်သည် မြင့်ခိုင်နဲ့ အတူနေတဲ့ မိန်းကလေးကို သတ်ရမယ်ဆိုတော့ မြင့်ခိုင်ကို ဘယ်လိုလုပ်မှာလဲ"

လို့မေးမြန်းလိုက်တော့ အမူးသမားတစ်ယောက်က

"မြင့်ခိုင်ကို သတ်ရမယ် ဆိုတဲ့အမိန့်တော့ မပါဘူး၊ ဒါပေမဲ့ မီးစင်ကြည့်ကရမှာပဲ"

လို့ပြောလိုက်တယ်။

မြင့်ခိုင်ဟာ အမူးသမားတွေရဲ့ စကားကြောင့် အလွန် ထိတ်လန့် အံ့သြသွားတယ်။

သူတို့ကို ဘယ်သူ သတ်ခိုင်းတာပါလိမ့်။

ဒီအချိန်မှာပဲ အရက်သမားတစ်ယောက်က

"ဒေါ်စိန်မြကြည်ဆိုတဲ့ မိန်းမကြီးဟာ သူဌေး ကတော် အရေခြုံပြီးလူတွေလိုက်သတ်ခိုင်းနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာပဲ”

လို့ဆိုလိုက်တာ ကြားလိုက်ရတယ်။

မြင့်နိုင်ဟာ သူ့အမေရဲ့ ရက်စက်ကြမ်းကြုတ်ပုံကို မယုံနိုင်လောက်အောင်ဖြစ်သွားတယ်။

အပြစ်ကင်းစင်တဲ့ ကြာဖြူကို သူ့အမေ ဘာကြောင့် သတ်ချင်နေရတာလဲ·····

မိခင်နဲ့ နမရဲ့ အလိုကျ ကြာဖြူကို အဝေးတစ်နေရာကို ခေါ်ဆောင်သွားခဲ့တယ်။

ဒါကိုတောင် အလိုမကျနိုင်သေးဘဲ ကြာဖြူကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ဖို့ခိုင်းစေနေပြန်ပြီ·····။

ရက်စက်လိုက်တာ အမေရယ်·····။

ဒီအချိန်မှာပဲ အမှုသမားတွေက ဒီနေ့ည အခွင့်အရေးရရင် ဆန်ကုန်သည် အိမ်ကိုဝင်ပြီး ကြာဖြူဆိုတဲ့ မိန်းကလေးကို လုပ်ကြံမဲ့အကြောင်း ပြောဆိုနေတယ်။





မြင့်နိုင်ဟာ စားလက်စ ထမင်းပွဲကို လက်စသတ်ပြီး အမြန်ဆုံးဆိုင်ထဲက ပြေးထွက်ခဲ့တယ်။

မြင့်နိုင်ဟာ အိမ်ကို ရောက်တာနဲ့ အဘိုးတန်ပစ္စည်းလေးတွေကို စုစည်းပြီး အိမ်ကထွက်ပြေးဖို့ ကြံစည်ခဲ့တယ်။

ကြာဖြူဟာ မြင့်နိုင်ရဲ့ အပြုအမူတွေကို နားမလည်နိုင်ဘဲ အနောက်က လိုက်ခဲ့ရတယ်။

မြင့်နိုင်ဟာ သင်္ဘောပေါ်ကို ရောက်တော့မှ

‘အစ်ကို မိဘတွေ လက်ထက်ကတည်းက ရန်ငြိုးရန်စရှိတဲ့သူတွေ အစ်ကိုတို့မြို့ကို ရောက်နေတာ တွေ့ရတယ်၊ သူတို့ မကြာမီအစ်ကို့ကို ရှာတွေ့သွားမှာပဲ၊ သူတို့နဲ့ ဝေးရာကို ပြေးမှ ဖြစ်မယ်”

လို့ပြောတော့ ကြာဖြူက အဝေးမှာကျန်နေခဲ့တဲ့ ငှက်ပျောခြံကြီးကို နှမျောတသဟန်နဲ့ ကြည့်ရင်း

“ညီမတို့ ငှက်ပျောခြံကြီးကို နှမြောလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ မြင့်နိုင်က

"အစ်ကိုတို့ တစ်နေရာမှာ အေးအေးဆေးဆေး အခြေချ ပြီးရင်ခြံကို ရောင်းလိုက်လို့ ရပါတယ်"

လို့ဆိုလိုက်တော့ ကြာဖြူက

"ညီမတို့ ဘယ်မှာ အခြေချမှာလဲ"

လို့မေးလိုက်တယ်။

ကြာဖြူ အမေးကို မြင့်နိုင်ကိုယ်တိုင် မဖြေနိုင်ဘဲ တွေဝေနေတယ်။

မြင့်နိုင်ဟာ မိခင်ဖြစ်သူရဲ့ ရက်စက်ကြမ်းကြုတ်ပုံကို ကိုယ်တွေ့ကြုံခဲ့ရတဲ့အတွက် ကြာဖြူ အသက်အန္တရာယ် အတွက် စိုးရိမ်ပြီး အနီးအနားမှာ မနေချင်တော့ဘူး။

သူတို့နဲ့ဝေးရာကို ပြေးဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် မြင့်နိုင်ကအံကိုကျိတ်ပြီး

"ပြေးမဲ့ပြေးရင်လဲအဝေးဆုံးနေရာကိုပဲ ပြေးတော့မယ်"





လို့ပြောလိုက်တော့ ကြာဖြူက မျက်မှောင်ကြုတ်ပြီး

"ဘယ်ကိုလဲ"

လို့မေးလိုက်တော့ မြင့်နိုင်က စိတ်အားတက်ကြွစွာနဲ့

"မြန်မာပြည်ရဲ့မြို့တော် ရန်ကုန်ကို ပြေးကြမယ်၊ ရန်ကုန်မှာ တို့အတွက် အခွင့်အလမ်းတွေ အများကြီးရှိတယ်၊ အတွေ့အကြုံတွေလည်း အများကြီးရနိုင်တယ်"

လို့ပြောလိုက်တော့ ကြာဖြူက ဝမ်းသာအားရနဲ့

"ရန်ကုန် ဟုတ်လား၊ သိပ်ကောင်းတယ်၊ ညီမ ရန်ကုန်ကို သိပ်ရောက်ဖူးချင်တာပဲ"

လို့ပြောလိုက်တယ်။

မြင့်နိုင်နဲ့ ကြာဖြူဟာ ရန်ကုန်မြို့ကို ရောက်တော့ သင်္ဃန်းကျွန်းဘက်မှာ အိမ်လေးတစ်လုံးကို ငှါးရမ်းပြီး နေထိုင်ခဲ့တယ်။

မြင့်နိုင်နဲ့ ကြာဖြူဟာ ရန်ကုန်မြို့ကို တစ်ကြိမ်တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဘူးတဲ့အတွက် ရန်ကုန်ကို ရောက်ရောက်ချင်း အားရအောင်လျှောက်လည်ကြတယ်။

ရန်ကုန်မြို့ တစ်မြို့လုံး အားရအောင် လျှောက်လည်ပြီးတော့ မြင့်ခိုင်ဟာ စားဝတ်နေရေးအတွက် အလုပ်တစ်ခုလုပ်ဖို့ စဉ်းစားရတယ်။

ဒီလိုနဲ့ ကမ်းနားလမ်းက ပွဲရုံတစ်ရုံရှေ့မှာ မြင့်ခိုင်နဲ့ ရင်းနှီးတဲ့ ဆန်ပွဲစားတစ်ယောက်နဲ့တွေ့ပြီး ဆန်ပွဲစားအလုပ်ကို ပြန်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

မြင့်ခိုင်ဟာ မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်ကို စုန်ဆန်ကူးပြီး ဆန်ကုန်သည်အလုပ်ကို လုပ်ကိုင်နေခဲ့တယ်။

ကြာဖြူကတော့ မြင့်ခိုင်မရှိတဲ့ အချိန်မှာ ငှါးရမ်းထားတဲ့ အိမ်ကလေးမှာ တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့စွာ ကျန်ရစ်ခဲ့တယ်။





ကြာဖြူတစ်ယောက် ဘဝဟောင်းကိုမေ့ပြီး ဘဝသစ်မှာ ပျော်ရွှင်နေချိန်မှာ ကိုကိုသိုက်ကတော့ ကြာဖြူကို လွမ်းဆွတ်သတိရနေဆဲပါ။ ကိုကိုသိုက်ဟာ မြို့ကို ရောက်တဲ့ အခါတိုင်း ကြာဖြူနဲ့ အမှတ်တရရှိနေရာလေးတွေကို တကူးတက သွားပြီး ကြည့်ရှုနေတတ်တယ်။

တစ်နေ့ကိုကိုသိုက် မြို့ကို ရောက်တော့ ကြာဖြူကို



www.burmeseclassic.com

www.burmeseclassic.com



သတိရလွန်းလို့ နှစ်ကိုယ်တူဖူးခဲ့ဘူးတဲ့ မြို့ပြင်ဆုတောင်းပြည့်ဘုရားကိုသွားခဲ့တယ်။

ဘုရားခြေရင်းက သပြေပင်ကြီး အောက်ကို ရောက်တော့ ကြာဖြူနဲ့အတူတူ သပြေပန်းကောက်ခဲ့ပုံကို သတိရတယ်။

ဘုရားရင်ပြင်က ပန်းတင်ခုံပေါ်မှာ ခရေပန်းတွေ ပုံပြီးလှူဒါန်းခဲ့တာကိုမြင်ယောင်တယ်။

ဇာတိရပ်မြေဟာ ကိုကိုသိုက်အတွက်တော့ အရာရာလွမ်းစရာတွေပဲ ဖြစ်နေတယ်။

ကြာဖြူ သေဆုံးသွားပေမဲ့ ကိုကိုသိုက် ရင်ထဲမှာတော့ထာဝရရှင်သန်နေဆဲပါ။

ဒီအချိန်မှာပဲ ကိုကိုသိုက် မြို့ပြင်ကို သွားမှန်းသိလို့အနောက်က လိုက်လာတဲ့ မြမြရောက်လာပြီး

"သေသောသူ ကြာရင်မေ့တဲ့၊ ဒီအချိန်ထိအောင် ကိုကို





သိုက် သူ့ကို မမေ့နိုင်သေးဘူးလား"

လို့ မေးမြန်းလိုက်တော့ ကိုကိုသိုက်က မြမြကို မလိုလားဟန်နဲ့ ကြည့်ပြီး

"ကြာဖြူနဲ့ အမှတ်တရနေရာလေးမှာ ကျုပ်တစ်ယောက်တည်းအေးအေးဆေးဆေးနေချင်တယ်၊ မနှောက်ယှက်ပါနဲ့ဗျာ"

လို့ဆိုလိုက်တော့ မြမြဟာ ကိုကိုသိုက်ကို မလိုလားတဲ့အမူအရာနဲ့ကြည့်ပြီး အနီးက ထွက်သွားတယ်။

ကိုကိုသိုက်ဟာ တစ်ကိုယ်တည်း လွမ်းလွမ်းဆွေးဆွေး ဖြစ်ပြီးကျန်ရစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မြကြည်ဟာ ကိုကိုသိုက် မိခင်ဒေါ်ပိုက်နဲ့ အရင်းနှီးဆုံးဖြစ်အောင် ပေါင်းသင်းပြီး ကိုကိုသိုက်နဲ့ မြမြရဲ့ အရေးကို ဆွေးနွေးခဲ့တယ်။

ဒေါ်ပိုက်ဟာ ကိုကိုသိုက် စိတ်ထိခိုက်ခံစားနေရတာကို မကြည့်ရက်လို့ မြမြနဲ့အကြောင်းပါစေချင်တယ်။

ဒါပေမဲ့ ကိုကိုသိုက်ကတော့ ကြာဖြူကလွဲရင် ဘယ်သူ့ကိုမှ ချစ်လို့မရဘူး။





ကိုကိုသိုက်ရင်ထဲမှာ ကြာဖြူပန်းကလေးဟာ အစဉ်ထာဝရ လန်းစွင့်နေတုန်းပါပဲ။

ကိုကိုသိုက် မိခင်ဒေါ်ပိုက်ဟာ စီးပွားရေးတိုးချဲ့ဖို့ ရည်ရွယ်ချက်နဲ့ အင်းစိန်ဘက်မှာ စွပ်ကျယ်စက်တစ်လုံး တည်လိုက်ပြီး အသစ်တည်လိုက်တဲ့ စွပ်ကျယ်စက်မှာ သားဖြစ်သူ ကိုကိုသိုက်ကို ဦးစီးခိုင်းလိုက်တယ်။

ဒီသတင်းကို ဒေါ်စိန်မြကြည် ကြားတော့ အကြံသမားပီပီ မြမြကို စွပ်ကျယ်စက်မှာ ဝင်လုပ်ခိုင်းတယ်။

ဒါမှ ကိုကိုသိုက်နဲ့အမြန်ဆုံး နီးစပ်မယ်လေ··မြမြဟာ ရန်ကုန်မှာ ကောလိပ်ကျောင်းတက်ရင်း စွပ်ကျယ်စက်မှာ မန်နေဂျာလုပ်တယ်။

မြမြဟာ မန်နေဂျာ လုပ်ရင်း မောက်မာလွန်းလို့ အလုပ်သမားအားလုံးက စာစ်နေ့သူဌေး ချွေးမ ဖြစ်မယ့်သူဆိုတော့ မောက်မာပေဦးတော့လို့ နာနာကြည်းကြည်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ပြုကြတယ်။

သူဟာ အလုပ်သမားတွေ အများနည်းနည်း ကျူးလွန်မိရင် အများနဲ့မတန်တဲ့အပြစ်ဒဏ်တွေ ပေးတတ်တယ်။

သူ့ကြောင့် အလုပ်က ထွက်သွားသူတွေ မနည်းဘူး။

အသည်းကွဲနေတဲ့ ကိုကိုသိုက်ကတော့ အလုပ်ကို စိတ်မဝင်စားလို့ ဒီအကြောင်းတွေ မသိရှာဘူး။

ဒေါ်စိန်မြကြည်ရဲ့ ယောက်ျားသူဌေးဦးမြဝင်းကတော့ သမီးကိုလွမ်းတဲ့စိတ်နဲ့ အိပ်ရာထဲလဲရာက အသက်ဆုံးပါးသွားခဲ့တယ်။

ဒေါ်စိန်မြကြည်တို့သားအမိ လွတ်လပ်ရေးရသွားတာပေါ့။





ကြာဖြူဟာ ဆံကုန်သည် မြင့်ခိုင်မရှိတဲ့ အချိန်တွေမှာ တစ်ကိုယ်တည်း နေထိုင်ရတာငြီးငွေ့နေမိတယ်။

ဒါကြောင့် အလုပ်တစ်ခုခု ဝင်လုပ်ရင် ကောင်းမယ်လို့ တွေးမိတယ်။

ဒီအချိန်မှာပဲ အင်းစိန်က အသစ်ဖွင့်တဲ့ စွပ်ကျယ်စက်ရုံမှာအလုပ်သမားတွေ ခေါ်နေကြောင်းသိရတယ်။

ကြာဖြူဟာ သယ်န်းကျွန်းနဲ့ အင်းစိန် ရထားစီးပြီးသွားရင် အဆင်ပြေတယ်လို့ တွေးမိပြီး စွပ်ကျယ်စက်ရုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် မြင့်ခိုင်ကိုတောင် မတိုင်ပင်တော့ဘဲ စွပ်ကျယ် စက်ရုံမှာ အလုပ်လုပ်ဖို့ လျှောက်လွှာသွားတင်ခဲ့တယ်။

မြင့်ခိုင် ဆန်ကုန်ကူးရာက ပြန်လာလို့ ကြာဖြူ အလုပ်လုပ်မယ်ဆိုတာ သိရတော့

"ညီမ ပင်ပန်းပါတယ်။ အစ်ကို ခရီးထွက်နေချိန်မှာ ညီမတစ်ယောက်တည်း နားနားနေနေနေပါ"

လို့ ပြောတယ်။

ကြာဖြူက မြင့်ခိုင်ကို နှုတ်ခမ်းစူလိုက်ပြီး

"အစ်ကို မရှိတဲ့ အချိန်တွေမှာ ညီမတစ်ယောက်တည်း ပျင်းလွန်းလို့ပါ၊ နောက်ပြီး စွပ်ကျယ်စက်ကလည်း ညီမတို့ သင်္ဃန်းကျွန်းဘူတာကနေရထားစီးသွားရင်တန်းရောက်ပါတယ်"

လို့ပြောတော့ ကြာဖြူကို အလိုလိုက်တတ်တဲ့ မြင့်ခိုင်





ဟာ မတားရက်ဘူးဖြစ်သွားတယ်။

ဒီလိုနဲ့ ကြာဖြူလည်း စွပ်ကျယ် စက်မှာ အလုပ်ဝင်လုပ်ခဲ့တယ်။

ကြာဖြူ အလုပ်လုပ်တဲ့ စက်ရုံမှာ မြမြက မန်နေဂျာဖြစ်နေပေမဲ့ မြမြဟာ ကြာဖြူကို သတိမထားမိဘူး။

ကြာဖြူကတော့ အတိတ်မေ့ဝေဒနာကို ခံစားနေရလို့ မြမြကို မမှတ်မိဘူး။

သူတို့ နှစ်ယောက်ဟာ စက်ရုံတစ်ရုံတည်း နီးနီးကပ်ကပ်နေကြပေမဲ့ တစ်ယောက်ကို တစ်ယောက် မသိကြဘူး။

စွပ်ကျယ်စက်ရုံရဲ့အကြီးအကဲ ကိုကိုသိုက်နဲ့လည်း နီးရက်နဲ့ မဆုံဖြစ်ဘူး။

ချစ်သူနှစ်ဦးဟာ တစ်ဦးနဲ့ တစ်ဦး ဆုံနိုင်ရက် ဝေးနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်မိခင်ဒေါ်ပိုက်ဟာ သားဖြစ်သူရဲ့ အလွမ်းဝေဒနာကို မကြည့်ရက်တဲ့အတွက် မြမြနဲ့ အကြောင်းဆက်ပြီး ပေါင်းဖက်စေလိုတယ်။

ဒါပေမဲ့ ကိုကိုသိုက်ကတော့ ကြာဖြူကလွဲရင် ဘယ်သူကိုမှ ချစ်လို့ မရဘူး။

ဒေါ်ပိုက်က ကိုကိုသိုက်ကို အနုနည်းနဲ့ တိုက်တွန်းလို့ မရတဲ့အဆုံး





“ဒီမှာ ငါ့သား··သားက မရှိတဲ့လူကို တမ်းတနေတာပဲ၊ သားကို အနုနည်းနဲ့ တိုက်တွန်းလို့ မရရင် တစ်ချက်လွှတ် အမိန့်နဲ့ အမေ စီစဉ်ရမယ်၊ ဒီအခါကျမှ အမေကို အဆိုးမဆိုပါနဲ့”

လို့ပြောတယ်။

ကိုကိုသိုက်ဟာ မိခင်အမိန့်ကို မလွန်ဆန်နိုင်လို့ ငြိမ်သက်နေပေမဲ့ ကြာဖြူ တစ်နေ့နေ့ ပြန်ရောက်လာမယ်လို့ ယုံကြည်နေတုန်းပဲ။

သူ့ရဲ့စိတ်ကူးယဉ် အိပ်မက်ထဲမှာတော့ ကြာဖြူဟာ အသက်မသေဘဲ အဝေးတစ်နေရာက ပြန်ရောက်လာတတ်တယ်။

ကြာဖြူ သေပြီလို့ အများက ယူဆထားပေမဲ့ သူ့ရင်ထဲမှာကြာဖြူက ရှင်သန်နေတုန်းပဲ။

ကြာဖြူ တစ်နေ့နေ့ ပြန်ရောက်လာမယ်လို့ သူယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်နေတုန်းပဲ။

ဒေါ်ပိုက်ဟာ သားဖြစ်သူရဲ့ နောင်ရေးကို ရတက် မအေးနိုင်တဲ့အတွက် မြမြနဲ့အမြန်ဆုံး နီးစပ်စေချင်တယ်။

ဒါကြောင့် ကိုကိုသိုက်ကို မြမြနဲ့ အမြန်ဆုံးလက်ထပ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

ဒီအကြောင်းကို ဒေါ်စိန်မြကြည်တို့ သားအမိသိတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အောင်ပွဲခံကြတယ်။

ကာလရှည်ကြာစွာ မျှော်လင့်ခဲ့တဲ့နေ့ကိုရောက်ပြီလေ။

သူတို့မပျော်ရင် ဘယ်သူပျော်မှာတုန်း။

မြမြဟာ ဒီအချိန်ကစပြီး ကိုကိုသိုက်ကို ပိုပြီး ပိုင်စိုးပိုင်နင်း ဆက်ဆံလာတယ်။

ကိုကိုသိုက်ဟာ မိခင်ရဲ့ဆန္ဒကို အပြင်းအထန် မဆန့်ကျင့်လိုတဲ့အတွက် မြမြကို ရေလိုက် ငါးလိုက် ဆက်ဆံတယ်။





ဒါကိုအခွင့်ကောင်းယူပြီး မြမြဟာ အချိန်အားတိုင်း ကိုကိုသိုက် ရုံးခန်းမှာ ပြီတီတီလုပ်နေလေ့ရှိတယ်။

နဂိုကတည်းက မြမြဟာ စွပ်ကျယ်စက်ကအလုပ်သမားတွေကို လူတန်းစားခွဲခြားပြီး ဆက်ဆံရာက ကိုကိုသိုက် ကတော်ဖြစ်မှာ သေချာတော့ ကျားကို အတောင်တပ်ပေးသလို ဖြစ်သွားတယ်။

မြမြကြောင့်အလုပ်က ထွက်သွားတဲ့သူတွေ မနည်းတော့ဘူး။

ဒီလိုနဲ့ မြမြတစ်ယောက် အလုပ်သမားထုရဲ့ မေတ္တာတုံးခြင်းကို ခံနေရချိန်မှာ ကိုကိုသိုက်နဲ့ ကြာဖြူ မမျှော်လင့်ဘဲ ပြန်လည်ဆုံဆည်းကြတယ်။

ဒါဟာ အိပ်မက် တစ်ခု မဟုတ်ဘူး…။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကြာဖြူဟာ စက်ရုံက ထွက်ပြီး ဘူတာကို လမ်းလျှောက်ပြန်ခဲ့တယ်။

ကြာဖြူ အပြန်လမ်းမှာ အဖော်မရှိဘဲ ပြန်နေကျ ဖြစ်နေပြီ....။

ကြာဖြူ တစ်ယောက်ရွက်ကြွေလေးတွေ မြေမှာ ကြွေကျနေတဲ့လမ်းကလေးအတိုင်း လျှောက်လှမ်းနေချိန်မှာ ကိုကိုသိုက်ရဲ့အော်စလိကားနက်ကြီးဟာ ကြာဖြူနဲ့ရှေ့တည့်တည့်





က မောင်းနှင်လာတယ်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ဆုံတွေ့ဖို့ တဖြည်းဖြည်းနီးကပ်လာချိန်မှာ ကြာဖြူက ခေါင်းကို ရုတ်တရက် ငုံ့လိုက်တယ်။

ဒါပေမဲ့ ကြာဖြူ ရုတ်တရက် ခေါင်းငုံ့လိုက်တာက ကိုကိုသိုက်အတွက် သတိရစရာ ဖြစ်သွားတယ်။

ငယ်စဉ်က ကြာဖြူကို နောက်ပြောင်ကျီစယ်တဲ့ အခါတိုင်း ကြာဖြူ ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့လိုက်ဟန်ကို မျက်လုံးထဲမှာ သွားမြင်တယ်။

ဒါကြောင့် ကိုကိုသိုက်ဟာ အထိတ်တလန့်နဲ့ ကားကို ရပ်တန့်လိုက်တယ်။

ကားဘရိတ်အုပ်သံဟာ လူပြတ်တဲ့လမ်းမှာ ကျယ်လောင်ဆူပွက်သွားတဲ့အတွက် ကြာဖြူဟာ လန့်ပြီး အနောက်ကိုလှည့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ကိုကိုသိုက်ဟာ ကြာဖြူ မျက်နှာကို မြင်မိပြီးတစ်ကိုယ်လုံး သွေးတွေ ရပ်တန့်သွားသလို ခံစားလိုက်ရတယ်။

"ကြာဖြူ ကြာဖြူ..ပါလား..ကြာဖြူမသေသေးဘူးဟုတ်တယ်...ကြာဖြူ အစစ်ပဲ..."

ကိုကိုသိုက်ဟာ အရူးတစ်ယောက်လို ကားထဲက ခုန်ထွက်ပြီး ကြာဖြူရှိရာကို ပြေးသွားတယ်။

ကြာဖြူအရှေ့ကိုရောက်တော့လက်နှစ်ဘက်ကို ဆုပ်ကိုင်ပြီး

"ကြာဖြူ.. ကြာဖြူ.. ကြာဖြူ မသေဘူးနော်.....ဝမ်းသာလိုက်တာ"

လို့ဆိုလိုက်တော့အတိတ်မေ့နေတဲ့ ကြာဖြူဟာ ကိုကိုသိုက်ကိုမမှတ်မိဘဲ သူစိမ်းတစ်ယောက်လို ကြည့်လိုက်တယ်။





ကြာဖြူ မျက်လုံးတွေက စိမ်းကားလွန်းလှတယ်။

ကိုကိုသိုက်က ကြာဖြူသူ့ကို မမှတ်မိဘူးထင်ပြီး

"ကြာဖြူ ကိုယ့်ကိုမမှတ်မိဘူလား.. ကိုကိုသိုက်လေ.. ကိုကိုသိုက်ကိုတောင် မမှတ်မိတော့ဘူးလား"

လို့ အားမလို အားမရဟန်နဲ့ ဆိုလိုက်တော့ ကြာဖြူက ခေါင်းခါယမ်းလိုက်ပြီး

"ရှင့်ကို ကျွန်မ မသိဘူး၊ ရှင်လူမှားနေပြီ၊ နောက်ပြီး ကျွန်မနံမယ် ကြာဖြူ မဟုတ်ဘူး၊ မပန်းချစ်လို့ ခေါ်တယ်"

လို့ဆိုလိုက်တော့ ကိုကိုသိုက်ဟာ ကြာဖြူကို နားမလည်ဟန်နဲ့ကြည့်လိုက်တယ်။

ကြာဖြူနဲ့သူငယ်ငယ် ကတည်းက အတူတူ နေလာတော့ ကြာဖြူရဲ့ခွဲခေါင်အားကောင်တဲ့ အသံကိုတောင်သူမှတ်မိတယ်။

ကြာဖြူမှ ကြာဖြူ အစစ်ပါ....။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မပန်းချစ် မဖြစ်နိုင်ပါဘူး····။

ကိုကိုသိုက်ဟာ ကြာဖြူ မျက်နှာကို ဇဝေဇဝါဖြစ်ဟန်နဲ့ ကြည့်လိုက်ပြီး

"ကြာဖြူ ကိုကိုသိုက်ကို နောက်ပြောင်နေတာလား၊ ဒီလို အခြေအနေမျိုးမှာ ကြာဖြူ ကိုကိုသိုက်ကို မနောက်ပြောင်သင့်ဘူးနော်"

လို့ဆိုလိုက်တော့ ကြာဖြူက ကိုကိုသိုက်ကို အလိုမကျဟန်နဲ့ ကြည့်လိုက်ပြီး

"ရှင့်ကို ဘယ်သူ နောက်ပြောင်နေလို့လဲ၊ ကျွန်မနံမယ် မပန်းချစ်ဆိုတာ ရှင့်ကို ဘယ်လိုပြောရမလဲ၊ ရှင်လူမှားနေပြီလို့ ဘယ်နှစ်ခါ ပြောရမလဲ"

လို့ဆိုလိုက်တော့ ကိုကိုသိုက်ဟာ ရင်ထဲမှာ ပူလောင်သွားပြီး

"ကိုကိုသိုက် လူမမှားပါဘူး ကြာဖြူရယ်·· ကြာဖြူ





ဘယ်ဘဝကိုပဲ ရောက်နေပါစေ··ကိုကိုသိုက်က ဘယ်တော့မှ မမေ့ဘူး··· ကြာဖြူ ဘာကြောင့် ဒီလို ဖြစ်သွားတာလဲကွယ်"

လို့ ပြောတယ်။

ကြာဖြူဟာ အတိတ်မေ့နေတဲ့အတွက် ကိုကိုသိုက်ကို လုံးဝသတိမရဘူး။

ကိုကိုသိုက် သူ့ကိုလူမှားနေတယ်လို့ပဲထင်တယ်။

ကိုကိုသိုက်ကို ကရုဏာသက်သလို ခံစားရပေမဲ့ သူစိမ်းယောကျာ်းတစ်ယောက်ကို လက်သင့်ခံလို့ မဖြစ်ဘူး··

ဒါကြောင့် ကိုကိုသိုက်ကို တွန်းဖယ်ပြီး အဝေးကို ပြေးထွက်ခဲ့တယ်။

ကိုကိုသိုက်က နောက်က တကြော်ကြော်အော်ပြီး လိုက်ပါလာတယ်။

ကြာဖြူ ဘူတာကို ရောက်တော့ ရထားဆိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရထားပေါ် အပြေးတက်ခဲ့တယ်။

ကိုကိုသိုက်ဟာ ရထားပေါ် အပြေးလိုက်တက်လာပြီး ကြာဖြူနဲ့ဘေးကလိုက်တက်လာတယ်။

ကြာဖြူက တွဲစောင့်ပုလိပ်ကို ငဲ့စောင်းကြည့်ပြီး

"ရှင် ကျွန်မကို လိုက်ပြီး မနှောက်ယှက်နဲ့နော်၊ ကျွန်မ ပုလိပ်ကို တိုင်လိုက်မှာ"

လို့ပြောတယ်။

ကိုကိုသိုက်ဟာ ကြာဖြူစကားကြောင့် ရင်ထဲမှာ နာကျင်သွားပြီး

"ပုလိပ်ကို တိုင်မယ်တဲ့လား ကြာဖြူရယ်၊ ကြာဖြူ တိုင်မယ်ဆိုရင် ကိုယ်ခံရပါတယ်၊ တိုင်လိုက်ပါ"

လို့ပြောလိုက်တယ် ကြာဖြူဟာ ဘာလို့လဲ မသိဘူး။

သူ့ကို ကရုဏာ သက်သလိုဖြစ်ပြီး ပုလိပ်ကိုမတိုင်ရက်ဘူး ဖြစ်နေတယ်။





ဒီလိုနဲ့ ကြာဖြူ ဆင်းရမဲ့ဘူတာကို ရောက်တာနဲ့ ကြာဖြူဟာ ရှေ့ကသုတ်ခြေတင်ပြီးဆင်းသွားတယ်။

ကိုကိုသိုက်ကို ငဲ့စောင်းလို့တောင် ကြည့်မသွားဘူး။

ကိုကိုသိုက်ဟာ ကြာဖြူကို နားမလည်နိုင်ဘဲ အနောက်က တကောက်ကောက်လိုက်သွားတယ်။

သူ ဒီနေ့တွေ့နေတာ ကြာဖြူဆိုတာ သေချာတယ်။

ကြာဖြူနဲ့သူဟာ ငယ်ပေါင်းတွေမို့ ကြာဖြူ အငွေ့ အသက်တွေကိုသူ ကောင်းကောင်းခံစားလို့ရတယ်။

သူဟာ ကြာဖြူမှ ကြာဖြူအစစ်ပဲ။

ကြာဖြူအစစ်ဖြစ်ရက်နဲ့ သူ့ကိုဘာဖြစ်လို့ စိမ်းကားရက်စက်နေတာလဲ။

ကြာဖြူ ရေထဲမှာ မျောပါသွားရင်း ကြာဖြူရဲ့ ခေါင်းကို တစ်စုံတစ်ခုနဲ့ ထိခိုက်မိပြီး အသိဉာဏ်ကို ထိခိုက်သွားတာ ဖြစ်နိုင်တယ်လို့ တွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်ဟာ ကြာဖြူနဲ့ ပတ်သက်ပြီး တိတိကျကျ သိချင်တဲ့အတွက် သူမ အနောက်ကတကောက်ကောက် လိုက်ပါလာခဲ့တယ်။

ကြာဖြူဟာ အနောက်က လိုက်လာတဲ့ ကိုကိုသိုက်ကို မြင်တော့

"ရှင် ဆက်မလိုက်နဲ့နော်…ကျွန်မ အစ်ကို မြင်သွားရင် ပြဿနာ ဖြစ်လိမ့်မယ်"

လို့ပြောတယ်။

ကိုကိုသိုက်ဟာ ကြာဖြူ အတိတ်မေ့နေမှန်း ရိပ်စားမိလို့ သဲကြီးမဲကြီး မပြောတော့ဘဲ အနောက်ကပဲ အသာဆက်လိုက်သွားတယ်။

နောက်ဆုံးတော့ ကြာဖြူဟာ သူတို့ငှါးနေတဲ့ အိမ်တလေးထဲကို ဝင်သွားတယ်။

ကြာဖြူဟာ အိမ်ထဲကို ဝင်ကာနီး ကိုကိုသိုက်ကို





နှစ်ကြိမ်သုံးကြိမ်သမင်လည်ပြန် လှည့်ကြည့်သွားသေးတယ်။

ကြာဖြူဟာ အိမ်ထဲကိုရောက်တော့ ရင်တွေ တုန်လွှမ်းလို့ ရေတစ်ခွက်ကို အမြန်ခပ်သောက်လိုက်ရတယ်။

တကယ်တော့ မြင့်ခိုင် ခရီးထွက်သွားတော့ အိမ်မှာရှိမနေဘူး။

ဘာကြောင့်မှန်းတော့ မသိဘူး။

ကြာဖြူရင်ထဲမှာ သူနဲ့ ပတ်သက်ပြီး ရင်းရင်းနှီးနှီး သိကျွမ်းနေသလို ခံစားရတယ်။

သူ့ကို ပက်ပက်စက်စက် မပြောရက်ဘူး။

ကြာဖြူဟာ သူမရဲ့အတိတ်ဘဝနဲ့ပတ်သက်ပြီးသင်္ဘောမှောက်ပြီး မြင့်ခိုင်နဲ့တွေ့တဲ့ကာလအထိပဲ မှတ်မိတယ်။

သင်္ဘောမှောက်ပြီး ရွာကို မျောပါလာတယ်ဆိုတာတောင် မြင့်ခိုင်ပြောလို့ သိရတာ ဖြစ်တယ်။

ဘယ်လို ခရီးမျိုး ထွက်လာပြီး ဘာကြောင့် သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



မှောက်တယ် ဆိုတာတောင် မမှတ်မိတော့ဘူး။

မြင့်နိုင် အပြောအရ သူ့မှာ မိဘအရင်းအခြာတွေ မရှိတော့ဘူးလို့ဆိုတယ်။

စောစောက သူမ အနောက်ကို တကောက်ကောက် လိုက်နေသူက သူ့ကို ကြာဖြူလို့ခေါ်တယ်။

ကြာဖြူဆိုတဲ့ နံမည်ကို သူ့ရင်ထဲမှာ ရင်းရင်းနှီးနှီး သိကျွမ်းနေသလိုဘဲ။

နောက်ပြီး သူ့အနောက်ကို လိုက်လာတဲ့ လူစိမ်းကိုလဲ ရင်းနှီးနေသလို ခံစားရတယ်။

ကြာဖြူဟာ ဝေခွဲမရ နိုင်တာနဲ့ ဘာလုပ်ရမှန်း မသိတော့ဘူး။





ကိုကိုသိုက်ဟာ ဒီအချိန်ကစပြီး ကြာဖြူရဲ့ နောက်ကြောင်း ရာဇဝင်ကို စုံစမ်းခဲ့တယ်။

ဒီအခါမှာကြာဖြူဟာ သူရဲ့ စွပ်ကျယ်စက်မှာ အလုပ်ဝင်နေကြောင်း ဝမ်းမြောက်ဖွယ် သိလိုက်ရတယ်။

နောက်ပြီး ကြာဖြူနဲ့ အတူတူနေတဲ့ အစ်ကိုဆိုသူဟာ ဒေါ်စိန်မြကြည်ရဲ့သား မြင့်နိုင်ဖြစ်ကြောင်း အံ့သြဖွယ်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ကိုကိုသိုက်ဟာ သူ့ချစ်သူ ကြာဖြူဟာ မြင့်ခိုင်နဲ့ အတူတူနေမှန်း သိလို့ မယုံနိုင်အောင်ဖြစ်သွားတယ်။

မြင့်ခိုင်နဲ့အတူ ဒေါ်စိန်မြကြည်တို့ သားအမိကိုလည်း သံသယဖြစ်သွားတယ်။

ကြာဖြူ ရေနစ်ပြီး မသေဘဲ သက်ရှိထင်ရှားရှိနေမယ် ဆိုတာသူတို့ မိသားစု သိလိမ့်မယ်။

ကိုကိုသိုက်ဟာ ဒေါ်စိန်မြကြည်တို့ မိသားစုကို သံသယ တွေ ပိုကြီးလာတယ်။

ဒေါ်စိန်မြကြည်တို့ကတော့ ကောက်ကျစ်ယုတ်မာစွာနဲ့ အတိတ်မေ့နေတဲ့ ကြာဖြူကိုသေပြီးဆိုပြီးဖွက်ထားကြတယ်။

ကိုကိုသိုက်ဟာ မြင့်ခိုင် အခြေအနေကို စောင့်ကြည့်ပြီး ကြာဖြူ အတိတ်ကို ပြန်သတိရအောင် တစ်ဖက်တစ်လမ်းက ကြိုးပမ်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။





ဒီလိုနဲ့ ကိုကိုသိုက်ဟာ ကြာဖြူ အလုပ် အသွားအပြန် လမ်းကို စောင့်ပြီး အတိတ်ဘဝကို သတိပြန်ရအောင် အမျိုးမျိုးကြိုးပမ်းခဲ့တယ်။

ဒါပေမဲ့ ကြာဖြူဟာ အတိတ်ကို လွယ်လွယ်နဲ့ သတိရ မလာပါဘူး။

ကိုကိုသိုက်ကကြာဖြူအလုပ်လုပ်နေတဲ့စွပ်ကျယ် စက်ရုံကို သူပိုင်စက်ရုံဆိုတာ ကြာဖြူကို အသိမခံခဲ့ဘူး။

ကြာဖြူကတော့ ကိုကိုသိုက်ကို အချစ်ရူးတစ်ယောက် ဆိုပြီးသနားကရုဏာ သက်ဟန်ရှိပေမဲ့အတိတ်ကသံယောဇဉ် အငွေ့အသက်ကိုတော့ မမြင်ရဘူး။

ကြာဖြူ သူ့ကို ဘယ်တော့ ပြန်သတိရမလဲမသိဘူး။

တစ်နေ့ ကြာဖြူဟာ မြင့်ခိုင် ဆန်ကုန်ကူးရာက ပြန်လာတဲ့အချိန်မှာ ကိုကိုသိုက် အကြောင်းကို ပြောပြလိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်နိုင်ဟာ ကြာဖြူ စကားဆုံးတာနဲ့ မျက်စိမျက်နှာ ပျက်သွားပြီး

"ကိုကိုသိုက်....ဟုတ်လား၊ သူဘယ်က ရောက်လာတာလဲ...."

လို့ ကမန်းကတန်း မေးလိုက်တယ်။

ကြာဖြူက ခေါင်းခါယမ်းပြီး

"မသိဘူး၊ ဒါပေမဲ့ သူက ညီမကို ကြာဖြူဆိုတဲ့ မိန်းမတစ်ယောက်နဲ့ လူမှားနေပုံရတယ်၊ ကြာဖြူက သူ့ချစ်သူတဲ့၊ သင်္ဘောမှောက်ပြီး ပျောက်ဆုံးသွားတာတဲ့ ၊သူ့ချစ်သူက ညီမအဖြစ်နဲ့တော်တော် တူတယ်နော်"

လို့ ဆိုလိုက်တော့ မြင့်နိုင်က ကမူးရှူးထိုးအမူအရာနဲ့

'မတူဘူး၊ မတူဘူး ညီမ... အစ်ကို စကားကလွဲရင် ဘယ်သူ့စကားကိုမှ မယုံရဘူး၊ အစ်ကို စကားကိုပဲ ယုံရမယ်"





လို့ဆိုလိုက်တော့ ကြာဖြူဟာ မြင့်နိုင်ရဲ့အမူအရာ ပျက်သွားပုံကို ကြည့်ပြီး သံသယ နည်းနည်းဝင်သွားတယ်။

မြင့်နိုင်ဟာ သူမရဲ့ အတိတ်နဲ့ ပတ်သက်ပြီး တစ်ခုခုကို ထိန်ချန်ထားတယ်လို့ အမြဲခံစားရတယ်။

ဒီအကြောင်းကို မေးတဲ့အခါလည်း တစ်ခါမှ တိတိကျကျ မပြောဘူး။

စကားလွှဲပစ်တာ များတယ်။

ဒီနေ့ မြင့်နိုင် အမူအရာကို ကြည့်ရတာ ပိုပြီး အထိတ်တလန့်ဖြစ်နေသလိုပဲ။

မြင့်နိုင်က စိုးရိမ်ကြီးတဲ့ အမူအရာနဲ့

"ကိုကိုသိုက်ဆိုတဲ့ လူနဲ့ ဘယ်တော့မှ မပတ်သက်ရဘူး၊ အစ်ကိုပြောတာနားလည်လား"

ဆိုပြီး တစ်ချက်လွှတ် အမိန့်ထုတ်လိုက်တယ်။

ကြာဖြူဟာ မြင့်နိုင်ရဲ့ အမူအရာကို သံသယ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့

"အို..အစ်ကိုဟာ ညီမဘာဝနောက်ကြောင်းနဲ့ ပတ်သက်ရင် အမြဲ ထိန်ချန်ထားသလိုပဲ။ ကိုကိုသိုက်ဆိုတဲ့ လူနဲ့တွေ့ပြီး ညီမဘာဝနောက်ကြောင်းနဲ့ ပတ်သက်ပြီး သဲလွန်စ ရနိုင်မယ် ထင်တယ်"

လို့ဆိုလိုက်တော့ မြင့်ခိုင်ကအလောတကြီး အမူအရာနဲ့

"အစ်ကို ပြောတာ ယုံပါ၊ ဘာမှ မတွေ့နိုင်ဘူး၊ ဒီလူဟာ လူလိမ်တစ်ယောက်ပဲ၊ ညီမရဲ့မေတ္တာကို လိမ်ညာ လှည့်ဖြားပြီး ရယူဖို့ ကြိုးစားနေတာ"

လို့ဆိုလိုက်တော့ ကြာဖြူဟာ မြင့်ခိုင်ကို သံသယ တစ်ခု ဝင်သွားပြန်တယ်။

မြင့်ခိုင်ဟာ ကြာဖြူနဲ့ ပတ်သက်ရင် ဘယ်ယောက်ျား ကို မဆို နှမထိစားကြည့်ဆိုတဲ့ လူစားမျိုးပဲ။

အရင်တုန်းက ကြာဖြူကို မေတ္တာရှိတဲ့ ကာလသား





တိုင်းကို စားကြိမ်းကြိမ်းလေ့ရှိတယ်။

အခုတော့ ကိုကိုသိုက်နဲ့ ပတ်သက်လို့ မြင့်ခိုင်ဘက်က ငြိမ်သက်နေတယ်။

ကြာဖြူဟာ မြင့်ခိုင်ရဲ့ စိတ်ကို စမ်းတဲ့အနေနဲ့

"ဒါဆိုလဲ ကိုကိုသိုက် ဆိုတဲ့လူကို အစ်ကို ကိုယ်တိုင် တွေ့ပြီး ငါ့ညီမက ကြာဖြူဆိုတဲ့မိန်းမ မဟုတ်ဘူး၊ မပန်းချစ် လို့ လိုက်ပြောပေး"

လို့ဆိုလိုက်တော့ မြင့်ခိုင်ဟာ ကြာဖြူ မျက်နှာကို တုန်လှုပ်ချောက်ချားဟန်နဲ့ကြည့်လိုက်တယ်။

ပြီးတော့ ခေါင်းခါယမ်းပြီး

"အို..ဒီလိုလူမျိုးတွေနဲ့ အစ်ကို အဖက်လုပ်ပြီး စကား မပြောချင်ဘူး၊ အစ်ကို စိတ်မထိမ်းနိုင်ရင် လူသတ်မှု ဖြစ်လိမ့် မယ်၊ ညီမဘက်က အနေအထိုင် ဆင်ခြင်ပြီး ကိုကိုသိုက်ဆိုတဲ့ သူနဲ့ မဆက်ဆံပါနဲ့၊ ညီမ သူ့စကားတွေကို ယုံကြည်ရင်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနဲ့ညီမကွဲရလိမ့်မယ်''

လို့ ကြေကွဲဟန်နဲ့ ပြောလိုက်တယ်။

ကြာဖြူဟာ မြင့်နိုင်ကို အစ်ကိုရင်းတစ်ယောက်လို သဘောထားတဲ့အတွက် မြင့်နိုင်စိတ်ဆင်းရဲသွားတာကို မကြည့်ရက်ဘူး။

ဒါကြောင့် မြင့်နိုင်ရဲ့ပခုံးကိုဖက်ပြီး

''အစ်ကိုနဲ့ ညီမ ဘယ်တော့မှ မခွဲဘူး၊ အစ်ကို ပြောတာ ကလွဲရင် ဘယ်သူ့ စကားကိုမှ မယုံဘူး၊ ညီမ ကတိပေးတယ်''

လို့ဆိုလိုက်တော့ မြင့်နိုင်ရဲ့ မျက်နှာ ပြန်ပြီးရွှင် လန်း လာတယ်။

ဒါပေမဲ့ ကြာဖြူဟာ ကိုကိုသိုက်နဲ့ တိတ်တဆိတ် တွေ့ ပြီး သူမဘဝနောက်ကြောင်းနဲ့ ပတ်သက်ပြီး သဲလွန်စ ရှာကြည့် ဖို့ဆုံးဖြတ်လိုက်တယ်။





ဒီလိုနဲ့ ကြာဖြူနဲ့ ကိုကိုသိုက်ဟာ ရင်းနှီးမှုလေးတွေ တော့ရလာတယ်။

တစ်ခါတစ်ရံ ကြာဖြူဟာ ကိုကိုသိုက် လာရာလမ်းကို စောင့်မျှော်နေမိတယ်။

ကြာဖြူဟာ တစ်သက်မှာ ဒီတစ်ခါပဲ ယောကျ်ားတစ် ယောက်နဲ့ပတ်သက်လို့ စိတ်လှုပ်ရှားဖူးတယ်။

သူဟာ ကိုကိုသိုက်ကို မြင်တိုင်း ကရုဏာ သက်မိ တယ်။

သူ့ခမြာ ချစ်ရက်နဲ့ ခွဲရရှာပုံရတယ်။

သနားစရာ ကောင်းလိုက်တာ…။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ကိုကိုသိုက်ဟာ ကြာဖြူကို မြမြနဲ့တွေ့ဆုံပေးဖို့ ဆုံးဖြတ်လိုက်တယ်။

ကိုကိုသိုက်ဟာ စွပ်ကျယ်စက်မှာ ကြာဖြူကို အောက်ခြေ ဝန်ထမ်းဘဝကနေ အရည်အသွေး စစ်ဆေးတဲ့ဌာနကို ရွှေပြောင်းပေးလိုက်တယ်။

ဒီအခါမှာ အောက်ခြေကို ဆင်းပြီး စစ်ဆေးလေ့ မရှိတဲ့





မြမြဟာ ကြာဖြူနဲ့ ထိပ်တိုက်တွေ့ခဲ့တယ်။

ဒီလိုတွေ့ဆုံတာကို ကိုကိုသိုက်က ကွယ်ရာက တစ်စေ့တစ်စောင်းကြည့်နေခဲ့တယ်။

အဲဒီတုန်းက ကိုကိုသိုက်ဟာ စွပ်ကျယ်စက်ရုံကို မြမြထက်အရင်လာပြီး ကြာဖြူနဲ့မြမြ ထိပ်တိုက်တွေ့ချိန်ကို ချောင်း မြောင်းကြည့်နေခဲ့တယ်။

ကြာဖြူဟာ မြမြရဲ့ ရုံးခန်းဝကနေ ဝင်ခွင့်တောင်းလိုက်တော့ မြမြက ဝင်ခဲ့လို့ ခွင့်ပြုလိုက်တယ်။

ကြာဖြူက မြမြကို မြင်တော့ထူးခြားဟန်မပြဘဲ

"အရည်အသွေး စစ်ဆေးတဲ့ စာရင်းတွေပါရှင်"

လို့ပြောလိုက်တော့ မြမြက ခေါင်းမော့ မကြည့်သေးဘဲ ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်တယ်။

စာဖတ်ပြီးမှ ခေါင်းမော့ ကြည့်ပြီး ကြာဖြူကို မြင်တော့ ပါးစပ်အဟောင်းသားဖြစ်ပြီး ဖတ်လက်စ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက လွတ်ကျသွားတယ်။

ကြာဖြူကတော့ မြမြကို ထူးခြားဟန်မပြဘဲ

"အရည်အသွေးစာရင်းတွေလာပို့တာပါ"

လို့ပြောလိုက်တယ်။

မြမြက ကြာဖြူကို ထိတ်လန့်အံ့သြဟန်နဲ့ ကြည့်ပြီး ကြောင်ငေးငေးနေတယ်။

နောက်တော့မှ

"အေး.ထားခဲ့...ဒါနဲ့ နေပါဦး၊ ညည်းဒီမှာ အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ"

လို့မေးလိုက်တော့ ကြာဖြူက ခေါင်းငုံ့ပြီး

"မကြာသေးပါဘူး ၊ နှစ်လလောက်ပဲ ရှိသေးတယ်"

လို့ ဆိုတော့ မြမြက မျက်မှောင်ကြုတ်ပြီး

'ဟင်..အလုပ်ဝင်တာ နှစ်လပဲ ရှိသေးတယ်၊ ဘာကြောင့် အရည်အသွေးစစ်ဆေးရေးတာဝန်ယူရတာလဲ၊ ညည်း





ရာထူးတက်တာ မြန်လှချည်လား၊ ညည်းကို ဒီဌာနကို ဘယ်သူပို့တာလဲ"

လို့ ဆိုလိုက်တော့ ကြာဖြူက သူ့ကိုအရည်အသွေးစစ်ဆေးရေးပို့တဲ့မိန်းမရဲ့နံမည်ကို ပြောလိုက်တယ်။

မြမြက အံကိုကြိတ်ပြီး ကြာဖြူကို

"သွား..သွား.."

ဆိုပြီး အခန်းထဲက မောင်းထုတ်လိုက်တယ်။

မြမြဟာ ကြာဖြူ အခန်းထဲက ထွက်သွားတော့ စိတ်လှုပ်ရှားလွန်းလို့ ရင်တွေတဒိတ်ဒိတ်ခုန်နေတယ်။

ကြာဖြူကို သူ့ထက်အရင် ကိုကိုသိုက်တွေ့သွားတာ သေချာတယ်။

ဒီစက်ရုံမှာ သူမသိဘဲနဲ့ ရာထူးတိုးနိုင်တဲ့ အမိန့်အာဏာ ကိုကိုသိုက်ဆီမှာပဲ ရှိတယ်။

မြမြဟာ စိတ်ထဲမှာမလုံမလဲ ဖြစ်နေတာနဲ့ ကိုကိုသိုက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရုံးခန်းရှိရာကို ထွက်ခဲ့တယ်။

မြမြဟာ ကိုကိုသိုက် ရှေ့ကိုရောက်တော့

"ကြာဖြူနဲ့တူတဲ့ မိန်းကလေးကို ကိုကိုသိုက်တွေ့ ပြီး ပြီပေါ့"

လို့ ဆိုလိုက်တော့ ကိုကိုသိုက်က မြမြကို စူးစူးရဲရဲ ကြည့်ပြီး

"သူက ကြာဖြူနဲ့တူတာ မဟုတ်ဘူး၊ ကြာဖြူမှ ကြာဖြူ အစစ်ပဲ"

လို့ဆိုလိုက်တော့ မြမြ မျက်နှာကွက်ခနဲ ပျက်သွားပြီး

"မဟုတ်တာ ကိုကိုသိုက်ရယ်..ကြာဖြူက သင်္ဘောမှောက်ပြီး သေတာ အရိုးတောင်ဆွေးတော့မယ်၊ နောက်ပြီး သူက ကြာဖြူဆိုရင် သူ့ကိုယ်သူ ကြာဖြူလို့ ဝန်ခံမှာပေါ့"

လို့ဆိုလိုက်တော့ ကိုကိုသိုက်က

"သူဟာ သင်္ဘောမှောက်တုန်းက ဒဏ်ရာရပြီး





အတိတ်ဘဝကို သတိမေ့သလိုဖြစ်နေတယ်လို့ ကျုပ်ထင်တယ်၊ သူဟာ မသမာသူတစ်ယောက်ယောက်ကြောင့် သူ့မိသားစု ပတ်ဝန်းကျင်ကို ပြန်မရောက်ခဲ့တာဘဲ"

လို့ ဆိုလိုက်ပြီး မြမြ မျက်နှာကို မသိမသာ အကဲခတ်လိုက်တော့ မြမြဟာ မျက်နှာအကြီးအကျယ် ပျက်ယွင်းသွားတာ သတိပြုမိလိုက်တယ်။

ကိုကိုသိုက်ဟာ ကြာဖြူကို အကြီးအကျယ် ဒုက္ခပေးခဲ့တဲ့ မြမြတို့ မိသားစုကို အလွန်နာကြည်း မုန်းတီးနေမိတယ်။

လူသားအချင်းချင်း ဒီလို တိရစ္ဆာန် စိတ်မွေးတာ ရွံရှာစရာ သိပ်ကောင်းတယ်လို့ ယူဆတယ်။

မြမြဟာ ကိုကိုသိုက်ရဲ့သံသယမျက်လုံးတွေကို ကြာကြာရင်မဆိုင်ရဲဘဲ အခန်းထဲက မြန်မြန်ပြန်ထွက်သွားတယ်။

သူဟာ ရုံးခန်းထဲကိုရောက်တာနဲ့ မိခင် ဒေါ်စိန်မြကြည်ကို ကိုကိုသိုက် သံသယဝင်နေတဲ့အကြောင်းကို စာတင်



www.burmeseclassic.com

www.burmeseclassic.com



စောင်ရေးပြီး အကြောင်းကြားလိုက်တယ်။

မြမြဟာ စာရေးပြီးတာနဲ့ စာအိတ်ကိုပိတ်ပြီး သူ့ရဲ့ လူယုံအုန်းဆင့်ကို စာတိုက်မှာ သွားထည့်ခိုင်းလိုက်တယ်။

မြမြဟာ ကြာဖြူကို အဝေးကို ခေါ်သွားတဲ့ သူ့အစ်ကို မြင့်နိုင်ရဲ့ ညံ့ဖျင်းပုံကို ကျိတ်ပြီး ကျိန်ဆဲနေမိတယ်။





တစ်နေ့တော့ ကြာဖြူဟာ သူ အလုပ်လုပ်နေတဲ့ ဇွပ်ကျယ် စက်ရုံဟာ ကိုကိုသိုက် မိသားစု ပိုင်ဆိုင်တဲ့စက်ရုံ ဆိုတာ သိခဲ့ရတယ်။

စက်ရုံက မန်နေဂျာမြမြဟာ သူမရဲ့ အဖေတူ မအေကွဲ ညီအစ်မဆိုတာလည်း သိခဲ့ရတယ်။

ဒါပေမဲ့ မြမြကတော့ သူမကို ညီအစ်မလို့ အသိအမှတ် ပြုချင်ပုံမရဘူး။

မြမြ မျက်လုံးတွေမှာ မုန်းတီးမှုတွေကို တွေ့ရတယ်။

ဒီကြားထဲမှာ ကိုကိုသိုက်ဟာ ကြာဖြူ့ဘဝယောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သတိရအောင် အစွမ်းကုန် ကြိုးပမ်းခဲ့တယ်။

ငယ်စဉ်က ကြာဖြူနဲ့အတူ အမှတ်တရရိုက်ခဲ့တဲ့ ဓါတ်ပုံလေးတွေကို ကြာဖြူက တအံ့တသြကြည့်ပြီး

"ဓါတ်ပုံထဲက ကောင်မလေးက ကျွန်မနဲ့ တော်တော်တူတယ်၊ ဒါပေမဲ့ ကျွန်မ မဟုတ်တာသေချာတယ်"

လို့ဆိုလိုက်တော့ ကိုကိုသိုက်က အားမလို အားမရနဲ့

"ကြာဖြူမှ ကြာဖြူ အစစ်ပါ၊ ဘာဖြစ်လို့ ကြာဖြူ မဟုတ်ဘူးလို့ ပြောနိုင်ရတာလဲ"

မေးမြန်းလိုက်တော့ ကြာဖြူက

"ကျွန်မပုံဆိုရင် ဓါတ်ပုံကို ကျွန်မ မှတ်မိရမှာပေါ့၊ အခုတော့ ဓါတ်ပုံထဲက ကြာဖြူဆိုတဲ့ ကောင်မလေးကို ကျွန်မ လုံးဝမသိဘူး"

လို့ပြောတယ်။ကိုကိုသိုက်က သက်ပြင်းချပြီး

"ကြာဖြူ အတိတ်ကိုမေ့နေလို့ မမှတ်မိတာပါ၊





ကြာဖြူ မမှတ်မိတာနဲ့ မဟုတ်ဘူးလို့ မငြင်းပါနဲ့"

လို့ မကျေမချမ်းပြောလိုက်တယ်။

ကြာဖြူက ကိုကိုသိုက်ရဲ့ အမူအရာကို သဘောကျဟန်နဲ့ ကြည့်ပြီး

"ရှင်ဟာ ကျွန်မ မသိတဲ့ဓါတ်ပုံတွေ၊ အမှတ်တရပစ္စည်းတွေကိုလာလာပြပြီး ကျွန်မ မသိတဲ့အခါတိုင်း စိတ်ဆိုးနေတယ်၊ ဘာလဲ ကျွန်မကရှင်စိတ်ချမ်းသာအောင် ညာပြောရမှာလား"

လို့ဆိုလိုက်တော့ ကိုကိုသိုက်က ကြာဖြူကို ကြေကွဲဟန်နဲ့ ကြည့်ရင်း

"ကြာဖြူ ညာပြောလိုက်ရင်တောင် ကိုကိုသိုက် ပျော်လွန်းလို့ ရူးမတတ် ဖြစ်သွားမှာပဲ"

လို့ဆိုလိုက်တော့ ကြာဖြူဟာ ကိုကိုသိုက်ကို ကရုဏာသက်ဟန်နဲ့ ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုကျွန်မ သိပ်သနားမိတယ်…. ရှင်ပြောတဲ့ အကြောင်းအရာတွေကို ကျွန်မသိရင် သိပ်ကောင်းမှာပဲ…. ဒါတွေကိုအမှန်တကယ် မသိတာ ကျွန်မကို ခွင့်လွှတ်ပါ…. ကျွန်မလည်း ရှင့်အတွက် ကြေကွဲဝမ်းနည်းမိပါတယ်……၊ ကျွန်မဘဝမှာယောကျ်ားတစ်ယောက်အတွက် ကြေကွဲဝမ်းနည်းမိတာ ဒါပထမဆုံးလို့ ထင်ပါတယ်……."

ကြာဖြူဟာ ဒီစကားတွေကို ကိုကိုသိုက် မသိအောင် ရင်ထဲကပြောနေမိတယ်….။

ကြာဖြူဟာ ကိုကိုသိုက်နဲ့ ဆုံတွေ့ပြီး သူမဘဝ နောက် ကြောင်းကို ပြန်ဖော်ဖို့ ကြိုးစားခဲ့တယ်။

ဒါပေမဲ့ ဒီနေ့အထိ အတိတ်ရဲ့အရိပ်တွေကို မြင်ယောင် ကြည့်လို့ မရသေးဘူး။

ဒီရက်ပိုင်းအတွင်း ကိုကိုသိုက်ဟာ ကြာဖြူကို ခေါ်ပြီး သူ့မိခင်ဒေါ်ပိုက်နဲ့ တွေ့ဆုံပေးခဲ့တယ်။





ဒေါ်ပိုက်ဟာ ကြာဖြူကိုကြည့်ပြီး တအံ့တသြဖြစ်ခဲ့တယ်။

ကြာဖြူ ရုပ်သွင်ကို ကြည့်ပြီး

"ပျောက်ဆုံးသွားတဲ့ ကြာဖြူလေးနဲ့ အံ့သြစရာ ကောင်းလောက်အောင် ရုပ်ဆင်းသဏ္ဌာန်တူပါပေတယ်၊ ဒါပေမဲ့ မိန်းကလေးကိုယ်တိုင် သူ့ကိုယ်သူ ကြာဖြူ မဟုတ်ဘူးလို့ ငြင်းဆန်နေတာခက်တယ်"

လို့မှတ်ချက်ချတယ်။

ကိုကိုသိုက်က သက်ပြင်းချပြီး

"ကြာဖြူက သူ့ဘဝကို သူမေ့နေတာ၊ တစ်နေ့နေ့မှာ ကြာဖြူသတိရလာမယ်လို့ ကျွန်တော်ယုံတယ်"

လို့ဆိုလိုက်တော့ ဒေါ်ပိုက်ဟာ သားဖြစ်သူကို စကား မတုံ့ပြန်ဘဲ ငြိမ်သက်ပြီး တစ်စုံတစ်ရာကို စဉ်းစားနေဟန် ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကိုကိုသိုက်က ကြာဖြူကို နောက်ဆုံးအနေနဲ့ တောင်းဆိုပြန်တယ်။

ကြာဖြူ နေခဲ့တဲ့ဇာတိမြို့လေးကို ခဏလိုက်ခဲ့ပြီး အမှတ်တရ နေရာလေးတွေကို ကြည့်ပြီး ကြာဖြူ မိထွေးဒေါ်စိန်မြ ကြည်နဲ့ တွေ့ဖို့တောင်းပန်ခဲ့တယ်။

ကြာဖြူဟာ ကိုကိုသိုက် တောင်းဆိုတာကို ငြင်းဆန်မယ်ဆိုရင် ကိုကိုသိုက် အကြီးအကျယ် စိတ်ထိ





ခိုက်မှာ စိုးရိမ်တယ်။

ဒါကြောင့် ကိုကိုသိုက်ကို ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်တစ်ကြိမ် ဘယ်တော့မှ ထပ်မတောင်းဆိုဖို့ ကတိတောင်းလိုက်ပြီး သူ့ဆန္ဒကို နောက်ဆုံးအနေနဲ့လိုက်လျောဖို့ ဆုံးဖြတ်လိုက်တယ်။

မြင့်ခိုင်ဟာ ဆန်ကုန်သည် တစ်ယောက်မို့ မကြာခဏ ခရီးထွက်နေတတ်တယ်။

ကြာဖြူဟာ မြင့်ခိုင်ကို မပြောဘဲ ကိုကိုသိုက်နဲ့ တိတ်တဆိတ်လိုက်ခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါဟာ ကိုကိုသိုက်အတွက် ကြာဖြူနဲ့ ပတ်သက်တဲ့ နောက်ဆုံးအခွင့်အရေးပါပဲ…။

ဒါပေမဲ့ ကိုကိုသိုက်ရဲ့ ကြိုးစားမှုတွေ သဲထဲရေသွန်ဖြစ်ခဲ့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်ဟာ ဓာတ်မြို့ကို ခေါ်ပြီး ကြာဖြူကို အမှတ်တရနေရာလေးတွေ အကုန်လိုက်ပြတယ်။

မြို့ပြင် ဆုတောင်းပြည့်စေတီကို ခေါ်သွားပြီး ဆို့နင့်ကြေကွဲစွာနဲ့

"ဒီနေရာမှာ ကိုကိုသိုက်တို့ မကြာခဏ ချိန်းတွေ့ကြတယ်လေ··ကြာဖြူကို ဒီနေရာမှာပဲ ချစ်ရေးဆိုခဲ့တယ်"

ဆိုတော့ ကြာဖြူဟာရီဝေတဲ့ မျက်လုံးတွေနဲ့





ဆုတောင်းပြည့်စေတီ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်တယ်။

ဒါပေမဲ့ ကြာဖြူကို ကြည့်ရတာ အတိတ်ကို သတိပြန်ရဟန် မရှိပါဘူး။

ကိုကိုသိုက်ဟာ ကြာဖြူတက်ခဲ့တဲ့ ကျောင်းလေးကို လိုက်ပြပြီး

"ဒီနေရာလေးမှာ ကြာဖြူကို ကိုကိုသိုက် လာကြိုလေ့ရှိတယ်၊ ကြာဖြူ မမှတ်မိဘူးလား"

ဆိုတော့ ကြာဖြူက ကိုကိုသိုက်ကို ကရုဏာ သက်ဟန်နဲ့ ကြည့်ပြီး ခေါင်းခါယမ်းပြတယ်။

ကိုကိုသိုက်ဟာ သူ့ရဲ့ မျှော်လင့်ချက် ရွှေတောင်ကြီး ပြိုကျသွားသလို ခံစားရတယ်။

သူ့အတွက် ကြာဖြူကို သူနေထိုင်တဲ့ အိမ်ကို ခေါ်သွားရုံကလွဲလို့ အခြားနည်းမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မြကြည်ဟာ ကြာဖြူကိုမြင်မြင်ချင်း မင်းသမီး ရှုံးလောက်တဲ့အမူအရာနဲ့

"အမလေး..ကြာဖြူနဲ့တူလိုက်တာ..သမီးလေး သေရာက ထပြီး ပြန်လာသလား အောက်မေ့ရတယ်"

လို့ဆိုလိုက်တယ်။

ကြာဖြူဟာ ဒေါ်စိန်မြကြည်ကိုလည်း မှတ်မိဟန် မရှိဘဲ သူစိမ်းတစ်ယောက်လိုကြည့်ရှုနေတယ်။

ကိုကိုသိုက်က ဒေါ်စိန်မြကြည်ကို နာကြည်းဟန်နဲ့ ကြည့်ပြီး

"သေရာကထပြီး ပြန်လာတာ မဟုတ်ဘူး၊ ဒါဟာ ကြာဖြူအစစ်ပဲ အဒေါ်"

လို့ဆိုလိုက်တော့ ဒေါ်စိန်မြကြည်က ခေါင်းခါယမ်း လိုက်ပြီး

"ကြာဖြူ အစစ်ဆိုတာတော့ အဒေါ် လက်မခံဘူး၊





သူသာကြာဖြူ အစစ်ဆိုရင် ကိုယ့်အမေ ကိုယ်အစ်မကို မသိဘဲ နေမလား၊ ကြာဖြူအစစ် မဟုတ်လို့ ဘာမှ မသိ တာပေါ့"

လို့ငြင်းဆန်လိုက်တော့ ကိုကိုသိုက်က

"သူ့မှာ အတိတ်မေ့တဲ့ဝေဒနာကို ခံစားနေရတယ်၊ ဒီမှာ သူဟာ ကြာဖြူအစစ် မဟုတ်ဘူးဆိုရင် သူဘာလို့ အဒေါ်သား မြင့်ခိုင်နဲ့အတူ ရှိနေရတာလဲ"

လို့ဆိုလိုက်တော့ ဒေါ်စိန်မြကြည်ဟာ မျက်နှာပျက် သွားပြီး

"ဒီမှာ..မြင့်ခိုင်ကို အဒေါ်သားလို့ ဘယ်တော့မှ မပြောနဲ့၊ သူ့ကို သားတစ်ယောက်လို အသိအမှတ်ပြု မထားတာကြာပြီ၊ သူဟာ မိဘစကားကို နားမထောင်ဘဲ အိမ်က ထွက်သွားတာ နှစ်ပေါင်းများစွာ ကြာနေပြီ၊ သူနဲ့တို့ အဆက်အသွယ်လည်း မရှိဘူး၊ သူဘယ်ကိုရောက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း တို့မသိဘူး၊ သူဟာ ဒီမိန်းကလေးနဲ့ အတူ ရှိနေမယ်ဆိုရင် သူ့အကြောင်းနဲ့ သူရှိလိမ့်မယ်။ မြင့်နိုင်နဲ့ အတူတူနေတိုင်း ဒီမိန်းကလေးကို ကြာဖြူဆိုပြီး အခေါ်က အသိအမှတ်ပြုမပေးနိုင်ဘူး”

လို့ ယတိပြတ် ငြင်းဆန်လိုက်တယ်။

သူတို့ စကားတွေကို ကြာဖြူက မျက်လုံးအဝိုင်းသားနဲ့ နားထောင်နေပြီး အပြန်လမ်းမှာ ကြာဖြူက

“အစ်ကို မြင့်နိုင်ဟာ ချမ်းသာ ကြွယ်ဝတဲ့ မိသားစုက ကြီးပြင်းလာတယ်ဆိုတာ မယုံနိုင်စရာပဲ၊ အံ့သြစရာ ကောင်းလိုက်တာ၊ ဒီအကြောင်းတွေကို အစ်ကို မြင့်နိုင်ဘာဖြစ်လို့ ထိန်ချန်ထားသလဲ မသိဘူး”

လို့ဆိုလိုက်တော့ ကိုကိုသိုက်က သက်ပြင်းချပြီး

‘သူတို့မှာ မရိုးသားတဲ့ အကြံရှိလို့ပေါ့ကွာ၊ တကယ်တော့ ကြာဖြူကို ဆင်းဆင်းရဲရဲနဲ့ မထင်မရှားဘဝလေးမှာ





ကြီးပြင်းစေတာဟာ သေဆုံးသွားတဲ့ ကြာဖြူဖခင် သူဌေး ဦးမြဝင်းနဲ့ သက်ဆိုင်ပုံရတယ်၊ သူတို့ မိသားစုဟာ ကြာဖြူ အမွေတွေကို အပိုင်သိမ်းချင်လို့ ကြံရွယ်တာလဲဖြစ်နိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မြို့ကို ကြာဖြူလိုက်ပြီး ရက်ပိုင်းအတွင်း မြမြဟာ သူ့ရဲ့တပည့်လူမိုက်သုံးယောက်ခြံရံပြီး ကြာဖြူရဲ့အိမ်ကို ရောက်လာတယ်။

အိမ်မှာ ဆန်ကုန်သည် မြင့်ခိုင်နဲ့ ထိပ်တိုက်တွေ့တယ်။ မြင့်ခိုင်ဟာ ညီမဖြစ်သူ မြမြကို ရုတ်တရက် အံ့သြသွားတယ်။ နောက်တော့ မြမြတို့သားအမိရဲ့ ရက်စက်ကြမ်းကြုတ်ပုံကို သတိရပြီးဒေါသတကြီးနဲ့





"နင်တို့သားအမိအလိုကျ မြို့နဲ့ အဝေးဆုံးနေရာမှာ နေခဲ့တယ်လေ၊ ဒါကိုတောင် ငါတို့ကို မကျေနပ်ဘဲ လူမိုက်တွေ ငှါးပြီး အသေသတ်ခိုင်းမလို့လား"

လို့မေးလိုက်တော့ မြမြက မဲ့ပြုံးပြုံးလိုက်ပြီး

"မဟုတ်ပါဘူး၊ အစ်ကို ကျွန်မတို့ကို အထင်လွဲနေတာပါ၊ ဒီနေ့လည်းအရေးကြီးလို့ အစ်ကိုနဲ့ လာတွေ့တာပါ"

လို့ဆိုလိုက်တော့ မြင့်ခိုင်က မြမြကို မျက်မှောင်ကြုတ်ပြီးကြည့်လိုက်တယ်။

ဒီတော့မှ မြမြက ကိုကိုသိုက်နဲ့ ကြာဖြူ ဓာတ်မြို့ကို ပြန်လာပြီး ဒေါ်စိန်မြကြည်တို့ သားအမိနဲ့ တွေ့ဆုံသွားကြောင်း ပြောပြလိုက်တဲ့အခါ မြင့်ခိုင်ဟာ ထိတ်လန့်အံ့သြသွားတယ်၊

မြမြကမြင့်ခိုင်ကို အကဲခတ်သလို ကြည့်လိုက်ပြီး

"အစ်ကို အံ့သြသွားပြီမဟုတ်လား၊ ကိုကိုသိုက် ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ခြေလှမ်းသွက်နေတာ အစ်ကို မသိတာ အံ့ပါရဲ့၊ ကြာဖြူကို ဒီအတိုင်းဆက်ပြီးလွှတ်ထားရင် သူ့အတိတ်တွေကို ပြန်သတိရပြီး ကိုကိုသိုက် အနောက်ကို ကောက်ကောက်ပါအောင်လိုက်သွားနိုင်တယ်''

လို့ဆိုတဲ့အခါမြင့်ခိုင်က ခေါင်းခါယမ်းပြီး

'ဒီအကြောင်းတွေကို ငါ တစ်ခုမှ မသိဘူး၊ ကြာဖြူ ဘာကြောင့် ငါ့ကို ထိန်ချန်ထားတာလဲ မသိဘူး''

လို့ပြောတယ်။

မြမြက မြင့်ခိုင်ကို မျက်လုံးမှေးစင်း ကြည့်လိုက်ပြီး

''အစ်ကို ကြာဖြူကို လက်လွှတ် မဆုံးရှုံးချင်ဘူးဆိုရင် သူ့ကို ကိုကိုသိုက်ရဲ့ စွပ်ကျယ်စက်ရုံမှာ အလုပ် ဆက်မလုပ်ခိုင်းနဲ့တော့''

လို့ဆိုလိုက်တော့ မြင့်ခိုင်က အံကိုကြိတ်ပြီး

''ကောင်းပြီ··ကြာဖြူကို စွပ်ကျယ်စက်ရုံက ထွက်





ခိုင်းလိုက်တော့မယ်''

လို့ကတိပေးလိုက်တော့ မြမြဟာ သူမ အလိုကျ ဖြစ်သွားတဲ့အတွက် သဘောကျပြီး ပြန်သွားတယ်။

မြင့်ခိုင်ဟာ မြမြသူ့ကို ရန်တိုက်ပေးခဲ့တဲ့

'ဒီအတိုင်း ဆက်သွားရင် ကြာဖြူ ကိုကိုသိုက် အနောက်ကိုပါသွားလိမ့်မယ်'

ဆိုတဲ့ စကားကို နားထဲက မထွက်ဘူးဖြစ်နေတယ်။

ဒါကြောင့် ကြာဖြူ စက်ရုံက ပြန်လာချိန်မှာ မြင့်ခိုင် ပေါက်ကွဲတော့တယ်။

''ရက်စက်လိုက်တာ ညီမရယ်··အစ်ကိုကတော့ ညီမကိုချစ်လိုက်ရတာ၊ ညီမက အစ်ကို ရင်ခွင်ထဲက ရုန်းထွက်ဖို့ ပြင်နေပြီပေါ့၊ အစ်ကိုနဲ့ နေရတာ မပျော်ပိုက်တော့ဘူးပေါ့··ဒီမှာ အစ်ကိုရင်ခွင်ထဲက ညီမ ထွက်သွားပြီးရင် အစ်ကို့အလောင်းကိုပဲ ညီမ ပြန်တွေ့ရလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြေကွဲစွာ ပြောဆိုနေတယ်။

ကြာဖြူက မြင့်နိုင်ရဲ့ ပခုံးကို ဖက်ပြီး

"အစ်ကိုရင်ခွင်ထဲက ခွဲထွက်ချင်လို့ မဟုတ်ပါဘူး၊ ညီမရဲ့အတိတ်ကအရိပ်ကို ကွဲကွဲပြားပြား သိချင်လို့ပါ၊ အခု လည်း ညီမဘဝကို ညီမ သိပါပြီ၊ ညီမ အတိတ်က အရိပ် တွေကို ပြန်မမြင်နိုင်တော့ဘူး"

လို့ဆိုလိုက်တော့ မြင့်နိုင်ဟာ အနည်းငယ် စိတ်သက်သာရာ ရသွားပြီး

"ဒါဆိုရင် ကိုကိုသိုက် ဆိုတဲ့သူနဲ့ ညီမ မတွေ့တော့ဘူးပေါ့"

လို့ဆိုလိုက်တော့ ကြာဖြူက သက်ပြင်းချပြီး ခေါင်းခါယမ်းကာ

"သူ့ချစ်သူဟာ ညီမမှမဟုတ်တာ၊ ညီမနဲ့သူတွေ့စရာ အကြောင်း မရှိတော့ပါဘူး"





လို့ပြောလိုက်တယ်။

ဒီတော့ မြင့်နိုင်က စိတ်အားတက်ကြွဟန်နဲ့

"ဒါဆိုရင် အစ်ကို စကားကို ညီမ နားထောင်ရမယ်၊ ညီမ ကိုကိုသိုက်ရဲ့ စက်ရုံက ထွက်လိုက်ပေတော့၊ ညီမ ဒီစက်ရုံမှာ အလုပ်လုပ်နေသရွေ့ အစ်ကို စိတ်မချဘူး"

လို့ဆိုလိုက်တော့ ကြာဖြူဟာ မျှော်လင့်ချက်တွေနဲ့ တက်ကြွနေတဲ့ ကိုကိုသိုက်ရဲ့ မျက်နှာကို မြင်မိပြီး ရင်ထဲမှာ နာကျင်သွားတယ်။

ကိုကိုသိုက်ရဲ့ ကြာဖြူ အစစ်မဟုတ်ဘဲ သူ့ အနားမှာ နေလည်း အတုအယောင်ပဲ ဖြစ်တော့မှာပေါ့....။

နောက်ပြီး သူ့အနားမှာလည်း မြမြဆိုတဲ့ မိန်းမက အရံသင့် ရှိနေတာပဲ....

ကိုကိုသိုက်အတွက် ကြာဖြူ အတုအယောင် မလိုပါဘူး....။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြင့်နိုင် တောင်းဆိုတဲ့ အတိုင်း စက်ရုံက အလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကြာဖြူရဲ့ ဆုံးဖြတ်ချက်ကြောင့် မြင့်နိုင်ကတော့ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားတယ်။





ကိုကိုသိုက် ကြာဖြူကို ဇာတိမြို့ကို ခေါ်လာပြီး နောက်ပိုင်း ဒေါ်စိန်မြကြည်ဟာ ကိုကိုသိုက် မိခင် ဒေါ်ပိုက်နဲ့တွေ့ပြီး ကိုကိုသိုက်ရဲ့ ကြာဖြူအပေါ် စွဲလမ်းတဲ့ စိတ်ကို ချဲ့ကားပြီးပြောတယ်။

ကိုကိုသိုက်ရဲ့ စိတ္တဇကို ဒီအတိုင်း ဆက်ပြီးပစ်ထားမယ်ဆိုရင် ရူးသွပ်တဲ့အဆင့်ထိအောင် ရောက်သွားနိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။

ဒေါ်ပိုက်ဟာ ဒေါ်စိန်မြကြည်ရဲ့ ကုန်းချောစကားကို နားဝင်ပြီး ကိုကိုသိုက်နဲ့ မြမြကို တစ်လအတွင်း လက်ထပ်ပေးဖို့ စီစဉ်ခဲ့တယ်။

ကိုကိုသိုက်ဟာ မိခင်ရဲ့ဆန္ဒကို ငြင်းဆန်ဖို့ ကြိုးစားပေမဲ့ သူ့ဘက်မှာ ကြာဖြူကိုယ်တိုင် ရှိမနေတဲ့အတွက် အခက်တွေ့နေခဲ့တယ်။

ကိုကိုသိုက်ဟာ သူ့ရဲ့ နောက်ဆုံးအချိန်တွေမှာ ကြာဖြူနဲ့ပတ်သက်ပြီး ကြိုးပမ်းဖို့ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ ကြာဖြူက စက်ရုံကအပြီးအပိုင်ထွက်သွားပါပြီ။

ကိုကိုသိုက်ဟာ နောက်ဆုံးအနေနဲ့ ကြိုးပမ်းချင်လို့ ကြာဖြူရဲ့အိမ်ကို လိုက်သွားခဲ့တယ်။

ကံကောင်းထောက်မလို့ အိမ်မှာ မြင့်ခိုင်ရှိမနေခဲ့ဘူး။





ကြာဖြူဟာ အိမ်ကို ကိုကိုသိုက် လိုက်လာတာ မြင်တော့အံ့သြသွားပြီး

"ရှင်…ဘာဖြစ်လို့ လိုက်လာတာလဲ….ရှင်နဲ့ ကျွန်မအတွက် အရာအားလုံး ပြီးဆုံးသွားပြီလေ.."

လို့ဆိုလိုက်တော့ ကိုကိုသိုက်က

"ကိုကိုသိုက် မြမြနဲ့လက်ထပ်ရတော့မယ် ကြာဖြူ..တစ်လတောင် မရှိတော့ဘူး"

လို့ဆိုလိုက်တော့ ကြာဖြူ ရင်ထဲမှာ တစ်စုံတစ်ရာ ဆုံးရှုံးလိုက်သလို ခံစားလိုက်ရတယ်။

ဒါပေမဲ့ သူမက ကြာဖြူ အစစ်မှ မဟုတ်တာပဲ..

အတုအယောင် မလုပ်ချင်ပါဘူး..

ကြာဖြူက ရင်ထဲက အပူရှပ်ကို ကိုကိုသိုက် မမြင်စေဘဲ ….

"ဒါဟာ ရှင့် အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

လို့ဆိုတော့ ကိုကိုသိုက်က

''မချစ်မနှစ်သက်တဲ့ သူနဲ့ ပေါင်းဖက်ရတာ ဒုက္ခ တစ်ခု ဆိုတာ ကြာဖြူမသိဘူးလား''

လို့ဆိုလိုက်တော့ ကြာဖြူက ခေါင်းခါယမ်းပြီး

''ကျွန်မက ကြာဖြူမှ မဟုတ်တာ၊ ကျွန်မ နံ့မည် မပန်းချစ်....''

လို့ဆိုလိုက်တယ်။

ကိုကိုသိုက်က ခေါင်းခါယမ်းပြီး

''ညီမက ကြာဖြူ အစစ်ဆိုတာ နတ်ကောင်းနတ်မြတ် တွေသိပါတယ်၊ အစ်ကိုတို့ အချစ်ရေးမှာ ဘာကြောင့်များ နတ်ကောင်းနတ်မြတ်တွေ ဝင်မကူသလဲ မသိဘူး''

လို့ရေရွတ်လိုက်တော့ ကြာဖြူ ရင်ထဲမှာ ဆို့နင့်သွား ရတယ်။





ဒီလိုနဲ့ ကိုကိုသိုက်ဟာ ကြာဖြူရဲ့ အိမ်ကလေးမှာပဲ နေ့စဉ်အချိန်ကုန်နေတယ်။

ကြာဖြူဟာ ကိုကိုသိုက်ကို တားဆီးချင်ပေမဲ့ သူမ ကိုယ်တိုင်လည်း ခွန်အားမဲ့နေသလို ဖြစ်နေတယ်။

ဒါဟာ ကိုကိုသိုက်နဲ့ သူမအတွက် နောက်ဆုံး အချိန် လေးတွေလေ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက် ကြာဖြူဆီမှာ နေ့စဉ်ရက်ဆက် အချိန်ကုန်နေတာကို မြမြဟာ သူမရဲ့ တပည့်တပန်းတွေဆီက တစ်ဆင့်ကြားရလို့ ဒေါသပုန်ထနေမိတယ်။

သူမရဲ့ တပည့်တပန်းတွေက ကိုကိုသိုက်နဲ့ ကြာဖြူ တိတ်တိတ်ပုန်း ညားနေပြီလို့သာသာထိုးထိုး ပြောဆိုတဲ့အခါ မြမြဟာ ရူးမတတ် ဖြစ်သွားတယ်။





တစ်နေ့တော့ မြမြဟာ သူတို့ နှစ်ယောက်ရဲ့ မင်္ဂလာပွဲအတွက် လက်ထပ်လက်စွပ်ကို ရိုးကုမဏီမှာ သွားဝယ်ဖို့ ကိုကိုသိုက်ကို တောင်းတောင်းပန်ပန်နဲ့ သေချာချိန်းဆိုတယ်။

ဒါပေမဲ့ ကိုကိုသိုက်ကတော့ သူမ စကားကို ဂရုစိုက်သူ မဟုတ်တဲ့အတွက် ကြာဖြူအနားမှာပဲ နေထိုင်ခဲ့တယ်။

မြမြဟာ ကိုကိုသိုက်ရဲ့ အပြုအမူကို နာကျင်လွန်းလို့ ရှိက်ကြီးတငင် ငိုကြွေးခဲ့တယ်။

လက်ထပ်မဲ့ ရက်ကတစ်ရက်ပြီး တစ်ရက်နီးကပ်လာပြီ။

လက်ထပ်ကာနီး တစ်ရက်အလိုမှာ ဒေါ်ပိုက်ရဲ့ ပုဏ္ဏားဗေဒင်ဆရာကြီးက သူတို့ စုံတွဲရဲ့ ကံကြမ္မာကို မကြိုက်နှစ်သက်တဲ့အတွက် သူတို့နှစ်ယောက်စလုံးကို ကိုယ်တိုင်တွေ့လိုကြောင်း ပြောဆိုခဲ့တယ်။

ဒီတစ်ခါတော့ မြမြတစ်ယောက်တည်း မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိုက်ကိုယ်တိုင် ကိုကိုသိုက်ကိုအရေးတကြီးမှာကြားခဲ့တယ်။

ဒါပေမဲ့ ကိုကိုသိုက်ကတော့ မြမြဆီကို ရောက်မလာဘဲ ကြာဖြူရဲ့ အိမ်ကလေးမှာပဲ အချိန်ကုန်နေမိတယ်။

သူတို့နှစ်ယောက်အတွက် ဒီနေ့ဟာ နောက်ဆုံးနေ့လေးပဲ... ဗေဒင်ဆရာဆီမှာ အချိန်ကုန် မခံနိုင်ပါဘူး။





မြမြအတွက် မင်္ဂလာ မဆောင်မီနေ့က နှလုံးသားတွေ ကွဲကြေတဲ့နေ့ပဲ။

ကိုကိုသိုက် ဒီလိုသာ ဆက်ပြီး မထေမဲ့မြင်ပြု နေရင် သူမရဲ့ အိမ်ထောင်ရေး ဘယ်လို သာယာတော့မှာလဲ.....

ဒါဟာ ကြာဖြူဆိုတဲ့ကောင်မ ရှိနေလို့ ဖြစ်တာလို့ ဒေါ်စိန်မြကြည်က ဒေါသတကြီး မှတ်ချက်ချတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြမြက ဝေဝါးနေတဲ့ မျက်လုံးတွေနဲ့ မိခင်ကို ကြည့်ပြီး

"ဟုတ်တယ်အမေ..ဒီကောင်မက သမီးတို့ အိမ်ထောင်ရေးအတွက် အနှောက်အယှက်ဖြစ်နေပြီ"

ဒေါ်စိန်မြကြည်က အံကိုကြိတ်ပြီး

"ဒင်းကို ..ဝင်းမြင့်တို့ရှင်းပစ်ဖို့လုပ်တုန်းက လွတ်သွားတာနာတယ်၊ ဒီတုန်းကရှင်းပစ်လိုက်ရင် တစ်ခါတည်း ပြတ်ပြီ"

လို့ပြောလိုက်တော့ မြမြက

"အခုလဲ နောက်မကျသေးပါဘူး အမေ..ကျွန်မ သူ့ကို သိပ်မုန်းတယ်၊ ဒီကောင်မ တစ်သက်လုံး ကျွန်မကို ဒုက္ခပေးလာခဲ့တာများပြီ၊ သည်းမခံနိုင်တော့ဘူး"

လို့ဆိုလိုက်တော့ ဒေါ်စိန်မြကြည်က မြမြကို ကြည့်ပြီး

"သည်းမခံနိုင်တော့ ညည်းက ဘာလုပ်မှာလဲ"





လို့မေးလိုက်တယ်။

မြမြက အနီးမှာ ရပ်ကြည့်နေတဲ့ လူမိုက်နှစ်ယောက်ကို ကြည့်ပြီး

"နင်တို့ငါနဲ့ လိုက်ခဲ့ကြ"

လို့ခေါ်ပြီး အခန်းထဲက ထွက်ဖို့ ပြင်တယ်။

ဒေါ်စိန်မြကြည်က မြမြတို့ကို ကြည့်ပြီး

"ပိပိရိရိလုပ်ခဲ့ကြဟေ့၊ ငါအသက်ကြီး နေလို့ အသက်သာငယ်သေးရင် နင်တို့နဲ့ လိုက်ပြီး ဒီကောင်မကို ရှင်းတယ်"

လို့ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြမြတို့ စီးလာတဲ့ ဂျစ်ကား ကြာဖြူတို့ လမ်းထိပ်က အမှောင်ရိပ်မှာ ရပ်စောင့်နေတုန်း ကိုကိုသိုက်ရဲ့ အော်စလိကားနက်ကြီးလမ်းထဲက ထွက်လာတယ်။

မြမြဟာ ကိုကိုသိုက်ရဲ့ ကားကို မြင်တော့ ကြာဖြူ အပေါ်ကိုအမုန်းစိတ်တွေ ပိုတိုးသွားတယ်။

ခဏကြာတော့ မြမြတို့ ဂျစ်ကားဟာ ကြာဖြူ အိမ်ရှေ့ကို ရောက်သွားတယ်။





ဒီအချိန်မှာ ကြာဖြူဟာ ကိုကိုသိုက်နဲ့ ဘယ်တော့မှ မတွေ့ရတော့ဘူးဆိုတဲ့အသိနဲ့ ဘုရားစင်ရှေ့မှာ တရှုံ့ရှုံ့ငိုယိုနေတယ်။

ဒီအချိန်မှာ ဝန့်တို စိတ်ကြီးတဲ့မြမြဟာ လူမိုက် နှစ်ယောက် ခြံရံပြီး အနောက်က ရောက်လာတယ်။

မြမြက ကြာဖြူကို မုန်းတီးရွံရှာဟန်နဲ့ ကြည့်ပြီး

"မိန်းမယုတ်မ..မနက်ဖြန် သူများနဲ့လက်ထပ်ရမဲ့ ယောကျ်ား တစ်ယောက်ကိုနောက်ဆုံး အချိန်မှာတောင် နှင်မြူဆွယ်နေသေးတယ်ပေါ့"

လို့ ဆိုလိုက်တော့ ကြာဖြူက မြမြနဲ့လူစိမ်းတွေကို တအံ့တသြကြည့်ပြီး

"ဟင်..ရှင်တို့ ကျွန်မ အိမ်ထဲကို ဘာလို့ ဝင်လာခဲ့တာလဲ"

လို့မေးမြန်းလိုက်တော့ မြမြက



www.burmeseclassic.com

www.burmeseclassic.com



“သူများလင်ကို ကြောင်တောင်နိုက်ရဲတဲ့ မိန်းမကို ဆုံးမ မလို့ဟေ့”

လို့ပြောပြီး လက်ထဲမှာပါလာတဲ့ နှစ်တစ်လက်မ တုတ်နဲ့ ကြာဖြူ့ခေါင်းကို လှမ်းရိုက်လိုက်တယ်။

ကြာဖြူဟာတုတ်နဲ့ ရိုက်ခံရလို့ အားခနဲအော်ပြီး ယိမ်း ယိုင်သွားတယ်။

အမုန်းစိတ်မွှန်နေတဲ့ မြမြကတော့ တစ်ချက်နဲ့ မကျေနပ် နိုင်သေးဘဲ တုတ်နဲ့တစ်ချက်ပြီး တစ်ချက် ဆက်ရိုက်လိုက်တာ ကြာဖြူ ခေါင်းတစ်ခုလုံးသွေးချင်းချင်းနီပြီး မြေပေါ်ကို လဲ ကျသွားတယ်။

လူမိုက်တစ်ယောက်က လဲကျသွားတဲ့ ကြာဖြူကို စမ်းသပ်ကြည့်ပြီး

“အသက်တော့ မသေသေးဘူး၊ ဒါပေမဲ့ ဒီအတိုင်း ထားရင် သွေးလွန်ပြီး သေနိုင်တယ်”





လို့ပြောတဲ့အခါ မြမြက

“ဒီကောင်မ သေမှကို ဖြစ်မယ်၊ သူ့ကို တစ်ခါတည်း အပြတ်ရှင်းမှဖြစ်မယ်”

လို့ဆိုပြီး ကြာဖြူကို အသေသတ်ဖို့ကြံလိုက်တယ်။

ဒီအချိန်မှာပဲ ကြာဖြူ အိမ်က မီးရထားသံလမ်းနဲ့ နီးတယ်ဆိုတော့ မီးရထား ဖြတ်သွားတဲ့အသံ တဝေါဝေါကို ကြားရတယ်။

မြမြဟာ မီးရထားသံကြောင့် ရက်စက်တဲ့အကြံ အစည်တွေ ခေါင်းထဲ ဝင်လာပြီး

“ဟုတ်ပြီ…ဒီကောင်မ အသေဆိုးနဲ့ သေစေရမယ်၊ နင်တို့နှစ်ယောက် ဒီကောင်မကိုဝိုင်းသယ်ပြီး သံလမ်းမှာ ပစ်ချလိုက်… မီးရထားကြိတ်လို့ အပိုင်းပိုင်း ပြတ်သွား ရင်ပြီးပြီ”

လို့ပြောပြီး ရင်ထဲမှာ ဖော်မပြနိုင်အောင် ကျေနပ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူမရဲ့ အချစ်ခရီးလမ်းမှာ ဘယ်လို အနှောက် အယှက်အတားအဆီးမှမရှိတော့ဘူး··။





ဟုတ်ပြီ...ဒီကောင်မ အသေသိုးနဲ့ သေစေရမယ်၊

နင်တို့နှစ်ယောက် ဒီကောင်မကိုပိုင်းသာယ်ပြီး

သံလမ်းမှာ ပစ်ချလိုက်...

မီးရထားကြိတ်လို့ အပိုင်းပိုင်း ပြတ်သွား ရင်ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်နဲ့ မြမြရဲ့ မင်္ဂလာပွဲကို စထရင်း ဟိုတယ်မှာ ကျင်းပတယ်။

အချိန်တိုလေးအတွင်းမှာ စီစဉ်ရတယ်ဆိုတော့ ခမ်းခမ်းနားနားတော့ မလုပ်လိုက်ရဘူး။

ဒါပေမဲ့ သူဌေးဒေါ်သိုက်ရဲ့ အရှိန်နဲ့ ပရိသတ်အတော်လာကြတယ်။

မြမြဟာ မင်္ဂလာပွဲမှာ အရှင်လန်း အတက်ကြွဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် နေတယ်။

ဒီနေ့ သတင်းစာထဲမှာ သယ်န်းကျွန်းဘူတာအနီးမှာ အမည်မသိမိန်းမတစ်ယောက် ရထားကြိတ်ခံရတဲ့သတင်းကို ဖတ်ပြီး သူအလွန်ပျော်ရွှင်နေတယ်။

ကြာဖြူဆိုတဲ့ကောင်မ ငရဲပြည်ကို ရောက်သွားပြီ။

ကိုကိုသိုက်နဲ့ သူကြားမှာ ဘယ်တော့မှ နှောင့်ယှက်လို့ မရတော့ဘူး။

ကိုကိုသိုက်ကတော့ မင်္ဂလာသတို့သားနဲ့မတူဘဲ မျှော်လင့်ချက်မဲ့နေတဲ့လူတစ်ယောက်နဲ့တူတယ်။

ဒါပေမဲ့ သူ မကြာမီ ပျော်လာစေရမယ်လို့ မြမြက စိတ်ထဲကကြိတ်ပြီး ကြုံးဝါးထားတယ်။

မင်္ဂလာပွဲလာ ပရိသတ်တွေ တဖွဲဖွဲ ရောက်လာ ကြလို့ ကိုကိုသိုက်နဲ့မြမြမင်္ဂလာခန်းမကြီးထဲကို ယှဉ်တွဲပြီး ထွက်ကြတယ်။





သူတို့ အနောက်မှာ သူငွေးဒေါ်ပိုက်နဲ့ ဒေါ်စိန်မြကြည်တို့ လိုက်ပါလာတယ်။

သတို့သမီး သတို့သား စင်မြင့်ပေါ်က ထိုင်ခုံ အသီးသီးမှာ နေရာယူလိုက်တော့ ဘိသိတ်ဆရာကြီးက မင်္ဂလာ အစီအစဉ်စတင်ကြောင်း ကြေညာဖို့စီစဉ်လိုက်တယ်။

ဒီအချိန်မှာပဲ ခေါင်းမှာ ပတ်တီး အထပ်ထပ် စီးထားတဲ့ ကြာဖြူဟာ မင်္ဂလာခန်းမကြီးထဲကိုရုတ်တရက် ဝင်ရောက်လာလို့ မင်္ဂလာခန်းမကြီးတစ်ခုလုံးရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။

မြမြဟာ ကြာဖြူကို အရှင်လတ်လတ် မြင်လိုက်ရလို့ သရဲချောက်ခံရသလို တုန်လှုပ်သွားတယ်။

ကိုကိုသိုက်က ကြာဖြူ ခေါင်းမှာ ပတ်တီး အထပ်ထပ်စီးထားတာကို မြင်တော့ စိုးရိမ်တကြီးနဲ့ ထိုင်ရာကထပြီး

"ကြာဖြူ..ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့မေးမြန်းလိုက်တယ်။

ကြာဖြူက လူသွားလမ်း အတိုင်း လျှောက်လှမ်းလာပြီး မြမြကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"ကျွန်မ ခေါင်းကဒဏ်ရာတွေက ဟောဒီ သတို့သမီးရဲ့လက်ချက်ပေါ့၊ မနေ့ညက သတို့သမီးနဲ့ တပည့်တွေဟာ ကျွန်မ အိမ်ထဲကို ကျူးကျော်ဝင်လာပြီး ကျွန်မကို သတို့သမီးကိုယ်တိုင် ရက်ရက်စက်စက်ရိုက်နှက်ခဲ့တယ်၊ ဒါပေမယ့် အဆိုးထဲက အကောင်းဆိုသလို ကျွန်မ ခေါင်းကို သေလုမြောပါး အရိုက်ခံရလို့ ကျွန်မရဲ့ အတိတ်မေ့ဝေဒနာ ပျောက်ကင်းသွားခဲ့တယ်၊ သူတို့ဟာ ကျွန်မကို သေလုမြောပါး ရိုက်နှက်ပြီး မေ့မြောသွားတော့ ကျွန်မကို မီးရထားသံလမ်းမှာ ရက်ရက်စက်စက်ထားခဲ့တယ်၊ မေ့မြောနေတဲ့ ကျွန်မကို ရထားကြိတ်ကာနီးမှာ စိတ်မနှံ့တဲ့ မိန်းမကြီးတစ်ယောက်က ကယ်တင်ခဲ့ရတယ်၊ ဒါကြောင့် မင်္ဂလာပွဲဖျက်ပြီး မိန်းမယုတ်





ကို ပုလိပ်လက်အပ်ဖို့ ကျွန်မ ဆေးရုံက အတင်းခိုးဆင်းလာခဲ့တာပါ"

လို့ဆိုလိုက်တော့ ပရိသတ်တွေ အားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြတယ်။

ကိုကိုသိုက်က မြမြကို ဒေါသတကြီးကြည့်ပြီး

"မြမြ မင်းယုတ်မာလှချည်လား၊ မင်းလိုကောက်ကျစ်တဲ့မိန်းမနဲ့ ငါမင်္ဂလာ မဆောင်နိုင်ဘူး၊ မင်္ဂလာပွဲကို ငါ့ဘက်က ဖျက်တယ်ကွာ..."

လို့ဆိုလိုက်တော့ မြမြဟာ နာကြည်းကြေကွဲတဲ့ အမူအရာနဲ့

"ကျွန်မရှင်းပြတာ နားထောင်ပါဦး၊ သူပြောတာ တစ်ခုမှ မဟုတ်ဘူး၊ ဒီမိန်းမဟာ အကြံနဲ့မင်္ဂလာပွဲဖျက်ဖို့ ရောက်လာတာပါ"

လို့ လိမ်လည်ပြောဆိုလိုက်တော့ ပရိသတ်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ ယုံကြည်ရခက်တဲ့အမူအရာနဲ့ ဝိုင်းကြည့်ကြတယ်။

ဒီအချိန်မှာပဲ မင်္ဂလာ ခန်းမထဲကို မြမြရဲ့ လူယုံ အုန်းဆင့် ဝင်ရောက်လာပြီး အုန်းဆင့်က

“ကျွန်တော်က မန်နေဂျာ မြမြရဲ့ လူယုံတော် အုန်းဆင့်ပါ၊ ကျွန်တော်မှာ မြမြ စာတိုက်ကိုပို့ခိုင်းတဲ့ စာ တစ်စောင်ရှိပါတယ်။ ဒီစာကို စာတိုက်ကို ပို့ကာနီး ပျောက် ဆုံးသွားလို့ မပို့ဖြစ်ပါဘူး၊ နောက်တော့ မြမြအတွက် ကံဆိုး စွာနဲ့ ပျောက်ဆုံးနေတဲ့ စာကို ကျွန်တော့်အိမ်မှာ ပြန်တွေ့ပါ တယ်၊ ဒီစာကို ကျွန်တော်ဖတ်ကြည့်လိုက်တော့ အင်မတန် ထိတ်လန့်တုန်လှုပ်သွားပါတယ်။ စာထဲမှာကြာဖြူ ဆိုတဲ့ မိန်းကလေးအပေါ် မြမြတို့သားအမိရဲ့ ကောက်ကျစ် ယုတ်မာပုံတွေကို ကွက်ကွက်ကွင်းကွင်းမြင်တွေ့ရပါတယ်၊ စာက ဟောဒီမှာ ကျွန်တော်နဲ့ အတူပါလာပါတယ်”

လို့ဆိုလိုက်တော့ မြမြတို့ သားအမိဟာ အုန်းဆင့်ကို



BURMESE CLASSIC .com



ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းခဲ့တယ်။

ပရိသတ် အားလုံးလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ တယ်။

ဒီအချိန်မှာပဲ အခန်းထဲကို မြင့်ခိုင် ဝင်ရောက်လာပြန်ပြီး ပရိသတ်များကို ဦးညွှတ်ကာ

“ကျွန်တော်ကတော့ မြမြရဲ့ အစ်ကို အရင်းပါ၊ လွန်ခဲ့တဲ့ ၅ နှစ်လောက်က ကြာဖြူဆိုတဲ့မိန်းကလေး သင်္ဘောမှောက်ပြီး ကျွန်တော်နေတဲ့ ရွာကို ရောက်လာတယ်၊ ကြာဖြူကို ရေထဲက ကယ်တင်ခဲ့တာ ကျွန်တော် ကိုယ်တိုင် ပါဘဲ၊ ကြာဖြူဟာ သင်္ဘောမှောက်ရင်း ရေထဲမှာ တစ်စုံ တစ်ခုနဲ့ ထိခိုက်မိပြီး အတိတ်ဘဝကိုမေ့နေပါတယ်၊ ဒီအကြောင်းတွေကို ကျွန်တော့် အမေနဲ့ နှမသိတော့ ကြာဖြူ ကို အိမ်ကို ပြန်မခေါ်လာခိုင်းဘဲ ကျွန်တော့်ကိုငွေတွေ အများကြီးပေးပြီး အဝေးမှာပဲ တစ်သက်လုံးနေခိုင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ ကြာဖြူရဲ့ စည်းစိမ်ဥစ္စာတွေကို အပိုင်စီးဖို့ ကြံရွယ်ခဲ့တာပါ၊ နောက်ပြီး ကြာဖြူမရှိမှ ကျွန်တော့် ညီမ မြမြနဲ့ ကိုကိုသိုက် အမြန် နီးစပ်မှာမို့ပါ"

လို့ဆိုလိုက်တော့ ပရိသတ်တွေက မြမြတို့ သားအမိကို အထင်သေးဟန်နဲ့ ကြည့်ကြတယ်။

မြင့်နိုင်က ဆက်ပြီး

"ကျွန်တော်ရဲ့ မိုက်မဲမှုကြောင့် ကြာဖြူဟာ ဆင်းဆင်းရဲရဲနဲ့ နှစ်ပေါင်းများစွာ နေခဲ့ရပါတယ်၊ ကျွန်တော်တို့ မိသားစုတစ်ကိုယ်ကောင်းဆန်လို့ ကြာဖြူ အခုလို ဒုက္ခရောက်ခဲ့တာပါ"

လို့ ဖွင့်ဟဝန်ခံလိုက်လို့ ပရိသတ်များဟာ ဒေါ်စိန်မြကြည်တို့ သားအမိရဲ့ ကောက်ကျစ်ယုတ်မာပုံတွေကို မျက်ဝါး ထင်ထင်သိမြင်သွားကြတယ်။

ဒေါ်စိန်မြကြည်တို့ သားအမိလည်း လူပုံအလယ်မှာ





အရှက်တကွဲ အကျိုးနည်းပြီး ခေါင်းမထောင်နိုင်အောင် ဖြစ်ရတယ်။

သူဌေးဒေါ်ပိုက်ဟာ ဒေါ်စိန်မြကြည်တို့ သားအမိကို အလွန်ရှုံ့ရှာသွားလို့ မင်္ဂလာပွဲကို ဖျက်သိမ်းလိုက်ကြောင်းလူပုံအလယ်မှာပဲ ကြေညာလိုက်တယ်။

ဒီအချိန်မှာပဲ ပုလိပ်တွေ ရောက်လာပြီး မြမြနဲ့ အပေါင်း အပါတွေကို ဖမ်းဆီးသွားတယ်။

ကိုကိုသိုက်က ကြာဖြူကို ဆေးရုံ ပြန်တင်ဖို့ လူနာတင်ကားခေါ်နေချိန်မှာ အနီးကို မြမြရဲ့ လူယုံအုန်းဆင့်ရောက်လာပြီး

"ဆရာ ကျေးဇူးကို ကျွန်တော် တစ်သက် မမေ့ပါဘူးဗျာ၊ ဆရာကြောင့် ကျွန်တော် သမီးလေး အသက်ရှင်ရတာပါ"

လို့ တီးတိုးပြောပြီး ထွက်ခွာသွားတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိုက်ဟာ လွန်ခဲ့တဲ့ ညက ကြာဖြူ အိမ်က အပြန်လမ်းမှာ အုန်းဆင့်ရဲ့ သမီးလေး အဖျားရောဂါ ပြင်းထန်ပြီး ကားငှါးမရတာကို သူကိုယ်တိုင် လိုက်ပို့ပြီး ကလေးဆေးကုဖို့ လိုအပ်တဲ့ ငွေကြေးထောက်ပံ့ခဲ့တာကို အမှတ်ရတယ်။ သူ့ စေတနာ ရောင်ပြန်ဟပ်ခြင်းခံလိုက်ရတာပါပဲ....။

အခုတော့... သူတို့အတွက် ဘာမှ မလိုအပ်တော့ပါဘူး..အရာအားလုံးပြီးဆုံးသွားပြီပဲ....။

*ဘာမှမသိသော*

မင်းမြတ်သူရ

BURMESE CLASSIC .com

www.burmeseclassic.com